# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ခိုင်မာမြဲမြံစွာရပ်တည်နိုင်

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့ လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့ လည်းကောင်း ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော် ပူဇော်ကန်တော့ရာ၏။

**အရဟန္တဝဂ်(ဓမ္မပဒ-၉၅)**


၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက် | ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ် (၃၇၃)




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်မည့် ဦးစိုးလင်းဟန်အား လိုအပ်သည့် မူဝါဒများကို လမ်းညွှန်မှာကြားစဉ်။ သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်မည့် ဦးစိုးလင်းဟန်အား လမ်းညွှန်မှာကြား

**နေပြည်တော် အောက်တိုဘာ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်မည့် ဦးစိုးလင်းဟန်အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သမ္မတရုံးခန်း၌ တွေ့ဆုံပြီး လိုအပ်သည့် မူဝါဒများကို လမ်းညွှန်မှာကြားသည်။

**သတင်းစဉ်**


မြန်မာ့စာတိုက် လုပ်ငန်းအကြောင်း တစေ့တစောင်း — ဆောင်းပါး စာ-၆

၂၀၁၈ ခုနှစ် စီးပွားရေးဆိုင်ရာ နိုဘယ်ဆုကို အမေရိကန်နိုင်ငံသားများ ဆွတ်ခူး — စာ-၁၄





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်-မဲခေါင်စီးပွားရေးဖိုရမ်တွင် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၁၀)ကြိမ်မြောက် မဲခေါင် - ဂျပန် ထိပ်သီးအစည်းအဝေးနှင့် ဂျပန် - မဲခေါင် စီးပွားရေးဖိုရမ်သို့ တက်ရောက်မိန့်ခွန်းပြောကြား

**တိုကျို အောက်တိုဘာ ၉**

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ရောက်ရှိနေသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အောက်တိုဘာ ၉ ရက်တွင် (၁၀)ကြိမ်မြောက် မဲခေါင်- ဂျပန် ထိပ်သီးအစည်းအဝေးနှင့် ဂျပန်- မဲခေါင် စီးပွားရေးဖိုရမ်သို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့် အတူ ဒေသစံတော်ချိန် နံနက် ၇ နာရီခွဲတွင် ဂျပန်- မဲခေါင် ပါလီမန်ချစ်ကြည်ရေးအသင်းက Hotel New Otani ၌ တည်ခင်းဧည့်ခံသည့် မဲခေါင်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၏ အလုပ်သဘော နံနက်စာစားပွဲသို့ တက်ရောက်သည်။

အလုပ်သဘော နံနက်စာစားပွဲသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက် ဟွန်ဆန်၊ လာအိုနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယွတ် ချန်အိုချာ၊ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်စွမ်းဖု၊ မဲခေါင်အဖွဲ့ဝင်နိုင်ငံ များမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဂျပန်-မဲခေါင် ပါလီမန် ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

နံနက်စာစားပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့အတူ ဂျပန်နှင့်မဲခေါင်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များက နှုတ်ခွန်းဆက်စကားပြောကြားကြပြီး ဒေသတွင်းနိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ◆

# မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းတွင် ပထမဆုံးအကြိမ် သီးနှံမျိုးစေ့ပြပွဲ ကျင်းပမည်

**မန္တလေး အောက်တိုဘာ ၉**

မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စိုက်ပျိုးတောင်သူများ မျိုးစေ့ဝယ်ယူရာတွင် ကုမ္ပဏီများနှင့် တိုက်ရိုက်ချိတ်ဆက်ဝယ်ယူနိုင်ရန် သီးနှံမျိုးစေ့ပြပွဲကို ဒီဇင်ဘာ ၅ရက်မှ ၆ ရက်အထိ မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းတွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း အောက်တိုဘာ ၈ ရက်က Gold leaf ဟိုတယ်၌ ပြုလုပ်သည့် သီးနှံမျိုးစေ့ပြပွဲဆိုင်ရာပြပွဲ သတင်းစာရှင်းပွဲတွင် ဦးဆောင်ပြုလုပ်မည့် WHH မှ မျိုးစေ့အရောင်းတာဝန်ခံ ဦးမင်းဦးက ပြောသည်။

မျိုးစေ့ပြပွဲကို Welthungerhilfe(WHH) INGO အဖွဲ့အစည်းက ဦးဆောင်ကျင်းပသွားမည်ဖြစ်ပြီး စိုက်ပျိုးရေးဦးစီးဌာနတွင် တရားဝင်ရောင်းချခွင့်ရရှိထားသည့် မျိုးစေ့ကုမ္ပဏီ ၁၇ ခုနှင့် မိတ်ဖက်အဖွဲ့အစည်းများပါဝင်ကာ ဆိုင်ခန်းပေါင်း ၃၀ ဖွင့်လှစ်၍ နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ပြသသွားမည်ဖြစ်ပြီး ပြပွဲတွင် မျိုးစေ့စိုက်ပျိုးရန်အတွက် လိုအပ်သော နည်းစနစ်ပိုင်းဆိုင်ရာများကိုလည်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် စပါး၊ ကုလားပဲ၊ မတ်ပဲ၊ ပဲစင်းငုံ၊ နေကြာ၊ မြေပဲနှင့် စားဖိုဆောင်သီးနှံများ၏ မျိုးစေ့များကို ပြသသွားမည်ဖြစ်ပြီး ယင်းပြပွဲများကို နေပြည်တော်နှင့် ဟဲဟိုးမြို့တို့တွင် ဆက်လက်ပြသသွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အေပီကေ(မန်းကိုယ်ပွား)**




မြန်မာ့အလင်း

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ မြန်မာ့စီးပွားရေးဆိုင်ရာ မိန့်ခွန်း

ဂျပန်နိုင်ငံ၌ ရောက်ရှိနေသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ချိတ်ဆက်ဆောင်ရွက်မှုမြှင့်တင်ရေး ခေါင်းစဉ်ဖြင့်ကျင်းပသည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲ **(Myanmar Investment Conference - ''Strengthening the Bond Between Myanmar and Japan'')** သို့ တက်ရောက်၍ အဖွင့်မိန့်ခွန်း ပြောကြားခဲ့ပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မြန်မာ-ဂျပန်နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သော နက်ရှိုင်းသည့် သမိုင်းဝင်ဆက်ဆံရေးမှတစ်ဆင့် ဂျပန်ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးလုပ်ငန်းရှင်အများစုအနေဖြင့် မြန်မာနိုင်ငံကို ကောင်းစွာနားလည်သဘောပေါက်လိမ့်မည်ဟု ယုံကြည်ပါကြောင်း နိဒါန်းစကားပြောခဲ့ပါသည်။ မကြာသေးမီက အတည်ပြုပြဋ္ဌာန်းလိုက်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီဥပဒေအသစ်တို့သည် ရင်းနှီးမြှုပ်နှံလိုသူတို့အတွက် အလွန်သင့်မြတ်ကောင်းမွန်သည့် ဥပဒေဖြစ်သည်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ထောက်ပြခဲ့ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံအနေဖြင့် မြင်သာထင်သာရှိသည့် ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်သကဲ့သို့ မြင်သာထင်သာမရှိသည့် ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်ခဲ့သည်တို့ကိုလည်း တင်ပြခဲ့ပါသည်။ မြင်သာထင်သာမရှိသော ပြုပြင်ပြောင်းလဲမှု၏ နမူနာအဖြစ် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်နိုင်စေမည့် အကြီးစားစီးပွားရေးစီမံခန့်ခွဲမှုခိုင်မာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မီးမောင်းထိုး ဖော်ပြခဲ့ပါသည်။ တစ်ဆက်တည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မြင်သာထင်သာမရှိသော ပြုပြင်ပြောင်းလဲမှုတို့သည် မြင်သာထင်သာရှိသော ပြုပြင်ပြောင်းလဲမှုများကဲ့သို့ အရေးပါသည်ကိုပါ ထောက်ပြခဲ့ပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံအနေဖြင့် ရှည်ကြာလှသည့် အထီးကျန်သမိုင်းကာလတို့က ချန်ထားခဲ့သည့် သမိုင်းအမွေတို့အား အထူးဦးစားပေး ကိုင်တွယ်ဖြေရှင်းနေရသည်ကို အလေးအနက်ထားပြောကြားခဲ့ပါသည်။ အဆိုပါအချက်ပေါ် အခြေခံ၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံ၏ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးစနစ်များ ကောင်းမွန်စွာလည်ပတ်နိုင်မှသာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းရပ်များ အဆင်ပြေချောမွေ့စေမည့် ပတ်ဝန်းကျင်ကောင်းတစ်ရပ် ဖော်ဆောင်နိုင်မည်ကို အလေးအနက်ထား ဆွေးနွေးတင်ပြခဲ့ပါသည်။ အကြီးစားစီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ တင်ပြရာ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဆွဲဆောင်မှုနည်းသော်လည်း အခြေခံအားဖြင့် အရေးပါဆဲဖြစ်သည့်လုပ်ငန်းတို့အား ပြည်သူတို့၏အကျိုးကို ရည်မျှော်လျက် ရဲဝံ့စွာ ဆုံးဖြတ်လုပ်ကိုင်ခဲ့သည်ကို မီးမောင်းထိုး တင်ပြခဲ့ပါသည်။ ဤသို့ ဆုံးဖြတ်လုပ်ကိုင်ခဲ့မှုတို့သည် အကြီးစားစီးပွားရေးအခြေအနေများ တည်ငြိမ်ရေး၊ ရုတ်တရက် ကြုံတွေ့ရသည့် အကျပ်အတည်း ပြဿနာတို့အပေါ် ခံနိုင်ရည်ရှိရေးနှင့် နိုင်ငံတော်၏ စီးပွားရေးစီမံခန့်ခွဲမှုအားကောင်းလာစေရေးတို့အတွက် မရှိမဖြစ် လိုအပ်သည်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတင်ပြခဲ့ပါသည်။

အထက်၌ တင်ပြထားသည့် ရဲဝံ့သော ဆုံးဖြတ်လုပ်ကိုင်မှုတို့ကြောင့် တိုင်းပြည်၏ ငွေဖောင်းပွမှုကို (၅)ရာခိုင်နှုန်းအထိ လျှော့ချနိုင်သကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးမှုသည်လည်း (၆)ရာခိုင်နှုန်းမှ (၇) ရာခိုင်နှုန်းအထိ တိုးတက်ခဲ့သည်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ထောက်ပြခဲ့ပါသည်။ အဆိုပါ တိုးတက်မှုများ ထိန်းသိမ်းနိုင်ရေးအတွက် မြန်မာ့စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအား မဏ္ဍိုင်(၃)ခု၊ ရည်မှန်းချက်(၅)ရပ်၊ မဟာဗျူဟာ(၂၈)ခုနှင့် လုပ်ငန်းစီမံချက်(၂၅၀) တို့ဖြင့် အားကြိုးမာန်တက် အကောင်အထည်ဖော်နေကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဆွေးနွေးတင်ပြခဲ့ပါသည်။ နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားခဲ့သည့် မိန့်ခွန်းသည် နိုင်ငံတော်၏ အလားအလာကောင်းသော ပကတိအခြေအနေမှန်တို့ကို ထင်ဟပ်ဖော်ဆောင်ခဲ့ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

# စစ်ကိုင်းမြို့ ကောင်းမှုတော်စေတီတော်ကို အီတလီနိုင်ငံထုတ် အဖြူရောင်ဆေး ကပ်လှူမည်



**စစ်ကိုင်း အောက်တိုဘာ ၉**

စစ်ကိုင်းမြို့ ရာဇမဏိစူဠာ ကောင်းမှုတော်စေတီတော်ကြီး၏ လက်ရှိ ရွှေဆေးသင်္ကန်းမှ အဖြူရောင်ဆေး ကပ်လှူရန် အီတလီနိုင်ငံမှ အမေရိကန်ဒေါ်လာ ငါးသောင်းတန်ဖိုးရှိ အဖြူရောင်ဆေးများမှာယူ ကပ်လှူသွားမည်ဖြစ်ကြောင်း ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

ကောင်းမှုတော် စေတီတော်ကြီးအား အဖြူရောင်ဆေး ပြန်လည်ကပ်လှူပူဇော်မှုကို သီတဂူဆရာတော်ကြီး ကိုယ်တိုင်ဦးစီး၍ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ ကပ်လှူရန်အတွက် သီတဂူဆရာတော်ကြီးနှင့် ဘုရားဂေါပကအဖွဲ့များ၊ ရှေးဟောင်းပညာရှင်များ၊ တတ်သိပညာရှင်များ အဆိုပါစေတီတွင် အောက်တိုဘာ ၆ ရက်က တွေ့ဆုံ၍ အဖြူရောင်ဆေး ပြန်လည်ကပ်လှူရန် လုပ်ငန်းတာဝန်များကို ခွဲဝေပေးခဲ့ကြောင်း သိရသည်။

"သီတဂူ ဆရာတော်ကြီးက ရန်ကုန်မြို့က သီတဂူ အင်ဂျင်နီယာအဖွဲ့ကို ခေါ်လာပါတယ်။ အဲဒီ အင်ဂျင်နီယာအဖွဲ့မှာ သုတ်ဆေးပညာရှင်တွေ၊ ဘုရားနဲ့သက်ဆိုင်တဲ့ ပညာရှင်တွေ ပါလာပါတယ်။ ကောင်းမှုတော်စေတီတော်ကို ပလိုင်မာဆေးသုတ်မယ်။ အဲဒီဆေးက အီတလီက လာတာပါ။ အဲဒီဆေးရဲ့ ဂုဏ်သတ္တိက လေဝင်လေထွက်ရှိတယ်။ အဆင့်မြင့်တယ်။ ဖြူဖွေးနေတာပဲ။ အဲဒါကြောင့် အီတလီဆေးကိုမှာပြီး လုပ်သွားမှာ ဖြစ်ပါတယ်။ အဲဒီဆေးကို ဒေါ်လာ ငါးသောင်းဖိုးလောက်အထိ ဝယ်ဖို့ရှိပါတယ်"ဟု ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင်မျိုးလွင်က ပြောသည်။

ကောင်းမှုတော်စေတီအား ရွှေဆေးနှင့် တန်ဖိုးညီမျှသော အဖြူရောင်ဆေးပြန်လည်ကပ်လှူမှုကို အစီအစဉ်လေးမျိုးဖြင့် ပြုလုပ်သွားမည်ဖြစ်ပြီး လက်ရှိတွင် ဘုရားပွဲတော်ကာလ ရောက်ရှိတော့မည်ဖြစ်၍ အဖြူရောင်ဆေးပြန်လည် ကပ်လှူရန်အတွက် လုပ်ငန်းများကို နိုဝင်ဘာလကုန်ပိုင်းမှသာ စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

ကောင်းမှုတော်စေတီတော်မြတ်ကြီး၏ လက်ရှိ ရွှေဆေးသင်္ကန်းမှ အဖြူရောင်ဆေး ပြန်လည်ကပ်လှူရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ ခွင့်ပြုချက်ရရှိပြီးဖြစ်၍ အဖြူရောင်ဆေးပြန်လည်ကပ်လှူမှုအတွက် စုစုပေါင်း ကျပ်သိန်း ၃၀၀၀ ခန့် ကုန်ကျမည်ဟု ခန့်မှန်းထားကြောင်း ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

**ကိုမင်း(အင်းတော်)**

# မြို့နှင့်အလှမ်းကွာဝေးသော မရိုးခုံကျေးရွာ၌ ဆိုလာစနစ်ဖြင့် မီးလင်းတော့မည်

**ရေတာရှည် အောက်တိုဘာ ၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ အနောက် ၃၅ မိုင်ခန့်အကွာ သစ်တောကြိုးဝိုင်းဒေသရှိ မရိုးခုံကျေးရွာအား ရေတာရှည်မြို့နယ် ကျေးလက်ဦးစီးဌာနမှ မဟာဓာတ်အားလိုင်း ပြင်ပလျှပ်စစ်မီးလင်းရေး စီမံချက်ဖြင့် မရိုးခုံကျေးရွာအား ဆိုလာစနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆိုလာမီးလင်းရေးလုပ်ငန်းများကို နိုင်ငံတော်မှ ၈၀ ရာခိုင်နှုန်း၊ ပြည်သူထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်းဖြင့် ဇူလိုင်လမှစတင်ခဲ့ပြီး T&T ကုမ္ပဏီမှ တာဝန်ယူ တပ်ဆင်ပေးလျက်ရှိရာ လမ်းပန်းဆက်သွယ်မှု အခက်အခဲများစွာရှိကြောင်း၊ ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများကို သာဂရ- ကိုးပင် ရိုးမဖြတ်ကျော်ကားလမ်း ၁၅ မိုင်မှ ဆင်များဖြင့်လည်းကောင်း၊ ဆွာတမံစက်လှေဆိပ်မှ စက်လှေများဖြင့် လည်းကောင်း သယ်ယူပို့ဆောင်ပေးနေရကြောင်း မြို့နယ်ကျေးလက်ဦးစီးဌာနဦးစီးမှူး ဦးရန်နိုင်ညွန့်က ပြောကြားသည်။

"ဓာတ်တိုင်တွေ စိုက်ပြီးပြီ။ အိမ်တွေအရောက် မီးကြိုးတွေလည်း ဆွဲပြီးပြီ။ ဆိုလာပြားတွေတပ်ပြီးရင် မီးစပေးလို့ရပြီ။ လောလော ဆယ်တော့ အရန်အဖြစ်တပ်ဆင်ထားတဲ့ အင်ဂျင်နဲ့ မီး စပေးနေတာပါ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မရိုးခုံကျေးရွာတွင် အိမ်ခြေ ၃၂၈ အိမ်ရှိပြီး ဆိုလာစနစ်ဖြင့် မီးလင်းရေးအတွက် ၁၉၅ အိမ်ကို တပ်ဆင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ နောက်ထပ် အိမ်ခြေ ၅၀ တိုးချဲ့ရန် ဒေသခံများက ဆန္ဒပြုထားကြောင်း သိရှိရသည်။

**သန်းလွင်**

# ဒီမော့ဆို၌ စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲ ကျင်းပ

**ဒီမော့ဆို အောက်တိုဘာ ၉**

ကယားပြည်နယ် ဒီမော့ဆိုမြို့နယ်တွင် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျှော့ပါးရေးနေ့အကြို အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲကို ယနေ့ နံနက်က ဒီမော့ဆိုမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းနှင့် အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ ၁၉ ဦး၊ ပန်းချီပြိုင်ပွဲတွင် အထက်တန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ **ရီရယ်(ဒီမော့ဆို)**

## ထင်သာမြင်သာပြုပြင်စရာ

# မော်လမြိုင်ကျွန်းမြို့လယ်လမ်းမကြီး ပျက်စီးနေသဖြင့် ပြုပြင်ပေးစေလို

မော်လမြိုင်ကျွန်းမြို့လယ် အဓိကလမ်းမကြီးဖြစ်သော မဟာဗန္ဓုလလမ်းမကြီးပေါ်ရှိ သုညလမ်းဝန်းကျင်နှင့် ၁၀ လမ်း ဝန်းကျင်တို့တွင် လမ်းပျက်စီးမှုများ ကြုံတွေ့နေရသည်မှာ လအတန်ကြာရှိနေသည်။ သို့ဖြစ်၍ ဆိုင်ကယ်အပါအဝင်ယာဉ်အချို့အနေဖြင့် လမ်းပျက်စီးမှုများနေသော မြို့ပြင်မှ မြို့လယ်သို့အဝင် မဟာဗန္ဓုလလမ်း၏ သုညလမ်းဝန်းကျင်ကို ရှောင်ကွင်း၍ ကမ်းနားဘက်လမ်းပိုင်းဖြစ်သော အောင်ဆန်းလမ်းဘက်မှ မောင်းနှင်သွားလာနေရသည်ဟု ဒေသခံအချို့က ပြောသည်။




မိုးရွာသောရက်များတွင် ယင်းနေရာများတွင် ရေအိုင်ကြီးများဖြစ်ပေါ်နေသည်။ သုညလမ်းဝန်းကျင်လမ်းပျက်စီးမှု အများဆုံးနေရာတွင် လမ်းပြင်ရန် ကျောက်ပုံများ မြင်တွေ့နေရသည်။ သို့ဖြစ်ရာ မော်လမြိုင်ကျွန်းမြို့တွင်းရှိလမ်းများအနက် သွားလာမှုအများဆုံး အဓိကလမ်းမကြီးဖြစ်နေသော မဟာဗန္ဓုလလမ်းပေါ်ရှိ ဆိုးရွားစွာလမ်းပျက်နေသော လမ်းပိုင်းအချို့နေရာများကို သက်ဆိုင်ရာမှ ဦးစားပေး အမြန်ပြင်ဆင်ပေးစေလိုသည်ဟု လမ်းအသုံးပြုနေသူများက ပြောသည်။

အဆိုပါလမ်းမကြီးကိုဖြတ်သန်း၍ တပင်ရွှေထီးလမ်းမှတစ်ဆင့် မော်လမြိုင်ကျွန်းမြို့အပြင် အဝေးပြေးကားလမ်းသို့ သွားရောက်နေရရာ မြို့တွင်းသို့ နေ့စဉ်အနယ်နယ်အရပ်ရပ်မှ ဝင်ထွက်လာရောက်နေသူများအနေဖြင့် အသုံးပြုသွားလာနေမှုများသည့် အဓိကလမ်းမကြီးဖြစ်၍ ဦးစားပေး လမ်းပြင်ပေးစေလိုသည်ဟု မော်လမြိုင်ကျွန်းမြို့နေ ဦးလှစိုးက ပြောသည်။

မြို့တွင်းမှ နာရေးကိစ္စများတွင် မြို့ပြင်ရှိ သုသာန်သို့ပို့ဆောင်ရာတွင်လည်း ပျက်စီးနေသော အဆိုပါလမ်းပိုင်းကို ဖြတ်သန်းသွားနေရပြီး မိုးတွင်းကာလတွင် လမ်းချိုင့်ခွက်များတွင် ရေများဝပ်နေ၍ သွားလာသူများ အန္တရာယ်ရှိနိုင်သောကြောင့် ပျက်စီးနေသည့် အဆိုပါလမ်းအား သက်ဆိုင်ရာမှ အမြန်ဆုံးပြုပြင်ပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

**ခင်ဆိုင်**




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၁၀) ကြိမ်မြောက် မဲခေါင်- ဂျပန်ထိပ်သီးအစည်းအဝေးတက်ရောက်စဉ်။** သတင်းစဉ်



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်- မဲခေါင် ပါလီမန်ချစ်ကြည်ရေးအသင်းက တည်ခင်းဧည့်ခံသည့် မဲခေါင်နိုင်ငံ နိုင်ငံ့ခေါင်းဆောင်များ၏ အလုပ်သဘော နံနက်စာစားပွဲသို့ တက်ရောက်စဉ်။** သတင်းစဉ်

◆ *ရှေ့ဖုံးမှ*

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၊ လာအိုနိုင်ငံ ဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်တို့နှင့်အတူ Soccer Event အခမ်းအနားနှင့် (၁၀) ကြိမ်မြောက် မဲခေါင်- ဂျပန် ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် တိုကျိုမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာသို့ ရောက်ရှိရာ ဂျပန်နိုင်ငံ ဝန်ကြီးချုပ်က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

**ရင်းနှီးစွာတွေ့ဆုံနှုတ်ဆက်**

Soccer Event အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဂျပန်နိုင်ငံ ဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၊ လာအိုနိုင်ငံ ဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်တို့သည် မဲခေါင်ဒေသတွင်း နိုင်ငံများမှ ဘောလုံးအဖွဲ့ချုပ်များဖြစ်သည့် မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်တို့မှ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးများနှင့် U-17 အသင်း ခေါင်းဆောင်များအား ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်ခဲ့ကြပြီး အမှတ်တရ လက်ဆောင်အဖြစ် ဘောလုံးများ ပေးအပ်ကြသည်။

**ပိုမိုချစ်ကြည်ရင်းနှီးမှုရှိလာ**

ဂျပန်နှင့် မဲခေါင်ဒေသတွင်းနိုင်ငံများ ပိုမိုချစ်ကြည်ရင်းနှီးမှု ရရှိစေရန်အတွက် ယခုကဲ့သို့ ဘောလုံးအားကစားဖြင့် ဆက်ဆံပူးပေါင်းဆောင်ရွက်ခြင်းသည် များစွာအကျိုးရှိပြီး ဂျပန်- မဲခေါင် U- 17 ပြိုင်ပွဲကဲ့သို့သော ဖိတ်ခေါ်ပြိုင်ပွဲများဖြင့် ဒေသတွင်းနိုင်ငံများ ပိုမိုချစ်ကြည်ရင်းနှီးမှုရရှိလာသည့်အပြင် မဲခေါင်ဒေသတွင်း ဘောလုံးအားကစား အဆင့်အတန်းလည်း ပိုမိုမြင့်မားလာမည်ဖြစ်သည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် ဂျပန်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မဲခေါင်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များအား အမှတ်တရအကျႌများ ပြန်လည်ပေးအပ်ပြီး မဲခေါင်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

**ဖွင့်ပွဲအခမ်းအနားတက်ရောက်**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုင်ငံတော်ဧည့်ဂေဟာ၌ ကျင်းပသည့် (၁၀)ကြိမ်မြောက် မဲခေါင်- ဂျပန်ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ ဂျပန်နိုင်ငံဝန်ကြီးချုပ်၊ မဲခေါင်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။


**ဆွေးနွေး**

အစည်းအဝေးတွင် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးက အဖွင့်အမှာစကား ပြောကြားပြီး ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက် ဟွန်ဆန်၊ လာအိုနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီ ဆုလစ်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာပရာယွတ် ချန်အိုချာနှင့် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုတို့ ပါဝင်ဆွေးနွေးကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပါဝင်ဆွေးနွေးရာတွင် *စာမျက်နှာ ၄ သို့*




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မဲခေါင်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ Soccer Event အခမ်းအနားတွင် U- 17 အသင်းခေါင်းဆောင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်



မြန်မာ- ဂျပန် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

မဲခေါင်- ဂျပန် ပူးပေါင်းဆောင်ရွက်ရေး၏ "တိုကျိုမဟာဗျူဟာ ၂၀၁၅ (၂၀၁၅-၂၀၁၈)" အရ ပူးပေါင်း ဆောင်ရွက်မှု အခြေအနေများကို သုံးသပ်ဆွေးနွေးပြီး အနာဂတ်တွင် ဆောင်ရွက်မည့် အစီအစဉ်များ၊ အထူးသဖြင့် မဲခေါင်နိုင်ငံများအကြား သယ်ယူပို့ဆောင်ရေးနှင့် စွမ်းအင်ကဏ္ဍများ အပါအဝင် အခြားသောကဏ္ဍများ၏ အခြေခံအဆောက်အအုံများ ပေါင်းစည်းဆက်နွှယ်မှု တိုးမြှင့်ရေး၊ မဲခေါင်နိုင်ငံများနှင့် ဂျပန်နိုင်ငံတို့အကြား စက်မှုကုန်ထုတ်လုပ်မှုဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်မှု မြှင့်တင်ဆောင်ရွက်သွားရေး၊ "ပြည်သူအခြေပြု အသိုက်အဝန်း" တစ်ခု ထူထောင်သွားရေး၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် နိုင်ငံတကာအရေးကိစ္စများကို ဆွေးနွေးခဲ့သည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် မဲခေါင်- ဂျပန် နိုင်ငံ့ခေါင်းဆောင်များကTokyo Strategy 2018 for Mekong-Japan Cooperation ကို အတည်ပြုကြပြီး ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇို အာဘေးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယခုထိပ်သီးအစည်းအဝေးတွင် နိုင်ငံခေါင်းဆောင်များသည် ၂၀၁၉-၂၀၂၂ ခုနှစ် ကာလအတွက် ပူးပေါင်းဆောင်ရွက်မှုမူဘောင်အဖြစ် **"တိုကျိုမဟာဗျူဟာ ၂၀၁၈ (၂၀၁၉ -၂၀၂၂)"** ကို အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

**ပူးတွဲသတင်းစာရှင်းလင်း**

ထို့နောက် ဂျပန်နိုင်ငံဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ လာအိုနိုင်ငံ ဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်နှင့် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်တို့သည် နိုင်ငံတော်ဧည့်ဂေဟာ၌ ကျင်းပသည့် ပူးတွဲသတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ကြပြီး (၁၀)ကြိမ်မြောက် မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေးနှင့် စပ်လျဉ်း၍ သတင်းမီဒီယာများကို နိုင်ငံအလိုက် ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မဲခေါင်အဖွဲ့ဝင်နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များနှင့်အတူ Hotel New Otani Tokyo ၌ ကျင်းပသည့် စီးပွားရေးအဖွဲ့အစည်းများနှင့် အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။

**နေ့လယ်စာအတူတကွသုံးဆောင်**

အလုပ်သဘော နေ့လယ်စာစားပွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၊ လာအိုနိုင်ငံ ဝန်ကြီးချုပ်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်တို့သည် နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး စီးပွားရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ JETRO က **"Asia's New Value Chain Hub"** ခေါင်းစဉ်ဖြင့် ကျင်းပသည့် ဂျပန်- မဲခေါင် စီးပွားရေးဖိုရမ်သို့ တက်ရောက်သည်။

**ဂျပန်- မဲခေါင်စီးပွားရေးဖိုရမ်**

အဆိုပါ ဂျပန်- မဲခေါင် စီးပွားရေးဖိုရမ်သို့ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးချုပ်များ၊ မဲခေါင်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဂျပန်နိုင်ငံနှင့် မဲခေါင်အဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖိုရမ်တွင် JETRO ၏ Chairman and CEO ဖြစ်သူ Mr. Hiroyuki Ishige နှင့် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး H.E.Mr. Hiroshige Seko တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၊ လာအိုနိုင်ငံ ဝန်ကြီးချုပ်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်နှင့် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်တို့က မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ နန်းတော်သို့ ရောက်ရှိကြပြီး လက်ဖက်ရည်သုံးဆောင်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

**ကြိုဆိုနှုတ်ဆက်**

ညနေပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တိုကျိုမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာသို့ ရောက်ရှိရာ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇို အာဘေးက ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့သည် နိုင်ငံတော်ဧည့်ဂေဟာ၌ ကျင်းပသည့် မြန်မာ- ဂျပန်နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့သည် မြန်မာ- ဂျပန် နှစ်နိုင်ငံ ပူးတွဲသတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ကြပြီး မြန်မာ-ဂျပန် နှစ်နိုင်ငံ တွေ့ဆုံပွဲတွင် ဆွေးနွေးခဲ့မှုများနှင့် ဆွေးနွေးပွဲ ရလဒ်များကို ရှင်းလင်းပြောကြားကြသည်။

**ဂုဏ်ပြုညစာစားပွဲတက်ရောက်**

ညပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ဂျပန်နိုင်ငံဝန်ကြီးချုပ်က နိုင်ငံတော်ဧည့်ဂေဟာ၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

ညစာစားပွဲတွင် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ညစာကို အတူတကွသုံးဆောင်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး စုကလိမြို့ ဆုံဆည်းမြိုင်ကျေးရွာ၌ လူငယ်များအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကွန်ပျူတာသင်တန်းဖွင့်လှစ်ရန် ကွန်ပျူတာအစုံ ၂၀ ပေးအပ်လှူဒါန်း

**ကော့ကရိတ် အောက်တိုဘာ ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မြဝတီခရိုင် စုကလိမြို့ ဆုံဆည်းမြိုင်ကျေးရွာ၌ လူငယ်များအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကွန်ပျူတာသင်တန်းဖွင့်လှစ်ရန် ကွန်ပျူတာအစုံ ၂၀ ပေးအပ်လှူဒါန်းပွဲအခမ်းအနားနှင့် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းဖွင့်လှစ်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းသည့် အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**





ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကွန်ပျူတာအစုံ ၂၀ ကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံခဲ့သည်။ ထို့နောက် ဆုံဆည်းမြိုင်ကျေးရွာရှိ ဒီမိုကရေစီအကျိုးပြုကရင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးနှင့်ကျေးရွာပြည်သူလူထုကိုယ်စား မဲကုလား ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြဝတီခရိုင် ဆုံဆည်းမြိုင်ကျေးရွာရှိ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းသို့ရောက်ရှိပြီး ကလေးငယ်များအား တွေ့ဆုံနှုတ်ဆက်၍အာဟာရမုန့်များပေးဝေကာ ကျောင်းတွင် တာဝန်ထမ်းဆောင်နေသော ဆရာမများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ထို့နောက် ရှမ်းစုကျေးရွာအုပ်စု မဲ့ထော်သလေး ကျေးရွာနှင့် အမှတ်(၃)ရပ်ကွက်၊ မာမီဂိတ်အနီး သောင်းရင်းမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျသည့် အခြေအနေများကို ကြည့်ရှု၍ ပြုပြင်ထိန်းသိမ်းမည့် အစီအစဉ်များကို ဆွေးနွေးညှိနှိုင်းသည်။

ထိုမှတစ်ဆင့် မြဝတီမြို့ရှိ ပြန်လည်ထူထောင်ရေးစခန်း ပြန်လည်ဖွင့်မည့် အဆောက်အအုံသို့ သွားရောက်ပြီး ပြန်လည်ပြုပြင်ခြင်းနှင့် တိုးချဲ့ဆောက်လုပ်ရန် လိုအပ်မှုများကို ညှိနှိုင်းဆောင်ရွက်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကော့ကရိတ်မြို့ရှိ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းသို့ရောက်ရှိပြီး ကလေးငယ်များအား အာဟာရမုန့်နှင့် ကစားစရာများ ပေးဝေခြင်း၊ ကျောင်းတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ရုံးနှင့်ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပြီးစီးမှုနှင့် လူမှုဝန်ထမ်းဦးစီးဌာနခရိုင် ရုံးဖွင့်လှစ်မည့် မြေနေရာအား ကြည့်ရှုပြီး တာဝန်ရှိသူများအား တွေ့ဆုံ၍ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လူငယ်ကဏ္ဍ

❍ လူငယ်တွေရဲ့ တွေးခေါ်မြော်မြင်မှုတွေ မြင့်မားလာအောင် စာကြည့်တိုက်ယဉ်ကျေးမှု၊ သုတေသနယဉ်ကျေးမှုတွေ ထွန်းကားလာရေးကို ဆောင်ရွက်ပေးပြီး ကျန်းမာကြံ့ခိုင်တဲ့၊ ပညာရည်မြင့်မားတဲ့ မျိုးဆက်သစ်တွေ မွေးထုတ်နိုင်အောင် အလေးပေး ဆောင်ရွက်နေပါတယ်။

(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)

❇ *ကျောဖုံးမှ*

ကော်မတီဥက္ကဋ္ဌ Mr. Peter Maurer နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener တို့နှင့် သီးခြားစီ တွေ့ဆုံခဲ့သည်။

**အလွတ်သဘော သုံးပွင့်ဆိုင် အစည်းအဝေး**

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် စက်တင်ဘာ ၂၄ ရက်တွင် ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသည့် တရုတ်-မြန်မာ- ဘင်္ဂလားဒေ့ရှ်နိုင်ငံများအကြား အလွတ်သဘော သုံးပွင့်ဆိုင် အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wan Yi၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Abul Hassan Mahmood Ali၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr. António Guterres နှင့် အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener တို့ တက်ရောက်သည်။

**လမ်းပြမြေပုံနှင့် အချိန်ဇယား ရေးဆွဲနိုင်ရေး**

ဆွေးနွေးပွဲတွင် အချက် (၃) ချက်ပါ သဘောတူညီမှုရရှိခဲ့ရာတွင် ၎င်းတို့မှာ ရခိုင်အရေးကိစ္စအား မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ခင်မင်ရင်းနှီးစွာဖြင့် အကြံပြုဆွေးနွေးမှုများမှတစ်ဆင့် စေ့စပ်ညှိနှိုင်းသည့် နည်းလမ်းဖြင့် မှန်ကန်စွာ ဖြေရှင်းဆောင်ရွက်သွားရန်၊ မြန်မာဘက် စိစစ်ပြီးသူများအနက်မှ မိမိသဘောဆန္ဒအလျောက် ပြန်လာလိုသူများကို ပထမအသုတ်အဖြစ် အမြန်ဆုံး လက်ခံရန် အဆင်သင့်ရှိပြီးဖြစ်ရာ၊ ဘင်္ဂလားဒေ့ရှ်ဘက်မှ ပြန်လည်ပို့ဆောင်ရေး ဆောင်ရွက်သွားရန်နှင့် အဆိုပါ ပထမအသုတ်ကို အစောဆုံးပြန်လည်ပို့ဆောင်နိုင်ရေးနှင့် ပြန်လည်လက်ခံရေးအတွက် လမ်းပြမြေပုံနှင့် အချိန်ဇယားရေးဆွဲနိုင်ရေးအတွက် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်တို့အကြား ပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေးကို အမြန်ဆုံးကျင်းပရန် တို့ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် စက်တင်ဘာ ၂၄ ရက် ညနေပိုင်းတွင် အမေရိကန်သမ္မတက တည်ခင်းဧည့်ခံသည့် ဧည့်ခံပွဲသို့ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးသည် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်အတူ ယင်းနေ့ နေ့လယ်ပိုင်းတွင် ဗြိတိန်နိုင်ငံခြားရေး ဝန်ကြီး Rt. Hon. Jeremy Hunt MP နှင့် ပြင်သစ်နိုင်ငံ ဥရောပနှင့်နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Jean-Yves Le Drian တို့က ကြီးမှူးကျင်းပသော အလုပ်သဘော နေ့လယ်စာစားပွဲသို့လည်း တက်ရောက်သည်။

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် (၇၃) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ အထွေထွေမူဝါဒဆွေးနွေးပွဲသို့ တက်ရောက်ပြီးနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ အထူးကိုယ်စားလှယ်အဖြစ် ကျူးဘားနိုင်ငံ ဟာဗားနားမြို့သို့ အောက်တိုဘာ ၂ ရက်မှ ၅ ရက်အထိ ဆက်လက်သွားရောက်သည်။

ကျူးဘားနိုင်ငံ ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ကျူးဘားနိုင်ငံ ဒုတိယသမ္မတ (Vice-President of Council of State and Ministers) H.E. Ms. Ines Maria Chapman Waugh အား အောက်တိုဘာ ၄ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် သွားရောက်ဂါရဝပြုတွေ့ဆုံခဲ့သည်။

**နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး**

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ အထူးကိုယ်စားလှယ်အဖြစ် လာရောက်ခြင်း၏ ရည်ရွယ်ချက်၊ မြန်မာ-ကျူးဘား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်ရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ အထူးသဖြင့် ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်အတွက် နှစ်နိုင်ငံသက်ဆိုင်ရာ ဝန်ကြီးဌာနများအကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ကျူးဘားနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Bruno Rodriguez Parrilla အား အောက်တိုဘာ ၃ ရက် ဒေသစံတော်ချိန်နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ သွားရောက်တွေ့ဆုံသည်။ ဝန်ကြီးများသည် မြန်မာ-ကျူးဘား နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ဆောင်ရွက်ရေး အပါအဝင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်မည့် နည်းလမ်းများ ရှာဖွေရေး၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ မျက်နှာစာများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ကျူးဘားပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mrs. Marcia Cobas Ruiz အား အောက်တိုဘာ ၄ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန၌ တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် ကျန်းမာရေးကဏ္ဍတွင် မြန်မာ၊ ကျူးဘားနှင့် တတိယနိုင်ငံပါဝင်သည့် သုံးနိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ယင်းသို့ ဆောင်ရွက်ရာတွင် ဦးစားပေးဆောင်ရွက်နိုင်မည့်ကဏ္ဍ၊ လုပ်ငန်းများ၊ သုတေသနလုပ်ငန်းများ သတ်မှတ်ရေး၊ သုတေသီများနှင့် ပညာရှင်များအတွက် သင်တန်းများပေးရေး၊ ဆေးဝါးထုတ်လုပ်မှု၊ ကျန်းမာရေးကဏ္ဍပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ



**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ကျူးဘားနိုင်ငံခြားရေးဝန်ကြီး H.E.Mr. Bruno Rodriguez Parrilla တို့ ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။**

တစ်ရပ် လက်မှတ်ရေးထိုးရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

**ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာ ဆွေးနွေး**

ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၄ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဟာဗားနားမြို့ရှိ The Centre of Genetic Engineering and Biotechnology သို့ သွားရောက်၍ သက်ဆိုင်ရာဌာန အကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးသည်။ မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျူးဘားနိုင်ငံ The Centre of Genetic Engineering and Biotechnology တို့အကြား မြန်မာဆေးဝါးသုတေသီများအတွက် သင်တန်းများ၊ ကင်ဆာရောဂါကုသမှုအတွက် ဆေးဝါးများ သုတေသနပြုမှုနှင့် ထုတ်လုပ်မှုတွင် ပူးပေါင်းဆောင်ရွက်ရန်၊ ဆေးဝါးထုတ်လုပ်မှုတို့အပါအဝင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၅ ရက် ဒေသစံတော်ချိန်မွန်းလွဲ ၂ နာရီခွဲတွင် ဟာဗားနားမြို့ရှိ Jose Marti အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ နယူးယောက်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် နယူးယောက်မြို့ နီဝါ့ခ် လေဆိပ်သို့ ပြန်လည်ရောက်ရှိသည်။

အလားတူ မြန်မာကိုယ်စားလှယ်အဖွဲ့၏ကိုယ်ခွဲခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည်လည်း နယူးယောက်မြို့တွင် ကျင်းပသည့် (၇၃) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာ ဆွေးနွေးပွဲသို့ တက်ရောက်ပြီးနောက် အောက်တိုဘာ ၃ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

**မြန်မာနိုင်ငံ၏ ဒီဂျစ်တယ်ကဏ္ဍ ဖွံ့ဖြိုးမှု**

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် အထွေထွေညီလာခံ အဆင့်မြင့်ကာလအတွင်း နော်ဝေနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး H.E. Mr. Nikola Astrup နှင့်အတူ စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် နယူးယောက်မြို့ရှိ နော်ဝေသံရုံး၌ ကျင်းပသည့် နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန၊ ယူနီဆက်နှင့် တယ်လီနော တို့က ပူးတွဲကျင်းပသည့် "Digitalization People's Lives: 2030 Agenda in Action" ကိုပူးတွဲသဘာပတိအဖြစ် ဦးဆောင်ကျင်းပပေးခဲ့သည်။ အဆိုပါ အစီအစဉ်တွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ဒီဂျစ်တယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို ရှင်းလင်းပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် အဆင့်မြင့်ကာလအတွင်း ကျင်းပခဲ့သည့် Global Call to Action on the World Drug Problem၊ High-Level Event on Action for Peacekeeping၊ United to end tuberculosis: an urgent global response to Global epidemic ခေါင်းစဉ်ဖြင့်ကျင်းပသည့် တီဘီရောဂါတိုက်ဖျက်ရေးဆိုင်ရာ အဆင့်မြင့်အစည်းအဝေး၊ Security Council Briefing on DPRK၊ (၅) ကြိမ်မြောက် အာဆီယံ-ပစိဖိတ် မဟာမိတ်ဝန်ကြီးများအဆင့် အစည်းအဝေး၊ အာဆီယံ-အမေရိကန် ဝန်ကြီးအဆင့် အစည်းအဝေးနှင့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘော အစည်းအဝေးနှင့် အာဆီယံဝန်ကြီးများနှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၊ အထွေထွေညီလာခံ သဘာပတိတို့အကြား အစည်းအဝေးတို့ကို တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Ms. Pramila Patten၊ ကလေးသူငယ်နှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Ms. Virginia Gamba၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီး Mr. Filippo Grandi၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီဖက်ဒရေးရှင်း လက်ထောက် အတွင်းရေးမှူးချုပ် (Under Secretary General) Dr. Jemilah Mahmood၊ Asia Society Policy Institute (ASPI) မှ Ms. Debra Eisenman၊ Managing Director၊ တို့နှင့် သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၂၄ ရက်တွင် ကျင်းပသည့် Nelson Mandela နှစ်(၁၀၀)ပြည့် မွေးနေ့ဂုဏ်ပြုအခမ်းအနားသို့ လည်းကောင်း၊ ဗီယက်နမ်နိုင်ငံ၏ (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့ ဧည့်ခံပွဲအခမ်းအနားသို့လည်းကောင်း တက်ရောက်သည်။

**နျူကလီးယားလက်နက်ပိတ်ပင် တားဆီးရေးဆိုင်ရာ စာချုပ်**

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် စက်တင်ဘာ ၂၆ ရက်တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများချုပ်ဆိုပွဲ အခမ်းအနား၌ နျူကလီးယားလက်နက်ပိတ်ပင် တားဆီးရေးဆိုင်ရာစာချုပ်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရကိုယ်စား လက်မှတ်ရေးထိုးသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် အောက်တိုဘာလ ၁ ရက်တွင် နယူးယောက်မြို့မြန်မာအဖွဲ့ရုံး၌ ကျင်းပသည့် မြန်မာနိုင်ငံရှိ ရေဘေးအလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ အခမ်းအနားတွင် နယူးယောက်အခြေစိုက် မြန်မာလူမှုအဖွဲ့အစည်းများ ပါဝင်သည့် National Humanitarian Fundraising For Myanmar (NHFMM) အဖွဲ့ကိုယ်စား မြန်မာ-အမေရိကန် ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဦးဝီလျံစူး (ခေါ်) ဦးသိန်းဟန်က မြန်မာနိုင်ငံမှ ရေဘေးဒုက္ခသည်များအတွက် အလှူငွေ အမေရိကန်ဒေါ်လာ ၁၅၀၀၀ ကို ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် စက်တင်ဘာ ၂၉ ရက်တွင် ကျင်းပသော ဗွီအိုအေ မြန်မာပိုင်းအစီအစဉ်၏ တွေ့ဆုံမေးမြန်းမှုကိုလည်း လက်ခံဖြေကြားခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် နောက် ၇၂ နာရီအတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်ပါသည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# မြန်မာ့စာတိုက်လုပ်ငန်းအကြောင်း တစေ့တစောင်း

**မြန်မာ့စာတိုက်လုပ်ငန်းသည် ၂၀၁၅ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဖွဲ့စည်းပုံအသစ်ပါ အရာထမ်း ၁၀၂ ဦး၊ အမှုထမ်း ၅၈၁၈ ဦး စုစုပေါင်း ၅၉၂၀ ဦးဖြင့် ခွင့်ပြုပေးခဲ့ပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာအထိ အရာထမ်း ၅၁ ဦး၊ အမှုထမ်း ၄၅၆၄ ဦး စုစုပေါင်း ဝန်ထမ်း ၄၆၁၅ ဦးတို့သည် စာတိုက်ရုံးပေါင်း ၁၃၈၈ ရုံးဖြင့် အောက်ပါ သမားရိုးကျစာတိုက်ဝန်ဆောင်မှုလုပ်ငန်းများကို ကျေးလက်ဒေသအရောက် ဆောင်ရွက်ပေးလျက်ရှိပါသည် -**

## ခမ်း (စိန်လုံကဘား)

၁။ တံဆိပ်ခေါင်းရောင်းချခြင်း
၂။ ပြည်တွင်း / ပြည်ပ ရိုးရိုးစာလက်ခံခြင်း၊ ပေးဝေခြင်း
၃။ ပြည်တွင်း / ပြည်ပ မှတ်ပုံတင်စာ လက်ခံခြင်း၊ ပေးဝေခြင်း
၄။ ပြည်တွင်း / ပြည်ပ ချောထုပ်လက်ခံခြင်း၊ ပေးဝေခြင်း
၅။ ပြည်တွင်း / ပြည်ပ ပုံနှိပ်စာရွက်စာတမ်း လက်ခံခြင်း၊ ပေးဝေခြင်း
၆။ ပြည်တွင်း တန်ဖိုးပေးရွေးစာ / ချောထုပ် လက်ခံခြင်း၊ ပေးဝေခြင်း
၇။ ပြည်တွင်း ရိုးရိုးငွေပို့လွှာ လက်ခံခြင်း၊ ပေးဝေခြင်း
၈။ စာတိုက်သေတ္တာငှားရမ်းခြင်း
၉။ ကြေးနန်းလုပ်ငန်းတို့ ဖြစ်ပါသည်။

**ကောင်းမွန်ပြည့်ဝသော ဝန်ဆောင်မှု**


နှစ်ပေါင်းများစွာ တစ်ဦးတည်း မူပိုင်ဆောင်ရွက်လာသော မြန်မာ့စာတိုက်လုပ်ငန်းအား လွတ်လပ်သော ယှဉ်ပြိုင်မှုဖြင့် ပြည်သူလူထုအား ကောင်းမွန်ပြည့်ဝသော ဝန်ဆောင်မှုများ ရွေးချယ်အသုံးပြုနိုင်စေရန် ရည်ရွယ်၍ ၂၈.၆.၂၀၁၆ ရက်နေ့၌ မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ပြည်တွင်း၊ အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်းကို မှတ်ပုံတင်စနစ်ဖြင့် ဝန်ဆောင်မှုပေးရန်အတွက် လည်းကောင်း၊ ကိုယ်စားငွေကောက်ခံခြင်းလုပ်ငန်း၊ Online Shopping လုပ်ငန်းများအတွက် ပေးဝေခြင်းနှင့် ငွေကောက်ခံပေးခြင်း လုပ်ငန်း၊ ဘဏ်လုပ်ငန်းကိုယ်စားလှယ် ဆောင်ရွက်ခြင်း လုပ်ငန်း၊ Mobile Money လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း လုပ်ငန်း၊ စာတိုက်လုပ်ငန်းမှ ဝန်ဆောင်မှုပေးနိုင်မည့် မည်သည့် လုပ်ငန်းမဆို ဆောင်ရွက်ပေးခြင်းလုပ်ငန်းတို့ကို ပြည်သူ့ဗဟိုပြု စာတိုက်ဝန်ဆောင်မှုလုပ်ငန်းများအဖြစ် ပိုမိုဖြည့်ဆည်းပေးနိုင်ရေး တိုးချဲ့ဆောင်ရွက်သွားရန် ကြော်ငြာထည့်သွင်း ဖိတ်ခေါ်ဆောင်ရွက်ခဲ့ပြီး ပုဂ္ဂလိကကုမ္ပဏီများမှ လုပ်ငန်းရှင်များ နှင့် လုပ်ငန်းများ စတင်ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။

**မြန်မာ့စာတိုက်လုပ်ငန်း၏ အထူးဝန်ဆောင်မှုလုပ်ငန်းများမှာ -**

| | | | |
|---|---|---|---|
| ၁။ | MNA လေယာဉ်လက်မှတ် ရောင်းချခြင်းလုပ်ငန်း | - | ၇၉၄ ရုံး |
| ၂။ | My Kyat | - | ၆၄၀ ရုံး |
| ၃။ | @ Post | - | ၄၄၇ ရုံး |
| ၄။ | ပြည်တွင်းအမြန်ငွေပို့လွှာလုပ်ငန်း | - | ၄၁၈ ရုံး |
| ၅။ | ပြည်တွင်းအမြန်ချောပို့လုပ်ငန်း | - | ၃၀၇ ရုံး |
| ၆။ | Online Shopper | - | ၂၈၉ ဦး |
| ၇။ | OK$ | - | ၁၈၉ ရုံး |
| ၈။ | CB Bank | - | ၁၃၆ ရုံး |
| ၉။ | အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်း | - | ၁၀၂ နိုင်ငံ |

အာဆီယံဒေသတွင်းနိုင်ငံများနှင့် စီးပွားရေးမိတ်ဖက်နိုင်ငံများ၏ (၂၃) ကြိမ်မြောက် စာတိုက်လုပ်ငန်းဆိုင်ရာ အစည်းအဝေး (23rd ASEAN POSTAL BUSINESS MEETING) ကို မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် ၂၁.၁၁.၂၀၁၆ ရက်နေ့မှ ၂၃.၁၁.၂၀၁၆ ရက်နေ့အထိ Novotal Yangon Max Hotel ရန်ကုန်မြို့၌ ကျင်းပခဲ့ပြီး အဆိုပါ အစည်းအဝေးပြုလုပ်ခြင်း အထိမ်းအမှတ်အဖြစ် ကျပ် ၁၀၀ တန်နှင့် ကျပ် ၅၀၀ တန် အထူးထုတ် စာပို့တံဆိပ်ခေါင်း နှစ်မျိုးကို မြန်မာ့စာတိုက်လုပ်ငန်းမှ ထုတ်ဝေရောင်းချခဲ့ ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန၏နှစ်(၇၀)ပြည့် အထိမ်းအမှတ် အဖြစ် ဗိုလ်ချုပ်ပုံပါ ကျပ် ၅၀၀ တန် အထူးထုတ် စာပို့တံဆိပ် ခေါင်း နှင့် ကျပ် ၅၀၀ တန် တံဆိပ်ခေါင်းပါ စာအိတ်များကို ၁၇.၃.၂၀၁၇ ရက်နေ့တွင် မြန်မာ့စာတိုက်လုပ်ငန်းမှ ထုတ်ဝေ ရောင်းချခဲ့ပါသည်။




ဗိုလ်ချုပ်ပုံပါ ကျပ် ၅၀၀ တန် အထူးထုတ် စာပို့တံဆိပ်ခေါင်း

အာဆီယံထူထောင်ခြင်း နှစ်(၅၀)ပြည့် အထိမ်းအမှတ် အဖြစ် ၁၀၀၀ ကျပ်တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းတစ်မျိုးကို ၁၁.၁၁.၂၀၁၇ ရက်နေ့တွင် မြန်မာ့စာတိုက်လုပ်ငန်းမှ ထုတ်ဝေ ရောင်းချခဲ့ပါသည်။




ကျပ် ၁၀၀၀ တန် အထူးထုတ် စာပို့တံဆိပ်ခေါင်း

မြန်မာ့စာတိုက်လုပ်ငန်းနှင့် Myanmar DHL Limited တို့အကြား အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့ဖက်စပ် ကုမ္ပဏီ (Joint Venture- JV) အဖြစ် ၁.၁.၁၉၉၇ ရက်နေ့မှ စတင်၍ ဆောင်ရွက်ခဲ့ပါသည်။ မြန်မာ့စာတိုက်လုပ်ငန်းမှ အစုရှယ်ယာ ၅၁ ရာခိုင်နှုန်းနှင့် Myanmar DHL Limited မှ အစုရှယ်ယာ ၄၉ ရာခိုင်နှုန်း ထည့်ဝင်ဆောင်ရွက်ခဲ့ကြပါ သည်။

Myanmar DHL Limited ၏ ရုံးချုပ်ကို အမှတ် ၂၂၀၊ အင်းစိန်လမ်း လှိုင်မြို့နယ် ရန်ကုန်မြို့တွင် ဖွင့်လှစ် ထားရှိပြီး ကောင်တာခွဲများအဖြစ် အမှတ်(၅၈) ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့၊ Hotel Mandalay Compound အမှတ်(၆၅၂) ၇၈ လမ်း၊ ၃၇ - ၃၈ကြား မဟာ အောင်မြေမြို့နယ် မန္တလေးမြို့နှင့် နေပြည်တော်ဗဟိုစာတိုက် ကြီးတို့တွင် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီး ဌာနနှင့် ဂျပန်နိုင်ငံ ပြည်တွင်းရေးရာနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာနတို့အကြား ဂျပန်နိုင်ငံမှနည်းပညာနှင့် နည်းစနစ်ကူညီ ပံ့ပိုးရေးဆိုင်ရာ သဘောတူစာချုပ် (Memorandum on Cooperation) များကို ၂၁.၄.၂၀၁၄ ရက်နေ့တွင် လက်မှတ် ရေးထိုးခဲ့ပြီး ငွေကြေးထောက်ပံ့မှုမပါဘဲ နည်းပညာအထောက် အပံ့(Technical Assistance) ဖြင့် ဆောင်ရွက်လျက်ရှိ ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်းတွင် IT နည်းပညာအား အသုံးပြု ၍ သုံးစွဲသူမှ မိမိ၏ စာ၊ ပါဆယ် ရောက်ရှိခြင်းရှိ၊ မရှိကို www.myanmarepost.com တွင် ဝင်ရောက်စစ်ဆေးနိုင်ခြင်း၊ စုံစမ်းမေးမြန်း အကြံပြုနိုင်ခြင်းနှင့် ပြည်တွင်းအမြန်ချောပို့ လုပ်ငန်းတွင် စာပို့လုလင်များမှ Device Phone (Smart phone) များကိုအသုံးပြု၍ ပေးဝေသည့်စနစ်၊ စာပေးဝေမှု အခြေအနေများကို Online Moniter မှ စောင့်ကြည့် ကြပ်မတ်စစ်ဆေးသည့်စနစ် (Delivery Monitoring System) ဖြင့် အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။



မြန်မာ့စာတိုက်လုပ်ငန်းမှ စာပို့ဝန်ထမ်းများကို တွေ့ရစဉ်။

မြန်မာ့စာတိုက်လုပ်ငန်း မန္တလေးစာတိုက်ကြီးတွင် Ministry of Internal Affairs and Communications (MIC) မှ ခေတ်မီကောင်တာ၊ Japan Post မှ တိုကင် ထုတ်သည့်စက် (Queuing Machine) နှင့် Nagata Myanmar မှ Digital Signage Player အသီးသီး လှူဒါန်းခဲ့ကြပြီး ဖွင့်ပွဲအား ၂.၇.၂၀၁၈ ရက်နေ့တွင် ပို့ဆောင် ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးက တက်ရောက်ဖွင့်လှစ်ပေးခဲ့ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်းရှိ အရာထမ်းများ၏ လုပ်ငန်းခွင် အတွင်း အုပ်ချုပ်မှုစွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ Panellist Business Services မှ ဖွင့်လှစ် ထားသော Tanacity Academy မှ Shifting Mind Set & Transforming Organizational Needs အခမဲ့ သင်တန်းအား Thinking I Can, Belief System, Transforming Leadership, Service Excellence, Effective Communication ခေါင်းစဉ်ငါးခုဖြင့် မြန်မာ့ စာတိုက်လုပ်ငန်း(ရုံးချုပ်) နေပြည်တော်တွင် ၉.၈ .၂၀၁၈ ရက်နေ့တွင် တိုင်းဒေသကြီး၊ ပြည်နယ်များမှ အရာထမ်း၊ အမှုထမ်း ၃၉ ဦး တက်ရောက်စေပြီး သင်ကြားခဲ့ပါသည်။

ရန်ကုန်စာတိုက်ကြီး အဆောက်အအုံ နှစ်(၁၁၀)ပြည့် အထိမ်းအမှတ်အဖြစ် ၂၀၀ ကျပ်တန် အထူးထုတ်စာပို့တံဆိပ် ခေါင်းတစ်မျိုးကို စာတိုက်ကြီး(၃)ရုံးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စာတိုက်များတွင် ၂၀ .၉ .၂၀၁၈ရက်နေ့၌ ရောင်းချပေးပြီး နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန် စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ပထမနေ့အဖြစ် တံဆိပ်ခေါင်းဖျက် အထူးတံဆိပ်တုံး ရိုက်နှိပ်ပေးခဲ့ပါသည်။ အထိမ်းအမှတ်ပို့စကတ် လေးမျိုးနှင့် ကတ် (Folder) များ ကိုလည်း ရောင်းချပေးခဲ့ပါသည်။

၂၃.၉.၂၀၁၈ ရက်နေ့တွင် ရန်ကုန်စာတိုက်ကြီး အဆောက် အအုံ နှစ် (၁၁၀) ပြည့် အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်စာတိုက်ကြီးတွင် ကျင်းပြုလုပ်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ရန်ကုန်တိုင်းဒေသ ကြီး စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်မျိုး၊ ဦးသာဦး၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်မြို့ပြအမွေအနှစ်စောင့်ရှောက်ရေးအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ

*စာမျက်နှာ ၈ သို့*



(၂၃) ကြိမ်မြောက် စာတိုက်လုပ်ငန်းဆိုင်ရာအစည်းအဝေးတွင် အာဆီယံဒေသတွင်းနိုင်ငံများနှင့် စီးပွားရေးမိတ်ဖက်နိုင်ငံများမှ ကိုယ်စားလှယ်များကို တွေ့ရစဉ်။




ရန်ကုန်စာတိုက်ကြီး အဆောက်အအုံ နှစ်(၁၁၀) ပြည့် အထိမ်းအမှတ်အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများကို တွေ့ရစဉ်။

# စာပို့တိုက်ကဏ္ဍဖွံ့ဖြိုးရေးအတွက် စာပို့တိုက်ဥပဒေသစ်တစ်ရပ် မကြာမီ ပြဋ္ဌာန်းနိုင်တော့မည်

**နေပြည်တော်  အောက်တိုဘာ ၉**

၂၀၁၈ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၂) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ၁၈၇၄ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် တည်ထောင်ခဲ့သည့် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ(UPU) သည် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၂ နိုင်ငံ ပါဝင်သည့် ကမ္ဘာ့သက်တမ်းအရှည်ဆုံး နိုင်ငံတကာအဖွဲ့အစည်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း UPU အဖွဲ့ဝင်အဖြစ် ၁၉၄၉ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ပါဝင်ခဲ့ပါကြောင်း၊ ကမ္ဘာ့စာပို့တိုက်နေ့ အခမ်းအနားကျင်းပရခြင်း၏ အဓိက ရည်ရွယ်ချက်သည် ကမ္ဘာ့အနှံ့အပြားရှိ စာပို့တိုက်ဝန်ဆောင်မှုသုံးစွဲမှုများနှင့် စီးပွားရေးလုပ်ငန်းများအကြား စာပို့တိုက်၏ အခန်းကဏ္ဍကို သိရှိစေရန်နှင့် စာပို့တိုက်လုပ်ငန်းသည် ကမ္ဘာတစ်ဝန်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပါဝင်ဆောင်ရွက်နေသည်ကို သိရှိစေရန် ဖြစ်ပါကြောင်း။

**စာပို့တိုက်ဥပဒေသစ်တစ်ရပ်**

မြန်မာနိုင်ငံအနေဖြင့်လည်း စာပို့တိုက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ယခင်အသုံးပြုလျက်ရှိသည့် Burma Postal Act (1898) ကို ရုပ်သိမ်းပြီး စာပို့တိုက်အသစ်ရေးဆွဲပြဋ္ဌာန်းရန်အတွက် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာ့စာတိုက်လုပ်ငန်းတို့ ပူးပေါင်းဆောင်ရွက်နေပြီး မကြာခင်ကာလတွင် စာပို့တိုက်ဥပဒေသစ်တစ်ရပ် ပြဋ္ဌာန်းနိုင်တော့မည်ဖြစ်ပါကြောင်း၊ မြန်မာ့စာတိုက်လုပ်ငန်းနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံသားများအတွက် စာပို့သင်္ကေတဆိုင်ရာ အသိပညာပေးဝေခြင်းနှင့် လူမှုရေးနယ်ပယ်တွင် ပိုမိုကောင်းမွန်သော စာပို့လုပ်ငန်းဖြစ်လာစေရန်အတွက် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီး သုံးခုအတွက် စာပို့သင်္ကေတစာအုပ်ထုတ်ဝေခြင်းနှင့် ပြည်သူများ စာပို့လုပ်ငန်းနှင့်ပတ်သက်၍ ပိုမိုစိတ်ပါဝင်စားလာစေရန် “Post Code Ambassador” အဖြစ် သရုပ်ဆောင် မိုရီဆာခီဝင်းအား ခန့်ထားပါကြောင်းကို အသိပေးပြောကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဆွေက ကျေးဇူးတင်စကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်နီနီဟန်က ဆွစ်ဇာလန်နိုင်ငံအခြေစိုက် ကမ္ဘာ့စာပို့တိုက်သမဂ္ဂဌာနချုပ် (UPU) ညွှန်ကြားရေးမှူးချုပ်ထံမှ ပေးပို့လာသော ၂၀၁၈ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် အသက် ၁၅ နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) အကဲဖြတ်အဖွဲ့ ဥက္ကဋ္ဌ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(တာဝန်) ဦးကိုလေးဝင်းက ပေးစာရေးပြိုင်ပွဲ အကဲဖြတ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

**ဆုချီးမြှင့်**

ဆက်လက်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်မျိုးနှင့် ဦးသာဦးတို့က (၄၇)ကြိမ်မြောက် အသက် ၁၅ နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်)တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ဆုများချီးမြှင့်ကြသည်။

ထို့နောက် မြန်မာ့စာတိုက်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခမ်းအောင်က မြန်မာ့စာတိုက်လုပ်ငန်းမှ သမားရိုးကျဝန်ဆောင်မှုမဟုတ်ဘဲ အထူးဝန်ဆောင်မှုများအနေဖြင့် ဆောင်ရွက်ခဲ့သောစာတိုက်များမှ တာဝန်ခံများကို ဂုဏ်ပြုလွှာများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(တာဝန်)တို့ကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ်အဖြစ် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) ပထမဆုရရှိသူက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဆုရရှိသူများက စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြပြီး ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနမှ စီမံခန့်ခွဲရေးသင်တန်း၊ စာရေးဝန်ထမ်းသင်တန်းနှင့် စက်ကြီးပန်းထိုးသင်တန်းများဖွင့်



**နေပြည်တော်  အောက်တိုဘာ ၉**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးသင်တန်းကျောင်းတွင် ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများဖြစ်သော စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ်(၇၀)၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၁၀၃)နှင့် စက်ကြီးပန်းထိုးသင်တန်း အမှတ်စဉ်(၅) သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန့် တက်ရောက်အမှာစကားပြောကြားခဲ့ပြီး သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား၊ သင်တန်းသူများ စုစုပေါင်း ၂၀၅ ဦး တက်ရောက်ခဲ့သည်။

လက်ရှိဖွင့်လှစ်သည့် သင်တန်းများကို မိမိရာထူးအဆင့်နှင့်အညီ လုပ်ငန်းတာဝန်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်စေရန်၊ ချမှတ်ထားသည့် အမိန့်၊ ညွှန်ကြားချက်၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို တတ်သိနားလည်ပြီး လုပ်ငန်းခွင်စွမ်းဆောင်ရည် မြင့်မားစေရန်နှင့် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်မှုခံယူချက်၊ ယုံကြည်ချက်မှန်ကန်မှု၊ စိတ်ရင်းစေတနာ မှန်ကန်မှုတို့ကို အခြေခံပြီး အကြီးအကဲများ၏ မူဝါဒ၊ လမ်းညွှန်ချက်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်သော ပြည်သူအကျိုးပြုဝန်ထမ်းကောင်းများ ဖြစ်လာစေရန် ရည်ရွယ်ဖွင့်လှစ် လေ့ကျင့်သင်ကြားပေးနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရေကြောင်းပြအဆောက်အအုံ ဆောက်လုပ်ပြီးစီးပါက ရေကြောင်းပြလုပ်ငန်းများအပြင် သင်္ဘောများ အဝင်၊ အထွက်ပြုလုပ်ရာ ထိန်းချုပ်စခန်းဖြစ်လာမည်

ရန်ကုန်  အောက်တိုဘာ ၉

**ရန်ကုန်မြစ်ဝမှ ပင်လယ်ဘက် ရေမိုင် ၂၀ အကွာတွင် တည်ဆောက်နေသည့် ရေကြောင်းပြအဆောက်အအုံ (Fixed Pilot Station)** (အောက်ပုံ) **ဆောက်လုပ်ပြီးစီးပါက ရေကြောင်းပြလုပ်ငန်းများ ဆောင်ရွက်နိုင်ရုံသာမက ရန်ကုန်ဆိပ်ကမ်းသို့ သင်္ဘောများ အဝင်၊ အထွက် ပြုလုပ်ရာတွင် လွယ်ကူမှုရှိစေရန် ထိန်းချုပ်ရာစခန်းတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ရေကြောင်းဌာနမှူး ဦးအောင်ကျော်ထူးက ပြောသည်။**

“ရေကြောင်းပြ အဆောက်အအုံမှာ ရေကြောင်းပြမှူးကြီးတွေထားပြီး ရန်ကုန်ဆိပ်ကမ်းကို ပင်လယ်ကူးသင်္ဘောတွေ ဝင်ထွက်သွားလာနိုင်အောင် ဆောင်ရွက်သွားမယ်။ ပင်လယ်ဝမှာလည်း အမှတ်အသားတစ်ခုဖြစ်လာမယ်။ သတင်းအချက်အလက်တွေကိုလည်း ပေးလာနိုင်မယ်”ဟု ၎င်းက ပြောသည်။



ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ရုံးတွင် ရေကြောင်းပြအဆောက်အအုံ ဆောက်လုပ်ခြင်း စီမံကိန်းနှင့်စပ်လျဉ်းပြီး ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ရေကြောင်းဌာနမှူး ဦးအောင်ကျော်ထူးက ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

ရန်ကုန်မြစ်ဝမှ ပင်လယ်ဘက်သို့ ရေမိုင် ၂၀ ခန့်အကွာတွင် ရေကြောင်းပြရေယာဉ်အား ရေကြောင်းပြစခန်းအဖြစ် ကျောက်ချထားရှိပြီး ရေကြောင်းပြမှူးကြီးများက အဆိုပါ ရေကြောင်းပြရေယာဉ်တွင် စခန်းချ၍ သင်္ဘောကြီးများ ရန်ကုန်ဆိပ်ကမ်းသို့ ဝင်၊ ထွက် ဆိုက်ကပ်နိုင်ရန် မောင်းနှင်ပေးရကြောင်း၊ ရာသီဥတုဆိုးရွားချိန်တွင် ရေကြောင်းပြရေယာဉ်ကို ဘေးကင်းလုံခြုံသည့် နေရာသို့ ရွှေ့ပြောင်းနေရခြင်း၊ ရေယာဉ်ထိန်းသိမ်းစရိတ် ကြီးမြင့်လာခြင်း၊ လုံခြုံစိတ်ချမှု လျော့နည်းလာခြင်း၊ သင်္ဘောများ ဝင်၊ ထွက်သွားလာမှု များလာခြင်းကြောင့် ရေကြောင်းပြရေယာဉ်ပေါ်တွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ များလာသည့်အတွက် နေရာမလုံလောက်ခြင်းများကြောင့် ရေကြောင်းပြအဆောက်အအုံကို တည်ဆောက်ရခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

အဆိုပါစီမံကိန်းသည် အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၉ သန်း ကုန်ကျမည်ဖြစ်ပြီး စီမံကိန်းတွင် အလျား ၃၃ ဒသမ ၂ မီတာနှင့် အနံ ၃၀ ဒသမ ၄ မီတာ အရွယ် သံကူကွန်ကရစ် သုံးထပ်အဆောက်အအုံတစ်လုံး၊ ရေယာဉ်အရွယ်အစား GRT ၁၅၀၀ အရွယ် ဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတားတစ်စင်း၊ ရေကြောင်းပြအဆောက်အအုံတွင် မီးစက်၊ ရေသန့်စင်စက်၊ ရေဆိုးသန့်စင်စက်၊ ရေကြောင်းဆက်သွယ်ရေးဆိုင်ရာ ကိရိယာများ၊ ရေဒါနှင့် Pilot Boat သုံးစင်း တည်ဆောက်ခြင်းလုပ်ငန်းများ ပါဝင်မည်ဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်း ၆၅ ရာခိုင်နှုန်းကျော် ဆောက်လုပ်ပြီးစီးနေပြီဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

မြန်မာ့ဆိပ်ကမ်း အာဏာပိုင်မှ ပင်လယ်ကူးသင်္ဘောကြီးများ ပင်လယ်ဝမှ ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ထွက်သွားလာမှု လွယ်ကူစေရန် နှစ်စဉ်သောင်တူးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ သောင်တူးခြင်းလုပ်ငန်းအတွက် အမေရိကန် ဒေါ်လာ ၃ သန်းခန့် သုံးစွဲနေရကြောင်း သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ပင်လယ်ကူးသင်္ဘောကြီးများသည် ပင်လယ်ဝမှ ရန်ကုန်ဆိပ်ကမ်းသို့ တစ်လလျှင် သင်္ဘောအဝင်အစင်းရေ ၂၅၀ကျော်နှင့် ရန်ကုန်ဆိပ်ကမ်းမှ သင်္ဘော အထွက် အစင်းရေ ၂၅၀ ကျော် စုစုပေါင်း အဝင်၊ အထွက် သင်္ဘောစင်းရေ ၅၀၀ ကျော် ရှိကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှသိရသည်။

**မင်းသစ်(MNA)**

**ဓာတ်ပုံ-ဇော်မင်းလတ်**

# (၇) ကြိမ်မြောက် မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်မှုညီလာခံ အောင်မြင်စွာကျင်းပရေး အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

(၇) ကြိမ်မြောက် မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်မှု ညီလာခံ အောင်မြင်စွာ ကျင်းပရေး အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ယနေ့ အစည်းအဝေးသည် (၇) ကြိမ်မြောက် မြန်မာမီဒီယာ ဖွံ့ဖြိုးတိုးတက်မှု ညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပထမအကြိမ် တွေ့ဆုံ ဆွေးနွေးကြခြင်းဖြစ်ပါကြောင်း၊ ညီလာခံကို လာမည့် ဒီဇင်ဘာလအတွင်း နေပြည်တော်တွင် ကျင်းပသွားရန် လျာထားပါကြောင်း၊ ညီလာခံအောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ယနေ့တက်ရောက်လာကြသူများ အနေဖြင့် ပွင့်လင်းစွာ ဝိုင်းဝန်းဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း (၇) ကြိမ်မြောက် မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်မှု ညီလာခံအောင်မြင်စွာ ကျင်းပရေး အကြိုညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်သီတာတင်က (၇) ကြိမ်မြောက် မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်မှု ညီလာခံတွင် အဓိကထား၍ ဆွေးနွေးသွားမည့် ခေါင်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသည့် UNESCO၊ IMS/Fojo၊ DW Akademie၊ JICA၊ BBC Media Action၊ Myanmar Police Reform Project (Mypol) နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ တို့မှ တာဝန်ရှိသူများက မြန်မာမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီလာခံတွင် အဓိကထား၍ ဆွေးနွေးသွားမည့် ခေါင်းစဉ်များ အောက်တွင် ထည့်သွင်းဆွေးနွေးသင့်သည့် ခေါင်းစဉ်ခွဲ အကြောင်းအရာများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ထိုကဲ့သို့ ရှင်းလင်းဆွေးနွေးမှုများအပေါ် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။

မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ (၇) ကြိမ်မြောက် မြန်မာမီဒီယာ ဖွံ့ဖြိုးတိုးတက်မှုညီလာခံကို ယခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပရန် လျာထားစီစဉ်လျက်ရှိကြောင်း သိရသည်။

ပထမအကြိမ် မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်မှု ညီလာခံကို ၂၀၁၂ ခုနှစ် မတ် ၁၉ ရက်မှ ၂၀ ရက်အထိလည်းကောင်း၊ ဒုတိယ အကြိမ် မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်မှု ညီလာခံကို ၂၀၁၃ ခုနှစ် မေ ၂၀ ရက်မှ ၂၁ ရက်အထိလည်းကောင်း၊ တတိယအကြိမ်ကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၈ ရက်မှ ၁၉ ရက်အထိလည်းကောင်း၊ စတုတ္ထအကြိမ်ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်မှ ၁၁ ရက် အထိလည်းကောင်း၊ ပဉ္စမအကြိမ်ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၇ ရက်မှ ၈ ရက်အထိ လည်းကောင်း၊ ဆဋ္ဌမအကြိမ်ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၇ ရက်မှ ၈ ရက်အထိလည်းကောင်း ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာကိုယ်စားလှယ်အဖွဲ့ Asian Film Center Roundtable 2018 သို့ တက်ရောက်

**ဘူဆန် အောက်တိုဘာ ၉**

ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့၌ ယမန်နေ့ မွန်းလွဲပိုင်းတွင် ကျင်းပသည့် Asian Film Center Roundtable သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေးသည်။ **(အောက်ပုံ)**



အဆိုပါ ဆွေးနွေးပွဲသို့ ဘူဆန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ နှင့် ဘူဆန်မြို့တော်ဝန် Mr. Oh Keo - don , Korea Film Council (KOFIC) ဥက္ကဋ္ဌ Mr. Olf Seok Geun နှင့် ဘူဆန်နိုင်ငံတကာ ရုပ်ရှင်ပွဲတော် ကျင်းပရေးဥက္ကဋ္ဌ Mr. Lee Young Kwan တို့နှင့်အတူ အာရှနိုင်ငံများမှ ရုပ်ရှင်ဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့မှ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် ဦးဆောင်သော အဖွဲ့ဝင်သုံးဦး တက်ရောက်ကြသည်။

Asian Film Center Roundtable 2018 ကို အာရှနိုင်ငံများ၏ ရုပ်ရှင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းများ ရှာဖွေနိုင်ရန်၊ အာရှနိုင်ငံအချင်းချင်း ယဉ်ကျေးမှုဆိုင်ရာ ဖလှယ်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် "အာရှရုပ်ရှင်ဗဟိုဌာန" (Asia Film Center) တည်ထောင်ဖွဲ့စည်းနိုင်ရေး ရည်ရွယ်ချက်ဖြင့် ကျင်းပရာ ဆွေးနွေးပွဲတွင် အာရှ ရုပ်ရှင်ဗဟိုဌာန တည်ထောင်ရန် လိုအပ်ရခြင်းအကြောင်းရင်း၊ ၂၀၁၉ ခုနှစ်တွင် ဆောင်ရွက်ရန် လျာထားမှု၊ မျှော်မှန်းထားသည့် အကျိုးရလဒ်များ၊ ဖွဲ့စည်းပုံဆိုင်ရာများ စသည်ဖြင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် အာရှရုပ်ရှင်ဗဟိုဌာန ဖွဲ့စည်းတည်ထောင်နိုင်ရန်အတွက် အထောက်အကူပြုနိုင်မည့်အချက်များ ဆွေးနွေးမှုအပြင် မြန်မာနိုင်ငံ၏ ထူးခြားလှပပြီး ကွဲပြားခြားနားသော သဘာဝရှုခင်းများကို ရုပ်ရှင်ရိုက်ကွင်းများအဖြစ် အသုံးပြုနိုင်ရေး၊ ရုပ်ရှင်ရိုက်ကူး၊ ထုတ်လုပ်မှုမှစ၍ ရုပ်ရှင်ပြသမှု၊ ရုပ်ရှင်ရုံလုပ်ငန်းအထိ ရုပ်ရှင်ဆိုင်ရာ ကဏ္ဍမျိုးစုံတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် လာရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နိုင်ရေးတို့ကို ထည့်သွင်းဆွေးနွေးခဲ့သည်။

ဘူဆန်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ကို အောက်တိုဘာ ၄ ရက်မှ ၁၃ ရက်အထိ ကျင်းပလျက်ရှိရာ ပွဲတော်ကျင်းပစဉ်ကာလအတွင်း နိုင်ငံအလိုက် ရုပ်ရှင်ပြသ ညှော်ခံခြင်း၊ ရုပ်ရှင်ဆိုင်ရာဆွေးနွေးပွဲ ကျင်းပခြင်းများ တစ်ပြိုင်တည်း ပြုလုပ်လျက်ရှိရာ 2018 LINK of CINE – ASIA မှ Rising Asia Session တွင် ရုပ်ရှင်ပညာရှင် အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက် ဦးဆောင်သည့် အဖွဲ့ဝင်နှစ်ဦး တက်ရောက်၍ မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ရှင်းလင်းဆွေးနွေးလျက်ရှိသည်။

ထို့ပြင် Asia Film Market နှင့် Asian Project Market ကိုလည်း နိုင်ငံအသီးသီးမှ ရုပ်ရှင်ပြခန်းများဖြင့် ခင်းကျင်းပြသလျက်ရှိရာ ရုပ်ရှင်ဆိုင်ရာ ကဏ္ဍမျိုးစုံတွင် အရောင်းအဝယ်ပြုလုပ်သူများ၊ လေ့လာသူများ၊ ဆက်သွယ်မှု ရှာဖွေပြုလုပ်သူများ စသည်ဖြင့် စည်ကားလျက်ရှိသည်။

ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် "ဘူဆန်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်" ကို နှစ်စဉ် ပုံမှန်ကျင်းပနိုင်ခြင်းဖြင့် ရုပ်ရှင်ဆိုင်ရာ ပညာရပ်များ ဆွေးနွေးဖလှယ်မှုများမှတစ်ဆင့် ရုပ်ရှင်အဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်း၊ ရုပ်ရှင်ဆိုင်ရာ ဈေးကွက် ပိုမိုချဲ့ထွင်နိုင်ပြီး တိုးမြှင့်လာခြင်းများအပြင် ရုပ်ရှင်လောကနှင့် ဆက်နွှယ်ပြီး နိုင်ငံ၏ စီးပွားရေးရာ တိုးတက်မှုအတွက် များစွာအထောက်အကူဖြစ်လာစေသကဲ့သို့ ၎င်းတို့နိုင်ငံ၏ "ပုံရိပ်" ကိုလည်း မြှင့်တင်ပေးလျက်ရှိနေကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

ဒေါ်မိုးမိုးလွင်၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(JICA)၊ ဂျပန်နိုင်ငံ ပြည်တွင်းရေးရာနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန(MIC)၊ ဂျပန်စာတိုက်လုပ်ငန်း (Japan Post) တို့မှ တာဝန်ရှိသူများ Mr. Morisaki Win (Postcode Ambassador)၊ မြန်မာနိုင်ငံ တံဆိပ်ခေါင်း စုဆောင်းသူဝါသနာရှင်များ၊ မြန်မာ့စာတိုက် လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်း များ တက်ရောက်ကြပါသည်။ ဆက်လက်၍ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့၏ စာပို့သင်္ကေတများအား အသိပညာဝေငှခြင်းလုပ်ငန်းကိုလည်း တစ်ပါတည်း ဆောင်ရွက်ခဲ့ကြပါသည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူလူထုများ၏ စာဖတ်နှုန်းထားတိုးမြှင့်မှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားရှိသော လူထုအခြေပြု ဗဟိုဌာနစာကြည့်တိုက်များသို့ လှူဒါန်းပေးပို့သည့် စာအုပ်များကို မြန်မာ့စာတိုက်လုပ်ငန်းမှ အခမဲ့ ပို့ဆောင်ပေးခြင်း လုပ်ငန်းနှင့် မြန်မာ့စာတိုက်လုပ်ငန်း၏ ပုံမှန်သုံးစွဲသူ (Regular Customer) များအား ဝန်ဆောင်ခများ ဖြေလျှော့ပေးခြင်း(Discount) လုပ်ငန်းတို့ကို မြန်မာ့စာတိုက်လုပ်ငန်း တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စာတိုက်များတွင် ၁.၁၀.၂၀၁၈ ရက်နေ့မှ စတင်ဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာ့စာတိုက်လုပ်ငန်းအနေဖြင့် ဘဏ္ဍာရေးနှစ်အလိုက် ဝင်ငွေများမှာ အောက်ဖော်ပြပါအတိုင်း တိုးတက်လာသည်ကို တွေ့ရှိရပါသည်။

| ဘဏ္ဍာရေးနှစ် | ဝင်ငွေ(ကျပ်သန်း) |
|---|---|
| ၂၀၁၅ - ၂၀၁၆ | ၉,၀၀၈.၀၉၃ |
| ၂၀၁၆ - ၂၀၁၇ | ၁၂,၀၇၄.၃၅၂ |
| ၂၀၁၇ - ၂၀၁၈ | ၁၄,၆၇၂.၀၈၁ |

ဤကဲ့သို့ တိုးတက်လာရခြင်းသည် နှစ်အတန်ကြာ ကွယ်ပျောက်ခဲ့သည့် မြန်မာ့စာတိုက်လုပ်ငန်းအပေါ် သုံးစွဲသူ ပြည်သူလူထုများမှ စာတိုက်လုပ်ငန်းဝန်ဆောင်မှုများကို ယုံကြည်စွာဖြင့် ပြန်လည်သုံးစွဲလာခြင်းကြောင့် လည်းကောင်း၊ မြန်မာ့စာတိုက်လုပ်ငန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် အရာထမ်း၊ အမှုထမ်းများမှ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် စိုက်ထုတ်ကြိုးစားသော ရလဒ်များကြောင့် လည်းကောင်း ဝင်ငွေတိုးတက်လာခြင်း ဖြစ်သည်ဟု သုံးသပ်နိုင်ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်းသည် သုံးစွဲသူ မိတ်ပြည်သူများအား ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် ပြောင်းလဲကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ သုံးစွဲသူမိတ်ပြည်သူများသိရှိလိုသော အချက်အလက်များအား အလွယ်တကူ စုံစမ်းမေးမြန်းနိုင်ရန်နှင့် ဝန်ဆောင်မှုများအား ကျေနပ်မှုမရှိပါက **"သုံးစွဲသူဝန်ဆောင်မှုဌာန၊ မြန်မာ့စာတိုက်လုပ်ငန်း (ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇ - ၃၄၂၀၈၈၈" ရုံးချိန်အတွင်း** နှင့် www.facebook.com/ Myanmar Post Service / FacebookPage သို့ ဆက်သွယ်စုံစမ်းမေးမြန်းတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်းရှိ အရာထမ်း၊ အမှုထမ်း များမှ စုပေါင်းအင်အားဖြင့် မြန်မာ့စာတိုက်၏ Vision ဖြစ်သော **လူတိုင်းအတွက် မြန်မာ့စာတိုက်**ဖြစ်အောင် ကိုယ်စီတာဝန်ကျေပွန်စွာဖြင့် စာတိုက်လုပ်ငန်းသုံးစွဲသူ ပြည်သူများအပေါ် ကြီးမားသည့်အရွေ့ (ဝန်ဆောင်မှု) ပေး နိုင်အောင် ကြိုးစား ဆောင်ရွက်လျက်ရှိသဖြင့် ပြည်သူလူထုများမှလည်း မြန်မာ့ စာတိုက်လုပ်ငန်းကို ယုံကြည်စွာဖြင့် ပြန်လည်အသုံးပြုပေးကြပါရန် တိုက်တွန်းတင်ပြလိုက်ရပါသည်။ ။

# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေသော သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၁၈) ထွက်ပြီ

**နေပြည်တော် အောက်တိုဘာ ၉**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စီစဉ်ထုတ်ဝေသော **"သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ ၂၀၁၈"** စာအုပ်သည် ပြည်သူများ အသိဉာဏ်ဗဟုသုတပြည့်စုံစေရန်၊ ရာထူးဝန်စာမေးပွဲများ၊ ပြန်တမ်းဝင်ခွင့် စာမေးပွဲများဖြေဆိုရာတွင် အထောက်အကူဖြစ်စေရန်နှင့် အခြားသိရှိလိုသည့် အချက်အလက်များကို တစုတစည်းတည်း ရှာဖွေလေ့လာဖတ်ရှုနိုင်စေရန် ရည်ရွယ်၍ ၂၀၀၈ ခုနှစ်မှ စတင်ကာ နှစ်စဉ်ထုတ်ဝေခဲ့သောစာအုပ် ဖြစ်သည်။

ဤစာအုပ်တွင် မြန်မာ့ရေးရာနှင့် ပတ်သက်သည့် အချက်အလက်များ၊ တပ်မတော်ဆိုင်ရာ သိမှတ်ဖွယ်ရာ အချက်အလက်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ ဘာသာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ မြန်မာ့အထွေထွေသိမှတ်ဖွယ်ရာများ၊ နိုင်ငံတကာရေးရာ သိမှတ်ဖွယ်ရာများ၊ သံတမန်ဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ ကမ္ဘာ့အထွေထွေသိမှတ်ဖွယ်ရာများနှင့် ပတ်သက်၍ နောက်ဆုံးအခြေအနေများကို ထည့်သွင်းဖြည့်စွက်ထားပါသည်။ ထို့ပြင် နိုင်ငံ့ဝန်ထမ်းလျှောက်ထားခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာ အချက်အလက်များနှင့်ကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများလည်း ပါရှိသည်။

ထို့ပြင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်များနှင့် သဝဏ်လွှာကောက်နုတ်ချက်များ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်များနှင့် သဝဏ်လွှာကောက်နုတ်ချက်များလည်း ပါဝင်သည့်အတွက် ဗဟုသုတရှာမှီးလိုသူများ၊ ရာထူးဝင် စာမေးပွဲဖြေဆိုမည့်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ လက်ကိုင်ထားသင့်သည့် စာအုပ်ဖြစ်သည့်အပြင် အနာဂတ်နိုင်ငံတော်အတွက် လူချွန်လူကောင်းများ၊ ခေါင်းဆောင်ကောင်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစေရေးအတွက် အထောက်အကူပြုမည့် စာအုပ်ဖြစ်သဖြင့် အိမ်တိုင်းရှိ စာအုပ်စင်တိုင်းတွင် ဆောင်ထားသင့်သည့် စာအုပ်ဖြစ်သည်။

ယင်းစာအုပ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေပြီး တစ်အုပ်လျှင် ကျပ် ၂၂၀၀ နှုန်းဖြင့် နေပြည်တော်တွင် ရုံးအမှတ် (၇)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ဖုန်း ၀၆၇-၃၄၁၂၃၇၁)နှင့် ရန်ကုန်မြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂၈) သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ် (ဖုန်း ၀၁-၂၀၁၉၃၆)၊ နေပြည်တော် စာပေဗိမာန် အရောင်းဆိုင်၊ ရန်ကုန်မြို့ စာပေဗိမာန် အရောင်းဆိုင်နှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်တို့တွင် ဖြန့်ချိရောင်းချလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၈ ခုနှစ်)

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၁၈ ခုနှစ်)**

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ။)**

**(၁၃၈၀ ခုနှစ်၊ လ ရက်)**

**(၂၀၁၈ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ (၂၀၁၈ ခုနှစ်) ဟု ခေါ်တွင်စေရမည်။

၂။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေတွင်ပါရှိသော "Ministry of Finance" ဆိုသည့် စကားရပ်ကို "Ministry of Planning and Finance" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "Union Minister for Finance" ဆိုသည့်စကားရပ်ကို "Union Minister for Planning and Finance" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "Public Warehouse" ဆိုသည့်စကားရပ်ကို "Public Customs Warehouse" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ "Private Warehouse" ဆိုသည့် စကားရပ်ကို "Private Customs Warehouse" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၃။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၃ ပုဒ်မခွဲ (ပ) ၏ နောက်တွင် ပုဒ်မခွဲ(ဏ)၊ (တ) နှင့် (ထ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

Interpretation. (o) "Public Customs Warehouse" means a warehouse at the airport, seaport or inland ports (including border entry points) where goods imported or to be exported can be stored under customs control before payment of duties and taxes.

(p) "Private Customs Warehouse" means a warehouse where the individually owned goods imported or to be exported can be stored under customs control before payment of duties and taxes.

(q) "Manufacturing Customs Warehouse" means a privately owned warehouse where a person with a legal license may store the privately owned imported goods under customs control for manufacturing operations, before payment of duties and taxes.

၄။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆ ၏ နောက်တွင် ပုဒ်မ ၁၆-က ကိုအောက်ပါအတိုင်းဖြည့်စွက်ရမည်-

Power to license Manufacturing Customs Warehouse. 16-A The Director General may issue a license to a privately owned warehouse as a Manufacturing CustomsWarehouse.

၅။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၊ ပုဒ်မ ၄၃၊ ပုဒ်မ ၈၀၊ ပုဒ်မ ၁၂၀၊ ပုဒ်မ ၁၉၄၊ နောက်ဆက်တွဲဇယားပုံစံ (က) နှင့် ပုံစံ (ဂ) တို့တွင်ပါရှိသော "by sea" ဆိုသည့်စကားရပ်ကို "by any mode of transport" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉၊ ပုဒ်မ ၂၂ တို့တွင်ပါရှိသော "by any means of transport" ဆိုသည့် စကားရပ်ကို "by any mode of transport" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၃၀၊ ပုဒ်မ ၄၂ တို့တွင် ပါရှိသော "by any means" ဆိုသည့်စကားရပ်ကို "by any mode of transport" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၀၀ ပုဒ်မခွဲ (င) ၏နောက်တွင် ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

Owner's power to deal with Warehoused goods. (f) any goods imported may be processed into finished products from raw materials in a Manufacturing Customs Warehouse.

၉။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၀၅ တွင် ပါရှိသော "by sea or by inland" ဆိုသည့် စကားရပ်ကို "by any mode of transport" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ ဇယားအမှတ်စဉ် ၉ ၏ နောက်တွင် ၉-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

| Offences | Section of this Act to which offence has reference | Penalties |
|---|---|---|
| 9-A If the person chargeable with payment of duties short-levied or erroneously refunded or imposed duties and taxes or penalty or a fine upon any goods are not paid within the limited time, | 20,39 & 193 | Such person concerned shall be liable to a penalty not exceeding three times of those payment of duties short-levied or erroneously refunded or imposed duties and taxes or penalty or a fine upon any goods shall be chargeable or shall, on conviction of any such offence before a Magistrate, be liable to imprisonment for a term not exceeding three years or to fine or to both. |

၁၁။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ ဇယားအမှတ်စဉ် ၇၂ ကိုအောက်ပါအတိုင်းအစားထိုးရမည်-

| Offences | Section of this Act to which offence has reference | Penalties |
|---|---|---|
| 72. If any person makes or signs, or uses, any declaration or document used in the transaction of any business relating to the Customs, knowing or having reason to believe such declaration or document to be false in any particular, or counterfeits, falsifies or fraudulently alters or destroys any such document, or any such seal, signature, initials or other mark made or impressed by any officer of Customs in the transaction of any business relating to the Customs, or,being required under this Act to produce any document, refuses or neglects to produce such document, or, being required under this Act to answer any question put to him by an officer of Customs, does not truly answer such question. | General | Such person or any person concerned shall be liable to a penalty not exceeding three times of the customs value of the goods or such person or any person concerned shall be liable to a penalty not exceeding ten million kyats or such person or any person concerned shall, on conviction of any such offence before a Magistrate, be liable to imprisonment for a term not exceeding three years or to fine or to both. |

၁၂။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ ဇယားအမှတ်စဉ် ၈၀ ကိုအောက်ပါအတိုင်းအစားထိုးရမည်-

| Offences | Section of this Act to which offence has reference | Penalties |
|---|---|---|
| 80. If any person, without the approval of the Competent Customs Official under section 202, acts as an agent for the transaction of business as therein mentioned, | 202 | Such person or any person concerned shall be liable to a penalty not exceeding five million kyats or such person or any person concerned shall, on conviction of any such offence before a Magistrate, be liable to imprisonment for a term not exceeding three years. |

၁၃။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉၂ တွင်ပါရှိသော "fine, penalty or a fine upon any goods" နှင့် "fine, penalty or rate" ဆိုသည့် စကားရပ်ကို "imposed duties and taxes, fine or penalty or a fine upon any goods" ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

၁၄။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉၃ တွင် ပါရှိသော "penalty or a fine upon any goods" ဆိုသည့် စကားရပ်ကို "imposed duties and taxes, fine or penalty or a fine upon any goods" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ ပုဒ်မ ၂၀၂ တွင် တတိယအပိုဒ်နှင့်စတုတ္ထအပိုဒ်ကို အောက်ပါအတိုင်းအစားထိုးရမည် -

Custom-house agents. Such officer may, in case of misbehavior of the Person so authorized, confiscate security, or suspend or withdraw such approval. but an appeal against every such confiscation of security or suspension or withdrawal shall lie to the Union Minister of Planning and Finance, whose decision thereon shall be final.

Every appeal under this section shall be made within one month of the confiscation of security or suspension or withdrawal.

၁၆။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၂ ၏ နောက်တွင် ပုဒ်မ ၂၀၂-က ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

Responsibilities of Custom-house agent for Customs declaration, calculation and payment of Duties and taxes and other amounts payable. 202-A Such person shall be responsible to declare complete and accurate facts and figures in the Customs declaration in due time.

၁၇။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(ခ) ၏ နောက်တွင် ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

Rules to be notified. (c) All rules made under this Act shall be notified in the Gazette. All such rules for the time being in force shall be collected, arranged and published at intervals not exceeding two years, and shall be sold to the public at reasonable price.

၁၈။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၈ ၏နောက်တွင် ပုဒ်မ ၂၀၈-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

Customs Transit. 208-A Customs Transit procedure is applicable with the goods which are transported under Customs control from one Customs office to another.

၁၉။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၉ ၏ နောက်တွင် ပုဒ်မ ၂၁၀၊ ပုဒ်မ ၂၁၁၊ ပုဒ်မ ၂၁၂၊ ပုဒ်မ ၂၁၃၊ ပုဒ်မ ၂၁၄ နှင့် ပုဒ်မ ၂၁၅ တို့ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

Responsibilities of Ministries concerned to Cooperate. 210 Any Ministry concerned shall, within the scope of their respective tasks and powers, be responsible for coordinating and cooperating with the Ministry of Planning and Finance for the performance of electronic Customs (e-Customs) or Single Window.

Amount of fees. 211 Customs Declarant, users of electronic Customs (e-Customs) or Single Window, shall pay the amount of fees prescribed by the Director General of Customs from time to time.

*(ဆက်လက်ဖော်ပြပါမည်)*

# အုပ်ချုပ်ရေးအဖွဲ့တွေ၊ တရားစီရင်ရေးနဲ့ဆက်စပ်တဲ့ အဖွဲ့တွေကလည်း ပြည်သူတွေကို ဥပဒေလိုက်နာသော အလေ့အကျင့် ပျိုးထောင်ပေးဖို့ လိုအပ်တယ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်

## တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများလုံခြုံရေးအတွက် စကားဝိုင်းဆွေးနွေး

ပြည်သူများအတွက် တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးရေးစကားဝိုင်းခေါင်းစဉ် ဒုတိယပိုင်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးဟန်ညွန့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်နိုင်သူနှင့် ရန်ကုန်တိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အဖွဲ့ဝင် နိုင်ငံတော်ဗဟိုလစ်နှင့် တရားလွှတ်တော်ရှေ့နေ ဦးအောင်စိုးတို့က နေပြည်တော် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(တပ်ကုန်း)ရှိ စတူဒီယိုခန်းမ၌ အောက်တိုဘာ ၄ ရက်က ဆက်လက်ဆွေးနွေးခဲ့ကြသည်။


ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်


ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်


အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင် ဦးဟန်ညွန့်


မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်နိုင်သူ


တရားလွှတ်တော်ရှေ့နေ ဦးအောင်စိုး

*(ယမန်နေ့မှ အဆက်)*

**ဦးအောင်စိုး။** ။ဒီအချိန်ကတော့ ရာဇဝတ်မှုတွေ၊ စိန်ခေါ်မှုတွေကတော့ အင်မတန်ထူပြောတဲ့အချိန်လို့ ပြောရမှာပေါ့။ အရင်တုန်းကတော့ ရာဇဝတ်မှုဆိုတာက တောမြို့တွေမှာ ဖြစ်တာများတယ်။ လူမမြင်တဲ့ နေရာ၊ လူတွေနဲ့ဝေးတဲ့ အရပ်မျိုးတွေ၊ ဆိတ်ကွယ်ရာအရပ်တို့ ဒီလိုနေရာမျိုးမှာဖြစ်ပြီးတော့ သာမန်မြို့ပေါ်မှာတော့ မဖြစ်ဘူးပေါ့။ အခုကတော့ ရန်ကုန်၊ မန္တလေးစတဲ့ မြို့ကြီးတွေပေါ်မှာ ပြောင်ပြောင်တင်းတင်းဖြစ်လာတာတွေ တွေ့နေရတယ်။

ဒါကတော့ ပြည်သူတွေက ရာဇဝတ်မှုတွေများလာတဲ့အချိန်မှာ ထိတ်လန့်တုန်လှုပ်လာကြတယ်။ မန္တလေးလိုမြို့ကြီးမှာကအစ ကားငှားစီးတယ်။ ကားငှားစီးရင်လည်း တက္ကစီသမားကို စိတ်မချရဘူး။ ဆိုင်ကယ်ငှားစီးရင်လည်း ဆိုင်ကယ်သမားကို စိတ်မချရဘူး။ သက်ငယ်မုဒိမ်းမှုတွေ၊ အချင်းချင်းမကျေနပ်လို့ အုပ်စုဖွဲ့ပြီးတော့ ဓားနဲ့ခုတ်ကြတာ။ သတ်ကြတာတွေ အခုခေတ်ကတော့ ထူးဆန်းတဲ့ ပုံစံအမျိုးမျိုးနဲ့ ကျူးလွန်ကြတယ်။

### ပြစ်မှုကျူးလွန်တဲ့ပုံစံတွေကို အတုခိုးတာ

ဘာကြောင့်လဲလို့ ကြည့်လိုက်တဲ့အခါ အကြောင်းနှစ်ချက်ကို သွားတွေ့တယ်။ ပထမတစ်ချက်က ပြစ်မှုကျူးလွန်တဲ့ပုံစံတွေကို အတုခိုးတာ။ အတုခိုးတာကလည်း မီဒီယာတွေကနေပြနေတဲ့ Crime တွေ၊ ဒါတွေဟာ ဘယ်လောက်ပဲဆင်ဆာဖြတ်တယ် ပြောပြော၊ တယ်လီဖုန်းတွေမှာ လူငယ်တွေဆိုတာက လေ့ကျင့်နေသလိုဖြစ်နေတာ ဒါက တစ်ချက်။ နှစ်အချက်ကတော့ စီးပွားရေးမပြေလည်တာတွေ ပါတာပေါ့။ စီးပွားရေးနဲ့ ရာဇဝတ်မှုဆိုတာကလည်း အချိုးကျနေတာမျိုးပါ။

နောက်တစ်ခုကတော့ ဘာသာတရား၊ ဘာသာတရားရဲ့ အထိန်းအကွပ်အောက်မှာ လူငယ်တွေက ရှိမလာကြဘူး။ ဆိုးရွားတာကတော့ မူးယစ်ဆေးဝါး၊ မူးယစ်ဆေးဝါးကိုတော့ အရင်တုန်းက ကျွန်တော်တို့သိတာက ပိုက်ဆံရှိတဲ့ သားသမီးတွေသာ ဒီဘိန်းဖြူတို့ ဘာတို့ သုံးကြတယ်။ အခုဟာကတော့ ကျွန်တော်လည်း မြန်မာပြည်အနှံ့ ကျေးလက်တောရွာတွေ ရောက်တဲ့အခါမှာ မယုံနိုင်လောက်အောင် မူးယစ်ဆေးဝါးက လွယ်လွယ်ကူကူရနေတယ်။ ကျွန်တော်ပြောတဲ့ ပုံစံမျိုးမဟုတ်တော့ဘဲနဲ့ ဆေးပြားလေးတွေရယ်၊ ကော်ရှူတာတွေက လမ်းဘေးက ကလေးတွေကအစ။ အဲဒါတွေက လူ့စိတ်ကို ဖောက်ပြားစေတာပေါ့။ အကျင့်စာရိတ္တတွေလည်း ပျက်ပြားစေတာပေါ့။

အဲဒီတော့ ဒီမှာ ကျွန်တော်တို့ဆီမှာ တဖြည်းဖြည်းနဲ့ လူတွေရဲ့ရှေ့မှာ သုံးလောင်းပြိုင်တို့၊ လေးလောင်းပြိုင်တို့၊ ငါးလောင်းပြိုင်တို့ ဒီလိုမျိုးအမှုတွေဖြစ်တယ်။ ဆိတ်ကွယ်ရာ မဟုတ်တော့ဘဲ လူမြင်ကွင်းမှာပါ လူသတ်မှုတွေဖြစ်လာတယ်။ နိုင်ငံတကာလေဆိပ်လိုဟာမျိုးမှာ ဖြစ်လာတယ်။ အဲဒီတော့ ဒီမှာဘာတွေကို စဉ်းစားရမလဲဆိုတော့ တချို့ဟာတွေက မှုခင်းကို သူ့ရဲ့အခြေအနေအရ ကျူးလွန်တာ၊ သူ့စိတ်ကို မထိန်းနိုင်လို့၊ သူ့ရဲ့ဒေါသကြောင့်ဖြစ်တာ။

### နိုင်ငံရဲ့ပုံရိပ်ကျအောင် မှုခင်းတွေဖန်တီး

နောက်တစ်ခုကတော့ ကျွန်တော်တို့နိုင်ငံရဲ့ ပုံရိပ်ကိုကျအောင်လို့ တမင်မှုခင်းတွေကို ဖန်တီးလာတယ်ဆိုတာကိုလည်း လေ့လာသုံးသပ်လို့ရတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့နိုင်ငံသစ်ကို ထူထောင်တယ်ဆိုတဲ့အခါမှာ ထူထောင်တဲ့အုပ်စုနဲ့၊ အစိုးရအဖွဲ့နဲ့ အားလုံးက ထူထောင်နေသလို ဖျက်ရမယ်ဆိုတဲ့ အုပ်စုတစ်စုလည်း ရှိနေမှာပါ။ ဒါကတော့ အရာရာတိုင်းမှာ ဖြစ်ပြီးရင် ပျက်ပဲလေ။ အဲဒီလို ဖျက်ဆီးသူတွေရှိတဲ့အခါမှာ ဒီရာဇဝတ်မှုတွေဟာ တမင်ဖန်တီးတာလားဆိုတာလည်း သုံးသပ်ရပါတယ်။ နောက်တစ်ခုက ရိုးရိုးရာဇဝတ်မှုတင်မကဘဲနဲ့ ဓာတ်ဆီဈေးတွေတက်လာတယ်။ ဒေါ်လာတွေ တက်လာတယ်။ ရွှေဈေးတွေတက်လာတယ်။ ဒါတွေဟာ စီးပွားရေးသမားတွေရဲ့ လောဘပဲပေါ့။ လောဘဆိုတာ ရိုးရိုးလောဘဆိုရင် ဗူဇကာစစ်ဆင်ရေးတို့ ဘာတို့ပေါ့။ အရင်ကလည်း ရှိခဲ့တယ်။ ဒါပေမယ့် အခုဟာက အချိန်ကိုက်တွေဖြစ်ဖြစ်နေတာ ခက်တယ်။ ဥပမာ နိုင်ငံရေးအပြောင်းအလဲတွေ ဖြစ်တော့မယ် အချိန်မျိုးတွေ၊ ကျွန်တော်တို့ နိုင်ငံတည်ဆောက်နေရတာ အင်မတန်ခက်ပါတယ်။ စိန်ခေါ်မှုတွေအများကြီး စီးပွားရေးတွေရော၊ ဘာသာရေးတွေရော အဲဒီကြားထဲမှာ ဒီလိုရည်ရွယ်ချက်ရှိရှိလုပ်ရင်တော့ စောင့်ကြည့်ဖို့လိုတယ်။ ဒီဟာတွေက ခုနက ကျွန်တော်တို့ သာမန်ကိစ္စတွေ မဟုတ်ဘူး။ ပြန်ချုပ်ကြည့်မယ်ဆိုရင် စိန်ခေါ်မှုတွေဟာ တစ်ဦးချင်းတစ်ယောက်ချင်းစီတိုင်းရဲ့ ဘဝကို စိန်ခေါ်နေသလို နိုင်ငံကြီးတစ်ခုလုံးရဲ့ ဘဝကိုပါစိန်ခေါ်နေတဲ့အတွက် ဒီစိန်ခေါ်မှုတွေကိုတော့ ကျွန်တော်တို့ အားလုံးဝိုင်းဝန်းပြီးတော့ ဖြေရှင်းမှသာလျှင် ရမယ်ဆိုတာကို တင်ပြအပ်ပါတယ်။

**အစီအစဉ်မှူး။ ။ အခုနက ဆွေးနွေးခဲ့ကြတဲ့ တရားဥပဒေစိုးမိုးရေးဆိုင်ရာ စိန်ခေါ်မှုတွေနဲ့ အခက်အခဲတွေကို ကျော်လွှားနိုင်ဖို့ ဘယ်လိုပူးပေါင်းဆောင်ရွက်လို့ရမလဲဆိုတာ ဆက်လက်ပြီး ဆွေးနွေးပေးပါဦး။**

**ဦးမျိုးတင့်။** ။လတ်တလော တရားဥပဒေစိုးမိုးမှုကို စိန်ခေါ်နေတဲ့၊ ပထမပိုင်းဆွေးနွေးခဲ့တဲ့ အကြောင်းအချက်တွေကို ဖြေရှင်းဖို့ကတော့ ကျွန်တော့်ရဲ့အမြင်ကတော့ တရားဥပဒေ စိုးမိုးရေးဆောင်ရွက်နေတဲ့ တရားစီရင်ရေးနဲ့ဆက်စပ်တဲ့ဌာနတွေ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေ၊ ဒီအဖွဲ့အစည်းတွေမှာပဲ တာဝန်ရှိတယ်လို့ သာမန်ထင်မယ်ဆိုရင်တော့ မှန်ကန်မှာမဟုတ်ပါဘူး။ တကယ်တော့ ဒီစိန်ခေါ်မှုတွေကို ရင်ဆိုင်ကျော်လွှားနိုင်ဖို့က ပြည်သူအားလုံးနဲ့သက်ဆိုင်တယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ ဒါကြောင့် ပြည်သူတွေကပါ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းတွေ၊ တရားစီရင်ရေးနဲ့ဆိုင်တဲ့ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြဖို့ လိုအပ်နေပြီ။ ဒါကြောင့် တစ်ဖက်က ကျွန်တော်တို့ အုပ်ချုပ်ရေးအဖွဲ့တွေ၊ တရားစီရင်ရေးနဲ့ ဆက်စပ်တဲ့ အဖွဲ့တွေကလည်း ပြည်သူတွေကို ဥပဒေကို လိုက်နာသော အလေ့အကျင့် ပျိုးထောင်ပေးဖို့ လိုအပ်တယ်။

အဲဒီလိုဆောင်ရွက်တဲ့အခါမှာ အုပ်ချုပ်ရေးအဖွဲ့တွေကလည်း ဥပဒေပညာပေး ပြည်သူတွေအထိ အသိပညာပေးဖို့ ဆွေးနွေးပွဲတွေ၊ ဟောပြောပွဲတွေမှာ အားလုံးပါဝင်ပြီးတော့ ပြည်သူတွေကို ပညာပေးဖို့ လိုအပ်ပြီ။ ပြည်သူတွေကလည်း အခုလို တရားဥပဒေစိုးမိုးရေးကို စိန်ခေါ်နေတဲ့ အချက်တွေကြောင့် သူတို့ရဲ့ဘဝလုံခြုံမှုအပေါ်မှာ စိုးတထိတ်ထိတ်ဖြစ်နေရတာကို ခံစားနေရတာဖြစ်တဲ့အတွက် အုပ်ချုပ်ရေးအဖွဲ့တွေ၊ တရားစီရင်ရေးနဲ့ ဆက်စပ်သော အဖွဲ့များအနေနဲ့ ပူးပေါင်းပါဝင်ပေးကြပါလို့ ကျွန်တော့်အနေနဲ့ ဒီနေရာက ပြောချင်ပါတယ်။

**ဦးဝင်းမြင့်။** ။တရားဥပဒေစိုးမိုးရေးလို့ မြင်လိုက်တာနဲ့ မှုခင်းဖြစ်ပွားမှုတွေကိုပဲ တိုက်ရိုက်မြင်မိကြပါတယ်။ တကယ်တော့ တရားဥပဒေစိုးမိုးရေးဟာ နိုင်ငံတော်ရဲ့ကဏ္ဍအားလုံး၊ ပြည်သူလူထု ထိတွေ့ဆက်ဆံဆောင်ရွက်နေရတဲ့ ကိစ္စအားလုံးနဲ့ သက်ဆိုင်မှုရှိပါတယ်။

တရားမျှတတဲ့ ဥပဒေတွေ ကဏ္ဍအသီးသီးမှာ စိုးမိုးမှုရှိနေဖို့လိုပါတယ်။ ဥပဒေသည်သာ စိုးမိုးရမှာဖြစ်လို့ ဥပဒေအထက်တွင် မည်သူမျှရှိနေလို့ မရပါဘူး။ ဥပဒေအရာမှာ အားလုံးက တန်းတူညီမျှဖြစ်ပါတယ်။ နိုင်ငံတော်အတွင်းမှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေ၊ နည်းဥပဒေတွေ၊ အမိန့်ကြော်ငြာစာတွေ၊ စည်းမျဉ်းစည်းကမ်းတွေ၊ အမိန့်တွေ၊ ညွှန်ကြားချက်တွေအားလုံးဟာ ဌာနအဖွဲ့အစည်းအသီးသီးက ထိထိရောက်ရောက်နဲ့ မှန်မှန်ကန်ကန် အကောင်အထည်ဖော်ဆောင်ရွက်ဖို့လိုသလို နိုင်ငံအတွင်းမှာ နေထိုင်ကြတဲ့ နိုင်ငံသူ နိုင်ငံသားအားလုံးကလည်း ဥပဒေနဲ့အညီနေထိုင်၊ ပြုမူ၊ ကျင့်ကြံဖို့ လိုအပ်တယ်လို့ တင်ပြလိုပါတယ်။

တရားဥပဒေစိုးမိုးရေး တိုးတက်ကောင်းမွန်ဖို့ဆိုတာက အားလုံးပူးပေါင်းဆောင်ရွက်တဲ့နေရာမှာ အဓိကထားပြီး တင်ပြချင်တာက ပူးပေါင်းဆောင်ရွက်ခြင်းနဲ့ ညှိနှိုင်းဆောင်ရွက်ခြင်းဆိုတဲ့ အပိုင်းနှစ်ပိုင်းရှိပါတယ်။ အားလုံးက ပူးပေါင်းဆောင်ရွက်ခြင်းနဲ့ ညှိနှိုင်းဆောင်ရွက်ခြင်းဆိုတဲ့ အပိုင်းနှစ်ပိုင်းကို ထိထိရောက်ရောက် ဆောင်ရွက်ကြမှ အောင်မြင်စွာ ပုံဖော်နိုင်မှာဖြစ်ပါတယ်။

### တရားဥပဒေစိုးမိုးရေး စည်းကမ်းတကျဆောင်ရွက်

တရားဥပဒေစိုးမိုးရေးလို့ ပြောလိုက်တာနဲ့ တရားရုံး၊ ရဲတပ်ဖွဲ့၊ ဥပဒေရုံးလို့ မြင်ကြပါတယ်။ တကယ်တော့ တရားဥပဒေစိုးမိုးရေးဆိုတာ စည်းကမ်းတကျ ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ စည်းကမ်းတကျဖြစ်အောင် ကြပ်မတ်ကွပ်ကဲတာ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အနီးစပ်ဆုံး ဥပမာ ပြောရမယ်ဆိုလို့ရှိရင် ပလက်ဖောင်းပေါ်မှာ ဈေးမရောင်းရဘူး။ ယာဉ်တွေ စနစ်တကျ ရပ်နားရအောင်၊ အမှိုက်မပစ်ရအောင် စတဲ့ သာမန်ကိစ္စရပ်တွေ ဆောင်ရွက်နေခြင်းဟာ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေရခြင်းရဲ့ အခြေခံသဘောတရားတွေပဲ ဖြစ်ပါတယ်။ အဲဒီတော့ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်တဲ့နေရာမှာ တစ်ဦးတစ်ယောက်တည်း၊ တစ်ဖွဲ့တည်းနဲ့ လုပ်ဆောင်လို့ အောင်မြင်နိုင်မှာ မဟုတ်ပါဘူး။ အားလုံးကဏ္ဍအသီးသီး၊ ပုဂ္ဂိုလ်အသီးသီးကနေပြီးတော့ ပူးပေါင်းပါဝင်ပြီးတော့ ဆောင်ရွက်နိုင်မှ၊ ပြည်သူနဲ့ပူးပေါင်းဖို့က အဓိကကျပါတယ်။

အများပြည်သူတွေရဲ့ နေ့စဉ်ဘဝမှာ ဌာနဆိုင်ရာနဲ့ ပြည်သူတွေ၊ ပြည်သူနဲ့ ဌာနဆိုင်ရာတွေက အပြန်အလှန် နိစ္စဓူဝထိတွေ့ဆက်ဆံနေရပါတယ်။ ဥပမာပြောရမယ်ဆိုရင် ကလေးတွေကျောင်းအပ်တာ၊ ဆေးရုံမှာ ဆေးကုသမှုခံယူတာ၊ နိုင်ငံသားစိစစ်ရေးကတ် သွားထုတ်တာ၊ နိုင်ငံကူးလက်မှတ်ထုတ်တာ၊ မြေစာရင်းမှာ ပုံသွားကူးတာ၊ မြေဂရန်ထုတ်တာ၊ အဆောက်အအုံဆောက်လုပ်ခွင့်တင်တာ စသည်ဖြင့်ပေါ့လေ ကိစ္စအသီးသီးဟာ နိစ္စဓူဝ ပြည်သူနဲ့ ဌာနဆိုင်ရာတွေ ဆက်စပ်နေတဲ့ အပိုင်းကဏ္ဍဖြစ်ပါတယ်။

အဲဒီလို အများပြည်သူက မိမိတို့ရဲ့ ကိစ္စတွေ ဆောင်ရွက်တဲ့နေရာမှာ ဌာနဆိုင်ရာတွေရဲ့ လုပ်ငန်းသဘာဝနားလည်ဖို့အပြင် မိမိရဲ့ ကိုယ်ကျိုးအတွက် မမှန်ကန်တဲ့ နည်းလမ်းတွေနဲ့ မချဉ်းကပ်ဖို့ လိုပါမယ်။ ဒါကို အသိရှိရှိနဲ့ သူတို့ကိုယ်နှိုက်က ရှောင်ကြဉ်ဖို့၊ ဆန့်ကျင်ဖို့လိုအပ်ပါတယ်။ ဌာနဆိုင်ရာတွေဘက်ကလည်း မိမိတို့ လုပ်ငန်းတာဝန်တွေကို ဥပဒေနဲ့အညီ ကျေကျေလည်လည် စေတနာထားပြီး ဆောင်ရွက်ဖို့လိုတယ်လို့ တင်ပြလိုပါတယ်။ ခြုံပြီးပြောရမယ်ဆိုလို့ရှိရင်တော့ တရားဥပဒေစိုးမိုးရေးဟာ တစ်နေ့၊ တစ်လ၊ တစ်နှစ်တည်းနဲ့ ဆောင်ရွက်ရမယ့် ကိစ္စမဟုတ်ဘဲ အစဉ်တစိုက် အမြဲဝိုင်းဝန်းပြီးတော့ ပူးပေါင်းဆောင်ရွက်ကြဖို့ လိုပါတယ်။

*စာမျက်နှာ ၁၁ သို့*

**“အများပြည်သူက မိမိတို့ရဲ့ကိစ္စတွေ ဆောင်ရွက်တဲ့နေရာမှာ ဌာနဆိုင်ရာတွေရဲ့ လုပ်ငန်းသဘာဝနားလည်ဖို့အပြင် မိမိရဲ့ကိုယ်ကျိုးအတွက် မမှန်ကန်တဲ့နည်းလမ်းတွေနဲ့ မချဉ်းကပ်ဖို့ လိုပါမယ်။ ဒါကို အသိရှိရှိနဲ့ သူတို့ကိုယ်နှိုက်က ရှောင်ကြဉ်ဖို့၊ ဆန့်ကျင်ဖို့ လိုအပ်ပါတယ်။ ဌာနဆိုင်ရာတွေဘက်ကလည်း မိမိတို့လုပ်ငန်းတာဝန်တွေကို ဥပဒေနဲ့အညီ ကျေကျေ လည်လည် စေတနာထားပြီး ဆောင်ရွက်ဖို့လိုတယ်”**

# ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ (၄/၂၀၁၈) ကြိမ်မြောက် အစည်းအဝေး ကျင်းပ

**စစ်တွေ အောက်တိုဘာ ၉**

ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁နာရီတွင် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အတည်ပြုမိန့် ပေးအပ်သွားမည်**

အစည်းအဝေးတွင် ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ယနေ့သည် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံရန် အတည်ပြုလွှာများ တင်ပြလာခြင်းအပေါ် စိစစ်ပြီး ပထမအကြိမ် အတည်ပြုမိန့် ပေးအပ်သွားမည်ဖြစ်သည့်အတွက် မင်္ဂလာရှိသောနေ့တစ်နေ့ ဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း ယခုလို ရင်းနှီးမြှုပ်နှံမှုများရရှိလာအောင် ဖိတ်ခေါ်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရခိုင်ပြည်နယ်အနေဖြင့် ရင်းနှီးမြှုပ်နှံမှုများကို ရသလောက်ဖိတ်ခေါ်ပြီး ဆောင်ရွက်သွားရန် မှာကြားထားပါကြောင်း၊ ကော်မတီအဖွဲ့ဝင်များကလည်း ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပေးကြစေလိုကြောင်း၊ ယခုအချိန်တွင် ရင်းနှီးမြှုပ်နှံသူများလည်း တိုးတက်လာပြီဖြစ်ကြောင်း၊ အတည်ပြုမိန့်ရရှိသော ကုမ္ပဏီကလည်း ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ မိမိတို့ဘက်ကလည်း တတ်နိုင်သလောက် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်သည့်အခါလည်း ဥပဒေ၊ လုပ်ထုံး၊ လုပ်နည်း၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ကြစေလိုကြောင်း၊ သို့မှသာ အစကောင်းပြီး ရေရှည်ကိုလည်း အောင်မြင်စွာ လုပ်ဆောင်နိုင်မည်ဖြစ်သည့်အတွက်ကြောင့် တာဝန်ရှိသူများက ဝိုင်းဝန်းကြိုးစားပေးကြစေလိုကြောင်း ပြောကြားသည်။

**အကြံပြုဆွေးနွေး**

ထို့နောက် ကော်မတီအတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာထူးမင်းသိမ်းက ကော်မတီ၏ (၃/၂၀၁၈) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများ၊ အတည်ပြုလျှောက်ထားလွှာ လက်ခံခြင်း၊ စိစစ်ခြင်းနှင့် အတည်ပြုမိန့်ထုတ်ပေးခြင်းတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ကော်မတီအဖွဲ့ဝင်များက တင်ပြချက်များအပေါ် အကြံပြုဆွေးနွေးကြသည်။

**အတည်ပြုလွှာ ပေးအပ်**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ကော်မတီအဖွဲ့ဝင်များက ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ပထမဆုံးအကြိမ် ရင်းနှီးမြှုပ်နှံမှု အတည်ပြုမိန့်ရရှိသည့် မာန်အောင်ရတနာကုမ္ပဏီလီမိတက်အား အတည်ပြုလွှာ ပေးအပ်ကြသည်။

အဆိုပါကုမ္ပဏီသည် မာန်အောင်ကျွန်းတွင် အော်ဂဲနစ်အုန်းသီးအခြေပြု အုန်းဆီသန့်၊ စားသောက်ကုန်နှင့် အခြားလူသုံးကုန်ပစ္စည်းများ ပေါင်းစပ်ထုတ်လုပ်မှုလုပ်ငန်းအတွက် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ပထမဆုံးအကြိမ် အတည်ပြုမိန့်ရရှိခြင်းဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# Assemble Board House အလုံး ၉၀ နှင့် ဆက်စပ်လုပ်ငန်းများ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်

**နေပြည်တော် အောက်တိုဘာ ၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် ရခိုင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံတို့သည် အောက်တိုဘာ ၈ ရက်တွင် မောင်တောမြို့နယ် လှဖိုးခေါင်ကြားစခန်း၌ ဆောက်လုပ်ရေးဝန်ကြီးဌာန မောင်တောခရိုင် လမ်းဦးစီးဌာနမှ တာဝန်ယူတည်ဆောက်သော ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် Assemble Board House အလုံး ၉၀၊ အဝီစိတွင်းများ၊ အုတ်ရေကန်များ၊ သန့်စင်ခန်းများနှင့် ပတ်လမ်းကျောက်ခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး အဆိုပါလုပ်ငန်းများအား ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံအား လွှဲပြောင်းပေးအပ်သည်။ **(အောက်ပုံ)** ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စခန်းအတွင်း CITF ၏ ကြီးကြပ်မှုဖြင့် ဆောက်လုပ်ပြီးစီးနေသော အဆောက်အအုံများ၏ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။




**မြေနေရာများ သတ်မှတ်**

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကြိမ်ချောင်းတောင် အိမ်ရာစခန်းသို့ ရောက်ရှိခဲ့ကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောက်လုပ်နေသော အိမ်ရာအဝင်လမ်းနှင့် မျက်နှာစာလမ်း ကျောက်လမ်းခင်းခြင်းလုပ်ငန်းအား လည်းကောင်း၊ CITF ၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီနှစ်ခုမှ ဆောက်လုပ်နေသော အိမ်ရာများအား လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးရာ ဌာနနှင့် CITF မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြသည်။ ထို့နောက် ယင်းစခန်းတွင် ဂျပန်အစိုးရမှ ဆောက်လုပ်လှူဒါန်းမည့် အိမ်ရာ ၆၅ လုံးနှင့် လူထုအခြေပြုစင်တာတစ်လုံး ဆောက်လုပ်ရန်အတွက် မြေနေရာများ သတ်မှတ်ပေးခဲ့ကြသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မောင်တော - ကြိမ်ချောင်း - ဗန္ဒုလ လမ်းတစ်လျှောက် တိုးတက်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ညနေပိုင်းတွင် အိုးထိန်းရွာစခန်းသို့ ရောက်ရှိခဲ့ကြသည်။ ထိုစခန်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူတည်ဆောက်နေသော အိမ်ရာစခန်း အဝင်လမ်းနှင့် မျက်နှာစာလမ်း ကျောက်ခင်းခြင်းလုပ်ငန်းများကို လည်းကောင်း၊ CITF ၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီလေးခုမှ အိမ်ရာများတည်ဆောက်ပြီးစီးနေမှု အခြေအနေများကို လည်းကောင်း၊ ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ ထို့နောက် ယင်းစခန်းတွင် ဂျပန်အစိုးရက ဆောက်လုပ်လှူဒါန်းမည့် အိမ်ရာ ၆၅ လုံးနှင့် လူထုအခြေပြုစင်တာ တစ်လုံးတည်ဆောက်ရန်အတွက် မြေနေရာအား လိုက်လံကြည့်ရှုခဲ့ကြပြီး မြေနေရာများ သတ်မှတ်ပေးခဲ့ကြသည်။

**လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်း**

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ယနေ့တွင် Asia World Co,.Ltd မှ တာဝန်ယူ တည်ဆောက်နေသော မောင်တော - အင်ူမော်လမ်းတစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။ ထိုသို့စစ်ဆေးရာ၌ ၃၈ ကီလိုမီတာတွင် လမ်းဖြောင့်ဆောင်ရွက်မည့်နေရာအား လည်းကောင်း၊ ၂၄ ကီလိုမီတာအနီးတွင် ကွန်ကရစ်လမ်းခင်းထားမှု အခြေအနေကိုလည်းကောင်း ကြည့်ရှုကြပြီး လုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ ရောက်ရှိခဲ့ရာ ကုမ္ပဏီမှ တာဝန်ရှိသူများက ၎င်းတို့တာဝန်ယူ ဆောင်ရွက်နေသော ကွန်ကရစ်လမ်းခင်းမည့် အစီအစဉ်နှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ရာ ဒုတိယဝန်ကြီးက နည်းပညာဆိုင်ရာ လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

**ဦးဟန်ညွန့်။** ။ဆရာတို့ ခုနကဆွေးနွေးသွားတဲ့ တရားဥပဒေစိုးမိုးရေးစကားဝိုင်းမှာ အားလုံးဆွေးနွေးသွားကြတဲ့အတိုင်း တရားဥပဒေစိုးမိုးရေးဆိုင်ရာ စိန်ခေါ်မှုတွေကတော့ အံ့သြလောက်အောင် သတိပြုစရာများ၊ သတိပြုဖွယ်များဖြစ်နေပါပြီ။ ဒီလိုသတိပြုဖွယ် ဖြစ်နေတဲ့ တရားဥပဒေစိုးမိုးရေးဆိုင်ရာ စိန်ခေါ်မှုတွေ အခက်အခဲတွေကို ကျွန်တော်တို့ လက်ပိုက်ပြီးတော့ ကြည့်နေကြမှာလား၊ ကျွန်တော်တို့ ပြည်သူတွေ ဒီစိန်ခေါ်မှုတွေကို အရှုံးပေးကြတော့မှာလား။ တရားမျှတမှုကို ချစ်မြတ်နိုးကြတဲ့ ပြည်သူအပေါင်းက ဘာလုပ်ကြမှာလဲ။ မင်းမဲ့စရိုက်တွေကို ကျွန်တော်တို့ လက်ပိုက်ပြီးတော့ ကြည့်နေကြမှာလား။ အဂတိလိုက်စားမှုတွေကိုရော ကျွန်တော်တို့က ထပ်ဆင့်ပြီးတော့ အားပေးနေကြဦးမှာလား။ အဂတိလိုက်စားမှုတွေကို တိုက်ဖျက်ကြမှာလား။ ဘယ်လိုတိုက်ဖျက်ကြမှာလဲ။ ဘယ်လိုပါဝင်ကြမှာလဲဆိုတဲ့ သန္နိဋ္ဌာန်တွေ၊ ရည်ရွယ်ချက်တွေ ရုန်းကန်လှုပ်ရှားမှုတွေ၊ အလုပ်တွေနဲ့ ရဲရဲဝံ့ဝံ့ သက်သေပြရမယ့် အခိဋ္ဌာန်ပြုရမယ့် အချိန်ကို ရောက်ရှိနေပါပြီ။

အဂတိလိုက်စားမှုကို ထိန်းချုပ်ဖို့ ကမ္ဘာ့နိုင်ငံအသီးသီးကို ကျွန်တော်တို့ လေ့လာကြည့်ရှုတဲ့အခါမှာလည်း အဂတိလိုက်စားမှုကို ထိန်းချုပ်ဖို့ အမျိုးအစားပုံစံ သုံးမျိုးနဲ့ ဆောင်ရွက်နေတာတွေရှိရပါတယ်။

**ကမ္ဘာမှာ လေ့လာတွေ့ရှိ**

အမျိုးအစား(၁)ကတော့ အဂတိလိုက်စားမှုဆန့်ကျင်ဖို့ ဥပဒေတွေ ပြဋ္ဌာန်းပြီးတော့ အာဏာပိုင်အဖွဲ့တွေကို သီးခြားဖွဲ့စည်းမထားတဲ့ အမျိုးအစားဖြစ်ပါတယ်။ နောက် ဒုတိယအမျိုးအစားကတော့ အဂတိလိုက်စားမှုဆန့်ကျင်ရေးဆိုင်ရာ ဥပဒေတွေကို ပြဋ္ဌာန်းတယ်။ ဒီလိုပြဋ္ဌာန်းပြီးတော့ ဥပဒေတွေကို ကြပ်မတ်ဖို့အတွက် အာဏာပိုင်အဖွဲ့အစည်းအများကြီး၊ တစ်ဖွဲ့တည်းမကပါဘူး။ အများအပြားကို ဖွဲ့စည်းထားတယ်ဆိုတဲ့ အမျိုးအစားကိုလည်း ကမ္ဘာမှာ လေ့လာတွေ့ရှိရပါတယ်။

ဆက်လက်ပြီးတော့ တတိယအမျိုးအစားကို ကြည့်တဲ့အခါမှာ အဂတိလိုက်စားမှုတိုက်ဖျက်ဖို့ အဓိက အရေးယူနိုင်တဲ့ အာဏာပိုင်အဖွဲ့အစည်းတွေကို သီးသန့်ဖွဲ့စည်းတဲ့ တတိယအမျိုးအစားကိုလည်း ကမ္ဘာမှာ လေ့လာတွေ့ရှိရပါတယ်။ ဒီလိုလေ့လာတွေ့ရှိရတဲ့ အမျိုးအစားသုံးရပ်ထဲမှာ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ တတိယအမျိုးအစားထဲမှာ ပါဝင်ပြီးတော့ ယနေ့လုပ်ငန်းများ ဆောင်ရွက်လျက်ရှိတယ်လို့ လေးစားစွာ တင်ပြချင်ပါတယ်။

**လေးနက်စွာအကြံပြု**

ဒါကြောင့်မို့ ကျွန်တော်တို့ ဒီနေ့ မှုခင်းတွေများပြားလာတဲ့ပုံစံတွေ အမျိုးမျိုးဖြစ်ပွားနေတဲ့ ကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ ပိုမိုရှုပ်ထွေးလာတဲ့ ကိစ္စရပ်တွေအပေါ်မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေနဲ့ ဥပဒေ၊ မူဘောင်နဲ့အညီ တတိယ အမျိုးအစားပါအတိုင်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ စောစောပိုင်းက ကျွန်တော်တင်ပြအစီရင်ခံခဲ့သလိုပဲ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် တစ်ရပ်တည်း၊ တစ်ဖွဲ့တည်း တစ်ဦးတစ်ယောက်တည်းနဲ့တော့ဖြင့် မလုံလောက်ပါဘူး။ အများပြည်သူက စုပေါင်းပါဝင်ဆောင်ရွက်မှသာလျှင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ တရားဥပဒေစိုးမိုးရေးဟာ အောင်မြင်မှု မုချရရှိသွားပါမယ်လို့ လေးနက်စွာ အကြံပြုတင်ပြပါတယ်။

**ဇင်ဦး၊ ခင်ရတနာ**
**ဓာတ်ပုံ-သီဟစည်သူ**
*(ဆက်လက်ဖော်ပြပါမည်)*

# တောင်ပြိုလက်ဝဲမြို့ ပြန်လည်လက်ခံရေးစခန်းသို့ နေရပ်စွန့်ခွာသူတစ်ဦး ပြန်လည်ဝင်ရောက်လာ

**တောင်ပြိုလက်ဝဲ အောက်တိုဘာ ၉**

မောင်တောမြို့နယ် တောင်ပြိုလက်ဝဲမြို့ ပြန်လည်လက်ခံရေးစခန်းသို့ နှစ်နိုင်ငံချစ်ကြည်ရေးတံတားအနီးမှ ယခင်နေထိုင်သည့်တောင်ပြိုလက်ဝဲမြို့ရေတွင်းပြင်ကျေးရွာအုပ်စု တောင်ရွာနေ အိမ်ထောင်စုအမှတ် (၂၀၇)မှ မာမွတ်ရာကီအူလ္လာ အသက်(၃၉ နှစ်) (ဘ) နော်တူ၊ မှတ်ပုံတင်အမှတ် (ယ) ၁၀၈၃၉၉ သည် ယနေ့ ညနေ ၃ နာရီခွဲကျော်က ပြန်လည်ဝင်ရောက်လာကြောင်း သိရသည်။

ထိုသို့ ဝင်ရောက်လာသူအား တောင်ပြိုလက်ဝဲမြို့ ပြန်လည်လက်ခံရေးစခန်းခေါင်းဆောင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးထွန်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင် ဦးစီးအဖွဲ့က ပြန်လည်လက်ခံစစ်ဆေးရေးရုံးတွင် စိစစ်လက်ခံခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး NVC ကတ်ကို ထုတ်ပေးခဲ့ကြသည်။

ထို့နောက် ဝင်ရောက်လာသူအား ကူးစက်ရောဂါ ရှိ၊ မရှိ စိစစ်ဆောင်ရွက်ပြီး လိုအပ်သည့် ဆေးဝါးများ ပေးအပ်ခြင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်း၊ တောင်ပြိုလက်ဝဲမြို့ ပြန်လည်လက်ခံရေးစခန်းတွင် ညအိပ်ရပ်နားစေပြီး နောက်တစ်နေ့တွင် မောင်တောမြို့နယ် လှဖိုးခေါင် ပြန်လည်လက်ခံရေးစခန်းသို့ စနစ်တကျလွှဲပြောင်း ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်



**နေပြည်တော် အောက်တိုဘာ ၉**

မောင်တောမြို့နယ် နယ်မြေ(၃) တောင်ပြို(ယာ) နယ်မြေ ရဲစခန်းမှ ရဲအုပ် မြတ်ဇော်ဦး ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၃၄) နယ်ခြားစောင့်တပ် Tumbru ကင်းစခန်းမှ Naib Subedar Md. Mojibur Rahman ဦးစီးတပ်ဖွဲ့ဝင်များနှင့် လမ်းပြတို့သည် အောက်တိုဘာ ၈ ရက် နံနက် ၈ နာရီခွဲမှ ၁၂ နာရီ မိနစ် ၂၀ အထိ မိမိတို့နိုင်ငံ အသီးသီး အတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင် (၃၄)နှင့် (၃၆)တို့၌ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ရဲပြန်ကြား**

အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့
"REDUCING ECONOMIC LOSSES FROM DISASTERS HAS THE POWER TO TRANSFORM LIVES"
"ပြည်သူ့ဘဝတိုးတက်ပြောင်းလဲဖို့ဘေးဒဏ်ကြောင့်စီးပွားဆုံးရှုံးမှုလျှော့ချစို့"
၂၀၁၈ခုနှစ်၊အောက်တိုဘာလ၁၃ရက်

❍ ကျောဖုံးမှ

နေတာဖြစ်ပြီး အင်ဒိုနီးရှားအသင်းနဲ့ ခြေစမ်းပွဲပြီးရင် ဘိုလစ်ဗီးယားအသင်းနဲ့ ခြေစမ်းဦးမှာပါ။ ပြီးရင် ကာတာနိုင်ငံမှာ နှစ်ပတ်ကျော် သွားရောက်လေ့ကျင့်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အသင်းက လူငယ်ကစားသမားတွေနဲ့ ဖွဲ့စည်းထားတာဖြစ်ပြီး ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့တဲ့ ကစားသမားတွေ၊ (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲမှာ ခြေစွမ်းပြခဲ့တဲ့ ကစားသမားတွေနဲ့ စီနီယာကစားသမားတွေကို ပေါင်းစပ်ဖွဲ့စည်းထားတာဖြစ်ပါတယ်။ ခြေစမ်းပွဲဖြစ်ပေမယ့် အကောင်းဆုံးယှဉ်ပြိုင်ကစားမှာပါ"ဟု ပြောကြားသည်။ အင်ဒိုနီးရှား လက်ရွေးစင်အသင်း နည်းပြချုပ် ဘီမာက "အကောင်းဆုံး ပြင်ဆင်ထားပါတယ်။ ဆူဇူကီးဖလားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ ယှဉ်ပြိုင်ကစားမှာဖြစ်ပြီး မြန်မာ၊ ဟောင်ကောင်တို့နဲ့ ယှဉ်ပြိုင်မယ့် ခြေစမ်းပွဲတွေက အတွေ့အကြုံကောင်းတွေ ရရှိမှာပါ" ဟု ပြောကြားသည်။

အင်ဒိုနီးရှား လက်ရွေးစင်အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲကို အောက်တိုဘာ ၁၀ ရက် **(ယနေ့)** မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် အင်ဒိုနီးရှားနိုင်ငံရှိ ဝိဘာဝါဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲမှ မြန်မာအသင်းပါဝင်သောအုပ်စုပွဲ အပြောင်းအလဲဖြစ်ပေါ်

**ရန်ကုန် အောက်တိုဘာ ၉**

မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ အုပ်စု (စ)တွင် ပါလက်စတိုင်းအသင်း နုတ်ထွက်သွားသောကြောင့် အုပ်စုကျင်းပမည့်ရက်များ အပြောင်းအလဲ ဖြစ်ပေါ်ခဲ့သည်။

ယင်းခြေစစ်ပွဲ အုပ်စု(စ)တွင် မူလက လေးသင်းပါဝင်သော်လည်း ပါလက်စတိုင်းအသင်း နုတ်ထွက်သွားသောကြောင့် သုံးသင်းသာကျန်ရှိတော့ပြီး အိမ်ရှင်မြန်မာ၊ အီရန်နှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းအုပ်စုကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး အောက်တိုဘာ ၂၄ ရက်မှ ၂၈ ရက်အထိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ခြေစစ်ပွဲအုပ်စုပွဲများအဖြစ် အောက်တိုဘာ ၂၄ ရက်တွင် အီရန်အသင်းနှင့် လာအိုအသင်း၊ အောက်တိုဘာ ၂၆ ရက်တွင် မြန်မာအသင်းနှင့် လာအိုအသင်း၊ အောက်တိုဘာ ၂၈ ရက်တွင် မြန်မာအသင်းနှင့် အီရန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ပွဲချိန်အားလုံးကို ညနေ ၆ နာရီတွင် စတင်မည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ယင်းခြေစစ်ပွဲအတွက် ပဏာမကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်မှုပြုလုပ်လျက်ရှိပြီး နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ကိုင်တွယ်လျက်ရှိသည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ခြေစစ်ပွဲအကြိုပြင်ဆင်မှုအဖြစ် ထိုင်း၊ စင်ကာပူအသင်းတို့နှင့် ယှဉ်ပြိုင်ကစားထားပြီး စင်ကာပူအသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရကာ ထိုင်းနှင့် ပထမပွဲတွင် တစ်ဂိုး-ဂိုးမရှိ၊ ဒုတိယပွဲတွင် လေးဂိုး-သုံးဂိုးဖြင့် နှစ်ပွဲစလုံး ရှုံးနိမ့်ခဲ့သည်။

**ညီမြတ်သော်တာ**



အောင်ပွဲခံနေသည့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း။ ဓာတ်ပုံ-စိုးညွန့်

# အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့သော မြန်မာကစားသမားအဖွဲ့အား ကြိုဆို

**ရန်ကုန် အောက်တိုဘာ ၉**

အိန္ဒိယနိုင်ငံ ပူနဲမြို့တွင် ကျင်းပခဲ့သည့် (၅၂)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ်မှ ကစားသမားများ၊ ရွှေတစ်၊ ငွေနှစ်၊ ကြေးတစ်ခု ဆွတ်ခူးရရှိခဲ့ပြီး ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားသမားများ၏ မိသားစုဝင်များက ကြိုဆိုခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် Men's Master Body building အသက် ၄၀ မှ ၄၉ နှစ် ပြိုင်ပွဲတွင် နိုင်ငံပေါင်း ၂၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ထိုင်းမှ ပထမ(ရွှေ)၊ မြန်မာမှ ထွန်းမင်းက ဒုတိယ(ငွေ) နှင့် ထွန်းထွန်းအောင်က စတုတ္ထရရှိခဲ့ကြသည်။ ၆၅ ကီလိုတန်းတွင် မြန်မာမှ ထွန်းမင်းက ပထမ(ရွှေ)၊ အိန္ဒိယမှ ဒုတိယ(ငွေ)၊ ဟောင်ကောင်မှ တတိယ(ကြေး) ဖြင့် လည်းကောင်း၊ ၅၅ ကီလိုတန်းတွင် အိန္ဒိယက ပထမ(ရွှေ)၊ မြန်မာမှ ကျော်မင်းသန်းက ဒုတိယ(ငွေ)၊ အိန္ဒိယမှ တတိယ(ကြေး) ဖြင့် လည်းကောင်း၊ ၆၀ ကီလိုတန်းတွင် ထွန်းထွန်းအောင်က ကြေးတံဆိပ် ရရှိခဲ့ကြသည်။

"ကျွန်တော်တို့ မာစတာတန်းပြိုင်ပွဲမှာ လက်ရွေးစင်တွေ၊ ကိုယ့်ထက်ကီလိုတန်းကြီးတွေပါတယ်။ ကျွန်တော်အကောင်းဆုံးပြင်ဆင်သွားတယ်။ ပြိုင်ပွဲမှာ ထူးခြားမှုတစ်ခု ဖြစ်တယ်။ အရင်ပြိုင်ပွဲတွေနဲ့ မတူဘူး။ အရင်ပွဲတွေက ရေ၊ ထမင်းတို့ ခဏခဏဆာတယ်။ အခုပြိုင်ပွဲမှာ ရေ၊ ထမင်းလည်းမဆာဘူး။ တော်တော်နေနိုင်တယ်။ ဆုရချင်လို့လား မသိဘူး။ စင်ပေါ်ရောက်တော့ ယုံကြည်မှု အပြည့်အဝရှိခဲ့လို့ ဒုတိယပဲရခဲ့တယ်။ ၆၅ ကီလိုမှာ အကောင်းဆုံး ပြင်ဆင်ထားလို့ ပထမဆုရရှိခဲ့ပါတယ်။ ကျွန်တော် အာရှအဆင့်ပြိုင်ပွဲတွေမှာ ရွှေငါးခု၊ ငွေလေးခုနဲ့ ကမ္ဘာ့အဆင့်မှာ ငွေနဲ့ ကြေး တံဆိပ်ဆုရရှိထားပါတယ်"ဟု ထွန်းမင်းက ပြောသည်။



အာရှပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိခဲ့ကြသော ကာယဗလကစားသမားများကို တွေ့ရစဉ်။

**အေကေလင်း၊ ဓာတ်ပုံ-ဗလစိုး**

# မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်

**နေပြည်တော် အောက်တိုဘာ ၉** - မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**မိုး/ဇလ**

❂ ကျောဖုံးမှ

ပြည်တွင်း၌ပင် ကြည့်ရှုအားပေးခွင့်ရရှိစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။ Miss Grand International 2018 ပြိုင်ပွဲ၏ အမျိုးသားဝတ်စုံပြိုင်ပွဲကို အောက်တိုဘာ ၁၂ ရက်တွင် ရန်ကုန်မြို့ Gandamar Grand Ballroom တွင် ကျင်းပမည်ဖြစ်ပြီး ရေကူးဝတ်စုံပြိုင်ပွဲကို အောက်တိုဘာ ၂၀ ရက်တွင် ကော့သောင်းမြို့ရှိ Grand Andaman Resort တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကြီးကို Hello Madam Media Group မှ Host Organizer က စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပြီး ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၈၀ ကျော်မှ ကိုယ်စားပြုအလှမယ်များ လာရောက်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း သိရသည်။




**အေကေလင်း၊ ဓာတ်ပုံ-ဗလစိုး**

# ပြန်ပေးဆွဲခံရသည်ဟုဆိုသော မလေးရှားနိုင်ငံသားကို မြန်မာ - ထိုင်း ချစ်ကြည်ရေးတံတား၌ ပြန်လည်လွှဲပြောင်း

တာချီလိတ် အောက်တိုဘာ ၉

**တာချီလိတ်၌ ပြန်ပေးဆွဲခံရသည်ဟုဆိုသော မလေးရှားနိုင်ငံသားတစ်ဦးကို မြန်မာနိုင်ငံမှ မလေးရှားနိုင်ငံသို့ လာရာလမ်းအတိုင်း ပြန်ပို့နိုင်ရန် မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတား၌ အောက်တိုဘာ ၈ ရက် ညနေပိုင်းက ထိုင်းနိုင်ငံ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်သည်။**

ယင်းသို့လွှဲပြောင်းပေးအပ်ရာတွင် မြန်မာနိုင်ငံဘက်မှ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ပေါ်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနနှင့် ရဲတပ်ဖွဲ့ဝင်များ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဌာနခွဲ(၆) ဦးစီးအရာရှိ ဦးဝင်းသိန်းနှင့် ထိုင်းနိုင်ငံဘက်မှ တာဝန်ရှိသူများ၊ ထိုင်း-မြန်မာ နယ်ခြားကော်မတီ ဒုတိယအဖွဲ့ခေါင်းဆောင် SubLt. Thawiwnt Thin Luang တို့ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက မလေးရှားနိုင်ငံသား Mr. Krishna Kumar Selvathurai ကို လွှဲပြောင်းပေးအပ်သည်။

အဆိုပါ မလေးရှားနိုင်ငံသားကို ထိုင်းနိုင်ငံသို့ လွှဲပြောင်းပေးအပ်ရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံဖြတ်ကျော် မှုခင်းဌာနကြီးမှတစ်ဆင့် မလေးရှားနိုင်ငံ ရဲတပ်ဖွဲ့သို့ ဆက်သွယ်ပြီး ထိုင်းနိုင်ငံသို့ လွှဲပြောင်းပေးခြင်းဖြစ်ကြောင်းနှင့် ၎င်းအား ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှတစ်ဆင့် ထိုင်းနိုင်ငံအစီအစဉ်ဖြင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ဆက်လက်ပို့ဆောင်မည်ဖြစ်သည်။

မလေးရှားနိုင်ငံ ရဲတပ်ဖွဲ့နှင့် ပြန်ပေးဆွဲခံရသူ၏ ဇနီးဖြစ်သူတို့၏ အကူအညီတောင်းခံချက်အရ တာချီလိတ်တွင် အမည်မသိ အရပ်သားများ၏ ဖမ်းဆီးခြင်းခံထားရကြောင်း၊ မလေးငွေရင်းဂစ် တစ်သိန်းပေးလျှင် ပြန်လွှတ်ပေးမည်ဖြစ်ကြောင်း တာချီလိတ် မြို့မရဲစခန်းသို့ အကူအညီတောင်းခံလာမှုအပေါ် တာချီလိတ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းန ဦးစီး ရဲတပ်ဖွဲ့ဝင်များနှင့် ပြန်ပေးဆွဲခံရသူ၏ ဇနီးဖြစ်သူတို့ နယ်မြေ ဟိုတယ်များအတွင်း စုံစမ်းမှုများပြုလုပ်ကာ ပြန်ပေးဆွဲခံရသူ မလေးရှားနိုင်ငံသား Mr. Krishna Kumar Selvathurai အား တွေ့ရှိခဲ့ပြီး လာရာလမ်းအတိုင်း ပြန်လည်လွှဲပြောင်းနိုင်ရန် တာဝန်ရှိသူများထံ မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေး တံတား၌ စနစ်တကျပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# မောင်တောမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၀၀၀၀ သိမ်းဆည်းရမိ



သိမ်းဆည်းရမိသော စိတ်ကြွရူးသွပ်ဆေးပြားများကို တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၉**

မောင်တောမြို့နယ် လသာကျေးရွာနေ ရော်ဖီး(၂၅ နှစ်)၏ နေအိမ်၌ တစ်ရွာတည်းနေ ရော်ဖီး(ခ)ရော်ဖီးအူလာ (၄၀ နှစ်)သည် မူးယစ်ဆေးဝါးအိတ်များ သို၀ှက်သိမ်းထားကြောင်း သတင်းအရ အမှတ်(၄၆) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် မောင်တောမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က အောက်တိုဘာ ၈ ရက် ညနေ ၄ နာရီ ၄၅ မိနစ်ခန့်က ဝင်ရောက်ရှာဖွေခဲ့သည်။ ယင်းသို့ ရှာဖွေရာတွင် ၎င်းနေအိမ်တွင် မည်သူမျှ မတွေ့ရှိဘဲ အိပ်ခန်းအတွင်းရှိ ဆာလာအိတ် ခြောက်လုံးအတွင်းမှ WY စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၀၀၀၀ (တန်ဖိုးငွေကျပ်သိန်း ၂၃၄၀၀)အား တွေ့ရှိသိမ်းဆည်း ရမိခဲ့ပြီး ရော်ဖီး(ခ)ရော်ဖီးအူလာ၏ နေအိမ်သို့ ဆက်လက် ရှာဖွေရာ ၎င်းမှာ တိမ်းရှောင်နေကာ မူးယစ်ဆေးဝါးများ ရှာဖွေတွေ့ရှိခြင်း မရှိကြောင်းနှင့် ရော်ဖီး၊ ရော်ဖီး(ခ)ရော်ဖီးအူလာတို့ကို မောင်တော မြို့မရဲစခန်း မယ(ပ)၃၃/၂၀၁၈၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေ သော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က)/၂၁ ဖြင့် အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# မြန်မာ့ရုပ်မြင်သံကြား

၁၀.၁၀.၂၀၁၈ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း
၈း၃၅ - စီးပွားရေးစကားဝိုင်း "မြန်မာနိုင်ငံလယ်ယာကဏ္ဍနှင့် SME ကဏ္ဍတွင် ငွေကြေးဖြည့်ဆည်း ပံ့ပိုးဆောင်ရွက်ပေးမှုဆိုင်ရာ စီးပွားရေးစကားဝိုင်း" (အပိုင်း-၂)
၁၁း၁၅ - "ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၇၉)
၁၁း၂၅ - ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၃း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါချောင်အန်း" (အပိုင်း- ၈)

**ညပိုင်း**

၁၇း၀၅ - အနုပညာခန်းရိပ်သာ "အဆိုတော်နွဲ့ယဉ်ဝင်းနှင့် တွေ့ဆုံခြင်း"
၁၇း၂၅ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "အဝေးချစ်"
၁၈း၄၅ - "သီတင်းကျွတ်လ"
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း" (အပိုင်း- ၆)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - "၂၀၁၈ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲ၊ နိုင်ငံရေးပါတီများ၏ဟောပြောချက်" (ဒီမိုကရက်တစ်ပါတီ) (မြန်မာ)
- "စမ်းချောင်းဆစ်ကွန်၊ ဆစ်ကွန်စမ်းချောင်း" (အပိုင်း- ၁၂)
"ကွီးယားအရက်နဲ့ဘွီး" မျိုးသန္တာထွန်း၊ မေသဥ္ဇာဦး၊ သန်းသန်းစိုး၊ ဇော်ဝင်းနိုင်၊ ညီနိုင်း၊ ဇေယျာထွန်းပိုင်၊ ရွှေဖူးသစ်၊ နန့်အင်ကြင်းမာန်
ဒါရိုက်တာ-ရှင်ဒေဝီ

# မောင်တော၌ ဆင်သားရေဟုယူဆရသော မီးဖုတ်ထားသည့် အရေခွံ ၄၂ ပိဿာခန့် သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၉**



မောင်တောမြို့နယ် နယ်မြေ(၂) ခမောင်းဆိပ် ရဲကင်းရှေ့ ပြင်ဖြူချောင်းအတွင်း၌ ခမောင်းဆိပ်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၈ ရက် ညနေ ၆ နာရီ ၄၅ မိနစ်ခန့်က မသင်္ကာဖွယ်အထုပ်သုံးထုပ် တွေ့ရှိ၍ သွားရောက်စစ်ဆေးရာ ဝါးဖောင်ပေါ်တွင် မောင်တောမြို့နယ် ကိုင်းကြီး(မြို)ကျေးရွာနေ ရဲမင်းနိုင်ကို ပီနံအိတ်အတွင်း ထည့်ထားသော ဆင်သားရေဟု ယူဆရသော မီးဖုတ်ထားသည့် အရေခွံ ၄၂ ပိဿာခန့်နှင့်အတူ တွေ့ရှိ သိမ်းဆည်းရမိသဖြင့် ခမောင်းဆိပ် ရဲကင်းစခန်းသို့ ခေါ်ဆောင်စစ်ဆေး လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဖားကန့်၌ မြေစာလျှောကျမှုဖြစ်ပွားရာမှ လူတစ်ဦးသေဆုံး

**ဖားကန့် အောက်တိုဘာ ၉**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ငိုးပင်းကျေးရွာ တစ်သုံးလုံး (ဝမ်းဘရားသား) ယခင်ငိုးပင်း အမှတ် ၇ ကုမ္ပဏီလုပ်ကွက်ဟောင်းအတွင်း ယနေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်က ခန့်မှန်းအမြင့်ပေ ၅၀ ခန့်မှ ရုတ်တရက် မြေစာလျှောကျမှုဖြစ်ပွားရာ ရေမဆေးကျောက်ရှာဖွေနေသူတစ်ဦး မြေစာပိသေဆုံးခဲ့ကြောင်း သိရသည်။

မြေစာလျှောကျမှုဖြစ်စဉ်တွင် လုံးခင်းကျေးရွာအုပ်စု အောင်ရာကျေးရွာနေသူ မောင်ဇွဲသူအောင်(၁၉ နှစ်)မှာ မြေစာပိသေဆုံးခဲ့ပြီး အလောင်းအား ဆန်ခါကျေးရွာ မြင့်မြတ်သူ လူမှုကူညီရေးအသင်းယာဉ်ဖြင့် လုံးခင်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ လုံးခင်းနယ်မြေရဲစခန်းက သေမှုသေခင်းဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မရမ်းချောင်စစ်ဆေးရေးအဖွဲ့ အချိုရည်နှင့် သကြားအိတ်များ တွေ့ရှိသိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၈ ရက်တွင် မန္တလေး- မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၈၉ စီး၊ သွင်းကုန် ၃၁၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၄၀၊ သွင်းကုန် ၁၅၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအားစစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၈ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၆၁၀ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှု အနေဖြင့် အောက်တိုဘာ ၈ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ၁၂ ဘီးယာဉ်တစ်စီးနှင့် အင်္ဂတိုဆီအုန်းခြံ ရှောင်ကွင်းလမ်းအတွင်း စစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် M-150 အချိုရည် ၈၂၅ လီတာနှင့် သကြားအိတ် (၅၀ ကီလို) အိတ် ၃၀ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၆၁၀ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်-ရန်ကုန်အမြန်လမ်းတွင် ယာဉ်ငယ်တစ်စီး မီးလောင်

**ကျောက်တံခါး အောက်တိုဘာ ၉**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်း အမြန်လမ်းမကြီးရဲစခန်းအပိုင် နေပြည်တော်-ရန်ကုန် အမြန်လမ်းမကြီးတွင် နေပြည်တော်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသော ယာဉ်ငယ်တစ်စီး အောက်တိုဘာ ၈ ရက် ည ၈ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သတင်းအရ မြို့ချောင်း အမြန်လမ်းရဲစခန်းမှ စခန်းမှူး ဒုရဲမှူး နိုင်ဝင်း ဦးစီးအဖွဲ့သည် အမြန်လမ်းမကြီး မီးသတ်တပ်ဖွဲ့မှ လက်ထောက် ဦးစီးမှူး ဦးဝေဇင် ဦးစီးအဖွဲ့တို့နှင့် ပူးပေါင်း၍ မီးသတ်ယာဉ်တစ်စီးဖြင့် သွားရောက် စစ်ဆေးငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။ နေပြည်တော်မှ ရန်ကုန်ဘက်သို့ ပြည်သစ်နိုင် (၃၄ နှစ်) မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့နေသူ မောင်းနှင်လာသောယာဉ်သည် အခင်းဖြစ်နေရာအရောက် ရှေ့အင်ဂျင်စက်ခန်းအတွင်းမှ မီးခိုးများ ထွက်လာပြီး မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း သိရ၍ ယာဉ်မောင်းကို မြို့ချောင်း အမြန်လမ်းရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန်းလွင်**

# ကျောက်မဲမြို့တွင် တရားမဝင်သယ်ဆောင်လာသော ကျောက်စိမ်းတုံးများ ဖမ်းဆီးရမိ

**ကျောက်မဲ အောက်တိုဘာ ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် အိုရီယမ်တယ် တိုးဂိတ်တွင် ယနေ့ နံနက် ၈ နာရီခွဲခန့်က မန္တလေးမှ မူဆယ်ဘက်သို့ ယာဉ်မောင်း တိုးနန္ဒာဆောင်(ခ)အိတိုး အထက်တုံခမ်းကျေးရွာ မူဆယ်မြို့နေသူ မောင်းနှင်လာသော ၁၂ ဘီး ယာဉ်ပေါ်တွင် တရားမဝင် ကျောက်စိမ်းတုံးများ တင်ဆောင်လာကြောင်း သတင်းရရှိရသဖြင့် ကျောက်မဲခရိုင် နယ်ထိန်းခေါင်းဆောင် ရဲအုပ်ကျော်လွင်မိုး ဦးစီးအဖွဲ့ ကျောက်မဲမြို့နယ် မြို့မရဲစခန်း နယ်ထိန်းခေါင်းဆောင် ရဲအုပ်အောင်နိုင်မိုး ဦးစီးအဖွဲ့တို့နှင့် ပူးပေါင်းအဖွဲ့က အဆိုပါယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် ကတ်ထူဂျက်ဖာများ ဖုံးအုပ်လျက် ကျောက်စိမ်းတုံးများ တင်ဆောင်လာသည်ကို စစ်ဆေးတွေ့ရှိရသည်။ **(ယာပုံ)**



အဆိုပါတရားမဝင် ကျောက်စိမ်းတုံးများ တင်ဆောင်လာသည့်ယာဉ်ကို ကျောက်မဲမြို့မ ရဲစခန်းတွင် ထိန်းသိမ်းထားရှိပြီး သိမ်းဆည်းရမိသည့် အရေအတွက်နှင့် တန်ဖိုးငွေ တွက်ချက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြစ်ငယ်မြို့တွင် ဝန်ထမ်းအိမ်ရာပေါ် ညောင်ပင်ပိ၍ သားအဖနှစ်ဦးသေဆုံး

**မြစ်ငယ် အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်မြို့တွင် အောက်တိုဘာ ၈ ရက် ည ၇ နာရီခန့်က မိုးရွာသွန်းမှုများပြားမှုကြောင့် မြေသားပျော့ကာ ညောင်ပင်ပိ၍ မိသားစု လေးဦးတွင် နှစ်ဦးသေဆုံးကြောင်း သိရသည်။

အမရပူရမြို့နယ် မြစ်ငယ်မြို့ စံပယ်ရပ်ကွက် I တန်းလျား မီးရထားဝန်ထမ်းအိမ်ရာတွင် နေထိုင်သော ဦးနိုင်နှင့်ဇနီး ဒေါ်သင်းသင်း၊ သားမောင်နိုင်ထက်ဦး(၁၂ နှစ်) (သတ္တမတန်းကျောင်းသား)နှင့် သမီးမယွန်းယွန်း (၉ နှစ်) (တတိယတန်းကျောင်းသူ) တို့ နေထိုင်ရာအိမ်ပေါ်သို့ သက်တမ်းရင့်ညောင်ပင်ကြီး အမြစ်မှကျွတ်၍ ပိရာမှ ဦးနိုင်နှင့် မောင်နိုင်ထက်ဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားပြီး ဒဏ်ရာရရှိသူ ဒေါ်သင်းသင်းနှင့် သမီးဖြစ်သူ မယွန်းယွန်းတို့ကို မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

# ယူကရိန်းနှင့် နေတိုးတပ်ဖွဲ့များ ပူးပေါင်းပြီး အကြီးဆုံး ဝေဟင်စစ်ရေးလေ့ကျင့်မှု ပြုလုပ်

**ကိယက်ဗ် အောက်တိုဘာ ၉**

ယူကရိန်းနိုင်ငံသည် ၎င်း၏ အကြီးဆုံး လေတပ်စစ်ရေး လေ့ကျင့်မှုကို အမေရိကန်ပြည်ထောင်စုနှင့် သာမက အခြား နေတိုးအဖွဲ့ဝင်နိုင်ငံများနှင့်ပါ လေ့ကျင့်နေကြောင်း ကာကွယ်ရေး ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

Clear Sky 2018 ဟုအမည်ပေးထားသော အဆိုပါ ဝေဟင်စစ်ရေးလေ့ကျင့်မှုကို အောက်တိုဘာ ၁၉ ရက်အထိ ယူကရိန်းနိုင်ငံ အနောက်ပိုင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ စစ်ရေးလေ့ကျင့်မှုတွင် တပ်ဖွဲ့ဝင် ၇၀၀ ခန့် ပါဝင်မည်ဖြစ်ကြောင်း သိရပြီး ထက်ဝက်ခန့်မှာ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ နယ်သာလန်၊ ပိုလန်နှင့် ရိုမေးနီးယားကဲ့သို့သော နေတိုးအဖွဲ့ဝင်နိုင်ငံများမှဖြစ်ကြောင်း သိရသည်။

ထို့အပြင် အဆိုပါ ဝေဟင်စစ်ရေးလေ့ကျင့်မှုတွင် အက်ဖ်-၁၅ စွန်ရဲတိုက်ခိုက်ရေးလေယာဉ်များနှင့် စီ-၁၃၀ ဂျေ စူပါဟာကျူလီ ပို့ဆောင်ရေးလေယာဉ်များ၊ မောင်းသူမဲ့ဒရုန်းယာဉ်များသည် ယူကရိန်းလေယာဉ် အစင်း ၃၀ နှင့်အတူ ပူးတွဲစစ်ရေး လေ့ကျင့်သွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ဆက်လက်ပြောကြားခဲ့သည်။

ပိုလန်နှင့် ရိုမေးနီးယားလေယာဉ်များသည် ယူကရိန်းလေယာဉ်များနှင့် ပူးတွဲစစ်ရေး လေ့ကျင့်မှုပြုလုပ်မည်ဖြစ်ပြီး ထိုသို့ ဝေဟင်ပူးတွဲလေ့ကျင့်မှုပြုလုပ်ခြင်းသည် ပထမဆုံး အကြိမ်ဖြစ်ကြောင်း ယူကရိန်း လေတပ်ပြောရေးဆိုခွင့်ရှိသူ ယူရီအက်စ်နက်က ပြောခဲ့သည်။

ဒေသတွင်း ပူးပေါင်းစွမ်းရည်ဖြင့် ဝေဟင်ပိုင်နက် ဘေးကင်းလုံခြုံရေး ရည်ရွယ်ချက်နှင့် သာမက အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ငြိမ်းချမ်းလုံခြုံရေးတိုးမြှင့်ရန် ရည်ရွယ်ချက်များဖြင့်ပါ ယခုကဲ့သို့ ဝေဟင်ပူးတွဲလေ့ကျင့်မှုများကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မကြာသေးခင် နှစ်များအတွင်းက ရုရှားနိုင်ငံက ယူကရိန်းကို အာရုံစိုက်လာသည့်အတွက် စိုးရိမ်ပူပန်မှုများ မြင့်တက်ခဲ့ကြောင်း၊ အထူးသဖြင့် ခရိုင်းမီးယားဒေသကို ရုရှားတို့ ၂၀၁၄ ကျူးကျော်သိမ်းပိုက်ပြီး နောက်ပိုင်းတွင် ယူကရိန်းကို ပိုမိုအာရုံစိုက်လာခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ကိယက်ဗ်နှင့် အနောက်နိုင်ငံများက ယူကရိန်းအရှေ့ပိုင်း စစ်ပွဲဒဏ်ခံဒေသရှိ သူပုန်များကို ရုရှားက ထောက်ပံ့ပေးနေသည့်အပြင် နယ်စပ်တစ်လျှောက်သို့ တပ်ဖွဲ့ဝင်များစေလွှတ်ခဲ့သည်ဆိုကာ စွပ်စွဲခဲ့သည့်အပေါ် ရုရှားကလည်း ကြိမ်ဖန်များစွာ ငြင်းဆိုခဲ့ပြီးဖြစ်သည်။

**အေအက်ဖ်ပီ**

# ဥရောပကောင်စီ၏ လူ့အခွင့်အရေးဆုကို ထိန်းသိမ်းခံ ရုရှားလူ့အခွင့်အရေး လှုပ်ရှားသူ ရရှိ

**စထရာဘော့ဂျ် အောက်တိုဘာ ၉**

ဖမ်းဆီးထိန်းသိမ်းခံထားရသည့် ရုရှားလူ့အခွင့်အရေး ကာကွယ်လှုပ်ရှားသူ အိုယက်တီတီယက်သည်ဥရောပကောင်စီ၏ လူ့အခွင့်အရေးဆုဖြစ်သော ဗားကလက်ဟာဗယ်ဆုကို အောက်တိုဘာ ၈ ရက်က ရရှိခဲ့သည်။

တီတီယက်သည် ချေချင်ညာရှိ Memorial Human Rights အဖွဲ့ကို ဦးဆောင်နေသူတစ်ဦးလည်းဖြစ်ကြောင်း သိရသည်။

၎င်းကို မူးယစ်ဆေးဝါးမှုဖြင့် ဇန်နဝါရီလကတည်းက ဖမ်းဆီးထိန်းသိမ်းထားခြင်းဖြစ်ကြောင်း သိရသည်။

လူ့အခွင့်အရေးဆုအဖြစ် ယူရို ၆၀၀၀၀ (အမေရိကန်ဒေါ်လာ ၆၇၀၀၀) ခန့်ကို ၎င်းနှင့် ၎င်း၏အဖွဲ့အား ဂုဏ်ပြုသည့်အနေဖြင့် ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း ဥရောပကောင်စီ၏ ဥပဒေပြုရေးလွှတ်တော်အကြီးအကဲ Liliane Maury Pasquier က ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြခဲ့သည်။

အဆိုပါ ဆုပေးအပ်ချီးမြှင့်လိုက်ခြင်းသည် ချေချင်ညာဒေသရှိ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးလှုပ်ရှားသူများကို အသိအမှတ်ပြုလိုက်ခြင်းဖြစ်ကြောင်း အဆိုပါ ကြေညာချက်တွင် ဆက်လက် ဖော်ပြထားသည်။

၁၉၈၉ ခုနှစ်ကတည်းက ဖွဲ့စည်းတည်ထောင်ခဲ့သည့် Memorial Human Rights အဖွဲ့သည် ရုရှားနိုင်ငံ၏ အစိုးရမဟုတ်သော လူ့အခွင့်အရေး အဖွဲ့အစည်းဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သော ဇန်နဝါရီလက ကားထဲတွင် မူးယစ်ဆေး တွေ့သည်ဆိုကာ ရဲတပ်ဖွဲ့က အသက် ၆၁နှစ်ရှိ ၎င်းကို ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။

၎င်းသည် လတ်တလောတွင် တရားရင်ဆိုင်နေရပြီး ပြစ်မှုထင်ရှားပါက ထောင်ဒဏ် ၁၀ နှစ်အထိ ကျခံရနိုင်ခြေရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ဘရာဇီးသမ္မတရွေးကောက်ပွဲ ပထမအကျော့ပြီးနောက် ဘရာဇီးစတော့ဈေးကွက်မြင့်တက်

ဆော်ပိုလို အောက်တိုဘာ ၉

**ဘရာဇီးသမ္မတ ရွေးကောက်ပွဲ ပထမအကျော့တွင် ပြစ်မှုများကို ဖြိုခွဲနှိမ်နင်းမှုတွေ လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်သွားမည်ဟု ခိုင်မာသည့် သံမဏိကတိစကားများ ပြောကြားခဲ့သည့် လက်ယာစွန်းနိုင်ငံရေးသမားဖြစ်သူ ဂျာဘော်ဆွန်နာရို အနိုင်ရရှိပြီးနောက် ဘရာဇီးစတော့ဈေးကွက်သည် မကြာသေးမီက မြင့်တက်လာခဲ့ကြောင်း သိရသည်။**

ရွေးကောက်ပွဲ ပထမအကျော့ရလဒ်သည် တစ်ဖက်ကလည်း ရင်းနှီးမြှုပ်နှံသူများကို အားရှိစေသကဲ့သို့ အခြားတစ်ဖက်ကလည်း ဘရာဇီးပြည်သူများကို နှစ်ခြမ်းကွဲစေသလို ဖြစ်ပြန်ကာ အောက်တိုဘာ ၂၈ ရက် နောက်ဆုံးရလဒ်အတွက် သမ္မတလောင်းနှစ်ဦးဖြစ်သူ လက်ယာစွန်းနိုင်ငံရေးသမား ဂျာဘော်ဆွန်နာရိုနှင့် လက်ဝဲနိုင်ငံရေးသမား ဖာနန်ဒိုဟက်ဒ်ဒက်ကိုလည်း ပြတ်ပြတ်သားသား ရွေးချယ်ရဦးမည်ဖြစ်သည်။

ဘရာဇီးစတော့ဈေးကွက် ဖွင့်ဖွင့်ချင်း မိနစ် ၂၀ အတွင်း ဘရာဇီး Ibovespa အညွှန်းကိန်းသည် ရုတ်တရက် ချက်ချင်းဆိုသလို ၆ ရာခိုင်နှုန်းအထိ ခုန်တက်သွားခဲ့ပြီး နောက်ပိုင်းတွင် ၎င်းအညွှန်းကိန်းသည် ၅ ရာခိုင်နှုန်းအမြတ်ဖြင့် တည်ငြိမ်နေခဲ့သည်။

ရှေးရိုးဝါဒီသမား တစ်ဦးဖြစ်သူ ယခင် လေထီးတပ်ဖွဲ့ဝင်ဟောင်းဖြစ်သည့် ဂျာဘော်ဆွန်နာရိုသည် အခြားပြိုင်ဘက်တစ်ဒါဇင်လောက်ကို အလွယ်တကူ အနိုင်ယူနိုင်ခဲ့သော်လည်း ဆော်ပိုလိုမြို့တော်ဝန်ဟောင်း ဟက်ဒ်ဒက်ကို အနိုင်ယူနိုင်ရန် ခိုင်မာသည့် မဲအရေအတွက် ရမရဆိုသည်မှာ မသေချာသေးပေ။

အဓမ္မမှုအများအပြား အပါအဝင်၊ ခိုးဆိုးလုယက်မှု၊ ဓားပြတိုက်မှု၊ လူသတ်မှုအစရှိသည့် ပြစ်မှုများ နှစ်စဉ်နှစ်တိုင်း ၆၂၀၀၀ လောက် ဖြစ်ပွားနေသည့် နိုင်ငံအတွင်း ရာဇဝတ်မှုများကို နှိမ်နင်းသွားမည်ဟု ပြောဆိုကတိပေးခဲ့သည့် ၎င်းကို ဘရာဇီးပြည်သူများက ထောက်ခံခဲ့ကြသည်။




ထို့အပြင် အကျင့်ပျက်ခြစားမှုများနှင့် ပုဂ္ဂလိကကဏ္ဍ အားကောင်းလာအောင် ဆောင်ရွက်ခြင်းဖြင့် မြင့်တက်လာသော ပြည်သူ့ကြွေးမြီများကို ဖြေလျှော့ပေးမည်ဆိုသည့် ၎င်းကို ဘရာဇီး မဲဆန္ဒရှင်ပြည်သူများက သဘောကျနေကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ၂၀၁၈ ခုနှစ် စီးပွားရေးဆိုင်ရာ နိုဘယ်ဆုကို အမေရိကန်နိုင်ငံသားများ ဆွတ်ခူး

**စတော့ဟုမ်း အောက်တိုဘာ ၉**

၂၀၁၈ခုနှစ် စီးပွားရေးဆိုင်ရာ နိုဘယ်ဆုကို အမေရိကန်နိုင်ငံသားများဖြစ်ကြသည့် ယေးလ်တက္ကသိုလ်မှ ဝီလီယံနော့ဟက်စ်နှင့် နယူးယောက်တက္ကသိုလ်မှ ပေါရိုးမားတို့ ဆွတ်ခူးရရှိသွားကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများတွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများနှင့် နည်းပညာတိုးတက်ပြောင်းလဲမှုများက မည်သို့မည်ပုံ သက်ရောက်မှုများရှိနေသည်ကို လေ့လာဖော်ထုတ်နိုင်ခဲ့သည့်အတွက် ၎င်းတို့နှစ်ဦးအား ယခုကဲ့သို့ ၂၀၁၈စီးပွားရေးဆိုင်ရာ နိုဘယ်ဆုချီးမြှင့်လိုက်ခြင်းဖြစ်ကြောင်း တော်ဝင်ဆွီဒင်သိပ္ပံအကယ်ဒမီက ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြခဲ့သည်။

၎င်းတို့၏ ရှာဖွေတွေ့ရှိမှုများသည် ဈေးကွက်စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်၊ နည်းပညာတတ်ကျွမ်းမှုများကြား မည်သို့မည်ပုံ အပြန်အလှန် ဆက်စပ်နေသည်ကို ရှင်းပြနိုင်ခဲ့သည့်အတွက် ယင်းက စီးပွားရေးဆိုင်ရာ သုံးသပ်မှုများတွင် သိသိသာသာ တိုးတက်မှုရှိအောင် ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ကြောင်း တော်ဝင်ဆွီဒင်သိပ္ပံအကယ်ဒမီ၏ ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

၁၉၆၈ ခုနှစ်မှ စတင်ခဲ့သော ယင်းစီးပွားရေးဆိုင်ရာ နိုဘယ်ဆုသည် ဆွီဒင်ငွေကြေး ၉ သန်း (အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၁ သန်း သို့မဟုတ် ယူရို ၈၆၀၀၀၀)ခန့်ရှိ ချီးမြှင့်ကြောင်း သိရသည်။

အခြား နိုဘယ်ဆုများနှင့်မတူဘဲ စီးပွားရေးနိုဘယ်ဆုတွင် အသိအမှတ်ပြု ဒီပလိုမာတစ်ခုနှင့် ရွှေတံဆိပ်တစ်ခုပါဝင်ကြောင်းသိရပြီး အဆိုပါဆုကို စတော့ဟုမ်း၌ လာမည့် ဒီဇင်ဘာ ၁၀ ရက်တွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် နိုဘယ်ဆုပေးအပ်ပွဲတွင် စီးပွားရေးနိုဘယ်ဆုသည် နောက်ဆုံးဖြစ်ပြီး စာပေနိုဘယ်ဆု မပါဝင်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**




## နိုင်ငံတကာ သတင်းတိုထွာ

### ပျောက်ဆုံးနေသော ဂျာနယ်လစ်ကို ဆော်ဒီသံရုံးအတွင်း ရှာဖွေခွင့်ရရေး တူရကီတောင်းဆို

**အန်ကာရာ အောက်တိုဘာ ၉**

ဆော်ဒီဂျာနယ်လစ်တစ်ဦး ပျောက်ဆုံးပြီးနောက် တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနက ဆော်ဒီအာရေဗျသံအမတ်ကြီးကို ဒုတိယအကြိမ်အဖြစ် ဆင့်ခေါ်ခဲ့ပြီး အစ္စတန်ဘူလ်ရှိ ဆော်ဒီကောင်စစ်ဝန်ရုံးအတွင်း ဝင်ရောက်ရှာဖွေခွင့် တောင်းခံခဲ့သည်။

ပျောက်ဆုံးသွားသော ဆော်ဒီဂျာနယ်လစ်၏အမည်မှာ ဂျမယ်ခက်ရှိုဂျီဆိုသူဖြစ်ကြောင်း ဒေသတွင်းမီဒီယာများက တနင်္လာနေ့တွင် ပြောသည်။ စုံစမ်းစစ်ဆေးစဉ်ကာလအတွင်း ဆော်ဒီအာရေဗျမှ အပြည့်အဝပူးပေါင်းပေးရန် တူရကီမှ မျှော်လင့်လျက်ရှိကြောင်း ဆာဘတ်သတင်းစာတွင် ဖော်ပြထားသည်။

ဆော်ဒီဂျာနယ်လစ်သည် အင်္ဂါနေ့မွန်းလွဲပိုင်းက ဆော်ဒီကောင်စစ်ဝန်ရုံးအတွင်း ဝင်ရောက်ပြီးနောက် ပျောက်ကွယ်သွားသည်။ ၎င်းမှာ ကောင်စစ်ဝန်ရုံးအဆောက်အအုံအတွင်း အသတ်ခံရသည်ဟူသော သတင်းများလည်း ထွက်ပေါ်လာခဲ့ပြီး ဆော်ဒီအရာရှိများကမူ ထိုသတင်းကို ငြင်းဆန်ထားသည်။

ဂျာနယ်လစ်တစ်ဦးဖြစ်သူ ဂျမယ်သည် အသက် ၅၉ နှစ်အရွယ်ရှိပြီး ဝါရှင်တန်ပို့စ်၏ ပင်တိုင်ဆောင်းပါးရှင်တစ်ဦးလည်း ဖြစ်သည်။

**ဆင်ဟွာ**

### ယီမင်တပ်ဖွဲ့များ ဟူဒေဒါးရှိ အရေးပါသည့် စစ်ဘက်နေရာကို သိမ်းမိ

**အေဒင် အောက်တိုဘာ ၉**

ဆော်ဒီဦးဆောင်သော မဟာမိတ်များ ကျောထောက်နောက်ခံပြုထားသည့် ယီမင်အစိုးရသည် ဟူဒေဒါးမြို့ရှိ ဟူသီသူပုန်များ လေ့ကျင့်ရေးစခန်းနှင့် စစ်ဘက်အရေးပါသည့် နေရာတစ်ခုကို သိမ်းနိုင်ခဲ့ကြောင်း ယီမင်တပ်ဖွဲ့မှ အရာရှိတစ်ဦးက ဆင်ဟွာသို့ ပြောသည်။

အစိုးရတပ်ဖွဲ့ဝင်များသည် သူပုန်များ လေ့ကျင့်ရေးစခန်းနှင့် အခြားနေရာတို့ကို သိမ်းပိုက်နိုင်ရေး အလျင်အမြန် ကြိုးပမ်းခဲ့သည်။ ဆော်ဒီဦးဆောင်သည့် မဟာမိတ်များ၏ လေကြောင်းတိုက်ခိုက်မှုအကူအညီကြောင့် အစိုးရမြေပြင်တပ်များ ယခုကဲ့သို့ လျင်လျင်မြန်မြန် သိမ်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာမှ လူသားချင်းစာနာထောက်ထားမှု အေဂျင်စီများက သတိပေးချက်များ ထုတ်ပြန်ထားသော်လည်း ယီမင်အစိုးရတပ်များသည် ဟူသီသူပုန်များလက်မှ ဟူဒေဒါးမြို့ကို ပြန်လည်သိမ်းယူနိုင်ရေး တိုက်ပွဲများ ဆင်နွှဲလျက်ရှိသည်။

ယီမင်နိုင်ငံကို ကမ္ဘာ့နံပါတ်တစ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လိုအပ်နေသော နိုင်ငံအဖြစ် ကုလသမဂ္ဂက အသိအမှတ်ပြုထားသည်။

**ဆင်ဟွာ**

# အမေရိကန်ကို ဝင်ရောက်ခွင့်ရဖို့ လက်မလျှော့ကြသေးတဲ့ ဂွါတီမာလာနိုင်ငံသားများ

**ခြူးစန္ဒီနွေး**

**လွန်ခဲ့တဲ့ ခြောက်လခန့်တုန်းက လီဆက်ဂျူရက်ဇ်ရဲ့ ခင်ပွန်းဖြစ်သူဟာ သူ့ကလေးသုံးယောက်ကို ပွေ့ဖက်နှုတ်ဆက်ပြီးတဲ့နောက် မိုင်ပေါင်း ၁၂၀၀ အကွာအဝေးရှိတဲ့ အမေရိကန်ပြည်ထောင်စုဆီကို ခရီးနှင်ခဲ့ပါတယ်။ ဒါဟာ အမေရိကန်နိုင်ငံအတွင်းကို တရားမဝင် ဝင်ရောက်နိုင်ဖို့ သူ့ရဲ့ခြောက်ကြိမ်မြောက် ကြိုးစားခြင်းလည်း ဖြစ်ပါတယ်။**




အမေရိကန်မှာ အလုပ်လုပ်မယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ ဒီလိုကြိုးစားနေတာလည်းဖြစ်ပါတယ်။ သူတို့စုံတွဲဟာ အမေရိကန် ဒေါ်လာ ၁၃၀၀၀ ကို မိတ်ဆွေတွေဆီက ချေးယူခဲ့ပြီး လူမှောင်ခိုသမားတွေကို ပေးခဲ့ပါတယ်။ အမေရိကန်နိုင်ငံအတွင်းကို ခိုးဝင်ဖို့အတွက်ပါ။

### အန္တရာယ်များတဲ့ ခရီးကြမ်း

လူမှောင်ခိုသမားတွေဆီကနေတစ်ဆင့် အမေရိကန်နိုင်ငံအတွင်းကို ခိုးဝင်ရတာလည်း လွယ်ကူတဲ့ကိစ္စတော့မဟုတ်ပါဘူး။ အန္တရာယ်တွေများလှပါတယ်။ ကောက်ကျစ်တဲ့လူမှောင်ခိုသမားတွေနဲ့ တွေ့မှာ စိုးရိမ်ရသလို၊ အန္တရာယ်များလှတဲ့ သဲကန္တာရကိုလည်း ဖြတ်သန်းရပါတယ်။

ဒါ့အပြင် မက္ကဆီကို မူးယစ်ကုန်သည် ဂိုဏ်းတွေနဲ့ ရင်ဆိုင်ကြုံတွေ့ရမှာကိုလည်း ကြောက်ရပြန်ပါတယ်။ ဒီလိုမျိုးအဘက်ဘက်က အန္တရာယ်တွေ ရောပြွမ်းနေပေမယ့် မစ္စစ်ဂျူရက်ဇ်ရဲ့ ခင်ပွန်းသည်ကတော့ အမေရိကကို သွားဖို့ စိတ်ကူးကို မစွန့်လွှတ်ခဲ့ပါဘူး။

စီးပွားရေးပြိုလဲပြီး အကြွေးထူနေတဲ့အတွက် သူဟာ ဂွါတီမာလာက ဆွေမျိုးတွေ အားလုံးကို ထားခဲ့ပြီး အမေရိကကို ထွက်ခွာခဲ့ပါတယ်။ မစ္စစ်ဂျူရက်ဇ်ဟာ သူ့ခင်ပွန်းရဲ့ အမည်ကို ထုတ်မပြောရဲပါဘူး။ အမေရိကန် လူဝင်မှုကြီးကြပ်ရေးကသိပြီး ဖမ်းသွားမှာ စိုးလို့ပါ။

မစ္စစ်ဂျူရက်ဇ်ရဲ့ ခင်ပွန်းသည်ဟာ အမေရိကန်အစိုးရနဲ့ ဂွါတီမာလာအစိုးရတို့ တရားဝင်ထုတ်ပြန်ထားတဲ့ သတိပေးချက်တွေကို သိပေမယ့် လျစ်လျူရှုပြီး အမေရိကန်ထဲကို ခိုးဝင်တဲ့ ထောင်ပေါင်းများစွာသော ဂွါတီမာလာနိုင်ငံသားတွေထဲက တစ်ယောက်ပါပဲ။

အမေရိကန်ထဲကို ခိုးဝင်ဖို့ဆိုရင် အန္တရာယ်များလှတဲ့ အခက်အခဲတွေကို ကျော်ဖြတ်ရမယ်ဆိုတာကို သတိပေးချက်တွေ ထုတ်ပြန်ထားပေမယ့် ဂရုမစိုက်ကြပါဘူး။ တချို့ဆိုရင် ပိုမိုကောင်းမွန်တဲ့ ဘဝအနေအထားရဖို့ ဂွါတီမာလာနိုင်ငံအတွင်းကနေ ခြေကျင်ခရီးကြမ်း လျှောက်ပြီး တစ်မိသားစုလုံးတောင် ထွက်သွားကြသူတွေ အများကြီးရှိပါတယ်။

### ဆင်းရဲလွန်းလို့ ရွှေ့ပြောင်းလာကြ

လွန်ခဲ့တဲ့နှစ်ကဆိုရင် ဂွါတီမာလာ နိုင်ငံသား ၄၂၇၅၇ ဦး ခန့်ဟာ မက္ကဆီကို-အမေရိကန် နယ်စပ်မှာပဲ အဖမ်းခံရတာ။ ဒါမှမဟုတ် ရှေ့ဆက်မသွားဖို့ တားဆီးခံရတာမျိုးနဲ့ ကြုံတွေ့ရတယ်လို့ အကောက်ခွန်နဲ့ နယ်စပ်ကာကွယ်ရေး အချက်အလက်တွေအရ သိရပါတယ်။

ရွှေ့ပြောင်းသွားလာသူ တွေကို ကြည့်မယ်ဆိုရင် ထက်ဝက် နီးပါးဟာ ဆွေမျိုးတွေကိုပါ ခေါ်ပြီး ရွှေ့ပြောင်းနေထိုင်ဖို့ ကြိုးစားကြတာကို တွေ့နိုင်ပါတယ်။ အရေအတွက်ကလည်း တဖြည်းဖြည်း တိုးလာပါတယ်။

လွန်ခဲ့တဲ့ နှစ်နှစ်ခန့်ကဆိုရင် နယ်စပ်မှာပဲ တားဆီးခံရတဲ့ မိသားစုသုံးပုံတစ်ပုံဟာ ဂွါတီမာလာကဖြစ်နေတယ်ဆိုတာကို တွေ့နိုင်ပါတယ်။ သူတို့ ရွှေ့ပြောင်းလာရတဲ့အကြောင်းရင်းကလည်း ရိုးရိုးလေးပါပဲ။ ဆင်းရဲလွန်းလို့ပါ။

### စီးပွားရေးအဆင်မပြေ

ဂွါတီမာလာအနောက်ပိုင်း ကုန်းမြင့်ဒေသမှာ နေထိုင်သူ ၇၆ ရာခိုင်နှုန်းဟာ အလွန်အမင်း ဆင်းရဲကြပါတယ်။ ငါးနှစ်ထက်ငယ်တဲ့ကလေး ၆၇ ရာခိုင်နှုန်းဟာလည်း အာဟာရချို့တဲ့မှုကို နာတာရှည်ခံစားနေရပါတယ်လို့ အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (USAID) က ပြောပါတယ်။

ကျေးလက်ဒေသမှာ နေထိုင်ကြတဲ့ ဂွါတီမာလာနိုင်ငံသား တစ်သန်းခန့်ဟာ လျှပ်စစ်မီးမရကြပါဘူး။ ကော်ဖီ၊ ပြောင်း၊ ပဲနဲ့အခြား စိုက်ပျိုးရေးလုပ်ငန်းတွေကနေ ဝင်ငွေအနည်းငယ်သာ ရရှိကြပါတယ်။ လယ်ယာထွက်ကုန်တွေအတွက် ဈေးနှုန်းဟာလည်း တဖြည်းဖြည်း ကျဆင်းလို့နေပါတယ်။

လွန်ခဲ့တဲ့ နှစ်ကဆိုရင် ကော်ဖီစိုက်ပျိုးခြင်း တစ်ခုတည်းကတင် ဝင်ငွေ ၆ ရာခိုင်နှုန်းကျဆင်းသွားပါတယ်။ တစ်ပိုင်တစ်နိုင်စိုက်ပျိုးတဲ့ လယ်သမားတွေဟာ ကုန်ကျစရိတ်မကာမိလို့ မစိုက်နိုင်ကြတော့ပါဘူး။

### ဖိအားတွေဖြစ်လာ

ဒီလိုကျပ်တည်းရတဲ့အထဲ မူးယစ်မှောင်ခိုမှုတွေ၊ ဒေသခံအစိုးရရဲ့ အကျင့်ပျက်ခြစားမှုတွေနဲ့ ဂိုဏ်းအဖွဲ့တွေရဲ့ခြိမ်းခြောက် ငွေညှစ်မှုတွေကြောင့် ဒေသတွင်းကနေ အခြားနေရာကို ပြောင်းရွှေ့နေထိုင်ကြဖို့ ဖိအားတွေ ဖြစ်လာခဲ့ပါတယ်။

လူတွေ ဂွါတီမာလာတွင်းကနေ အခြားနေရာကို ပြောင်းရွှေ့မသွားကြဖို့ ဆိုရင် သူတို့အတွက် ကောင်းမွန်တဲ့ ဘဝအာမခံချက်တွေ အခွင့်အရေးတွေ ဖန်တီးပေးဖို့ လိုအပ်တယ်လို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဂွါတီမာလာ အစိုးရအေဂျင်စီက ခေါင်းဆောင် ဗစ်တာမန်နျူရယ်အက်စ်တူရီယာ ကာဒွန်က

> ❖ နယ်စပ်မှာ ဂွါတီမာလာနိုင်ငံသားတွေကို အစုလိုက် အပြုံလိုက်တွေ့ရတဲ့ အခါမှာတော့ အမေရိကန်အရာရှိတွေအတွက် ဂွါတီမာလာဟာ သတိထား စရာ ဖြစ်လာခဲ့ပါတယ်။
>
> ❖ ခိုးဝင်လာတဲ့ လူတွေကို ပိုမိုထိရောက်တဲ့ နည်းလမ်းတွေနဲ့ ရှာဖွေလာကြပါတယ်။

ပြောပါတယ်။

### အမေရိကန်အရာရှိတွေ သတိထားမိလာ

နယ်စပ်မှာ ဂွါတီမာလာနိုင်ငံသားတွေကို အစုလိုက် အပြုံလိုက်တွေ့ရတဲ့ အခါမှာတော့ အမေရိကန်အရာရှိတွေအတွက် ဂွါတီမာလာဟာ သတိထားစရာ ဖြစ်လာခဲ့ပါတယ်။ ခိုးဝင်လာတဲ့ လူတွေကို ပိုမိုထိရောက်တဲ့ နည်းလမ်းတွေနဲ့ ရှာဖွေလာကြပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာနှောင်းပိုင်းဆိုရင် အကောက်ခွန်နဲ့ နယ်စပ်ထိန်းသိမ်းရေးကော်မရှင်နာ ကီဗင်မက်အယ်လီနန်ဟာ ဂွါတီမာလာ၊ ဟွန်ဒူးရပ်နဲ့ အယ်ဆာဗေဒိုနိုင်ငံတို့ကို သွားရောက်ခဲ့ပါတယ်။ ဂွါတီမာလာနိုင်ငံကို ရောက်တဲ့အခါ အစိုးရအရာရှိတွေ၊ စီးပွားရေးသမားတွေ၊ တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်တွေနဲ့ တွေ့ခဲ့ကြပါတယ်။

အဲဒီမှာ သူပြောခဲ့တာကတော့ တရားဥပဒေတစ်ခုတည်းနဲ့ ထောင်နဲ့ချီတဲ့ ဂွါတီမာလာနိုင်ငံသားတွေ အမေရိကန်နိုင်ငံအတွင်းကို ခိုးဝင်တာ ရပ်တန့်နိုင်မှာမဟုတ်ဘူးဆိုတာပါပဲ။ တောင်သူတွေ စိုက်ပျိုးရေးအဆင်မပြေလို့ တိုင်းပြည်ကို စွန့်ခွာသွားတယ်ဆိုတာ သိရတော့ သူကိုယ်တိုင် ကော်ဖီစိုက်ခင်းတွေ လိုက်ကြည့်တာ အခြားသော ပြဿနာရပ်တွေ နားထောင်ပေးတာမျိုး ပြုလုပ်ခဲ့ပါတယ်။

### လူမှောင်ခိုသမားများ၏ အလိမ်အညာ

အမေရိကန်ထဲကို ခိုးဝင်သူတွေ ရပ်တန့်သွားဖို့ဆိုရင် ဂွါတီမာလာနိုင်ငံအတွင်းမှာလည်း စီးပွားရေးအဆင်ပြေနေဖို့ လိုအပ်ပါတယ်။ ဒါကြောင့် မစ္စတာကီဗင်ဟာ USAID ရဲ့ အကူအညီနဲ့ လုပ်နေတဲ့ ပရောဂျက်တွေ အားလုံးကို သူ့ခရီးစဉ်အတွင်းမှာ သွားကြည့်ခဲ့ပါတယ် ။

တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ တွေ့ဆုံခဲ့တယ်။ အမေရိကန်နယ်စပ်ကို တရားမဝင် ဖြတ်ကျော်တာဟာဆိုရင် ရာဇဝတ်မှုမြောက်တယ်ဆိုတာကို ထပ်မံသတိပေးခဲ့ပါတယ်။ နောက်ပြီးတော့ မိသားစုလိုက် အမေရိကန်နိုင်ငံထဲကို ဝင်လာရင် အမေရိကန်မှာ ဆက်လက်နေခွင့်ရမယ်ဆိုတဲ့ လူမှောင်ခိုသမားတွေရဲ့အလိမ်အညာစကားတွေကို မယုံကြည်ကြဖို့လည်း သတိပေးခဲ့ပါတယ်။

ကလေးပါလာရင်ပဲ ဖြစ်ဖြစ်၊ ကိုယ်ဝန်ရှိနေရင်ပဲဖြစ်ဖြစ် အမေရိကန်နိုင်ငံအတွင်းမှာ နေထိုင်ခွင့် မရှိဘူးလို့ သူက ဆက်ပြောပါတယ်။

### အလုပ်အကိုင်တွေဖန်တီးပေးမယ်

အမေရိကန်ပြည်ထောင်စုဟာ ဂွါတီမာလာအနောက်ပိုင်း တောင်ကုန်းဒေသတွေမှာ အလုပ်အကိုင်တွေဖန်တီးပေးဖို့၊ ဆင်းရဲမွဲတေမှုတွေ လျှော့ချပေးဖို့ စီမံကိန်းလုပ်ဆောင်ဖို့ရာ ဒေါ်လာသန်း ၂၀၀ သုံးစွဲသွားမယ်လို့ အရာရှိတွေက ပြောပါတယ်။

ဒါပေမယ့်လည်း အမေရိကန်ကိုသာ ရောက်လာရင် ပိုမိုကောင်းမွန်တဲ့ ဘဝအာမခံချက် ရှိလာနိုင်တယ်ဆိုတဲ့ မျှော်လင့်ချက်ကတော့ ဂွါတီမာလာနိုင်ငံသားတိုင်းမှာ ရှိနေဆဲပါပဲ။

အမေရိကန်ကနေ နေရပ်ကို ပြန်ပို့ခြင်းခံရပေမယ့် နောက်ထပ်ပြန်ဝင်ဖို့ ကြိုးစားကြသူတွေလည်း ရှိပါတယ်။ အသက် ၂၀ အရွယ် ဂွါတီမာလာနိုင်ငံသူတစ်ဦးကတော့ အမေရိကန်ထဲကို ခိုးဝင်ရတာမလွယ်ဘူး၊ အန္တရာယ်များတယ်ဆိုတာကို သိပေမယ့် ထပ်သွားဖို့ ကြိုးစားဦးမှာပဲ၊ အမေရိကန်မှာ အလုပ်လုပ်ချင်သေးတယ်လို့ ပြောပါတယ်။

### ထိရောက်မှုမရှိ ဖြစ်နေ

အမေရိကန်နိုင်ငံအတွင်းကို ခိုးဝင်ကြရင် ဘယ်လောက်အန္တရာယ်များကြောင်း တီဗွီတွေ၊ ရေဒီယိုတွေကတစ်ဆင့်ကြေညာတာမျိုး၊ ဆိုင်းဘုတ်တွေထောင်ပြီး သတိပေးထားတာမျိုး ပြုလုပ်ခဲ့ပေမယ့် ဂွါတီမာလာနိုင်ငံသားတွေကတော့ ဒါကို မမှုကြပါဘူး။

အမေရိကန် နိုင်ငံကတော့ ကြော်ငြာစရိတ် ဒေါ်လာခုနစ်သိန်းခွဲကျော် ကုန်ကျခဲ့ပါတယ်။ ကြော်ငြာစရိတ်သာကုန်ပေမယ့် ထိရောက်မှုတော့ မရှိဖြစ်နေတယ်။ လူမှောင်ခိုသမားတွေကတော့ အလုပ်မပျက်ပါဘူး၊ သူတို့ဟာ လူမှုကွန်ရက်ကနေတစ်ဆင့် လူခေါ်တာမျိုးတွေတောင် ပြုလုပ်ကြပါတယ်။

ဒီလိုပါပဲ ဂွါတီမာလာနိုင်ငံသားတွေကလည်း အမေရိကန်နိုင်ငံအတွင်းကို ခိုးမဝင်ကြဖို့ သတိပေးမှုတွေကို နေ့စဉ် ကြားသိနေရပေမယ့် လူမှောင်ခိုသမားတွေရဲ့ မဲဆွယ်မှုနောက်လိုက်နေကြတုန်းပါပဲ။ ။

**ကိုးကား -နယူးယောက်တိုင်းမ်**

# ပွင့်ဖြူမြို့နယ်၌ ကျေးရွာချင်းဆက်လမ်းနှင့် ထရန်စဖော်မာတိုးချဲ့တပ်ဆင်ခြင်း ဆောင်ရွက်ပြီးစီးမှု ဖွင့်ပွဲကျင်းပ

**ပွင့်ဖြူ အောက်တိုဘာ ၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ဖလံတောကျေးရွာမှ ဒေသခံကျေးလက်နေပြည်သူများ ရာသီမရွေး သွားလာနိုင်စေရန်အတွက် ဖလံတော - ကံသာကြီး ကျေးရွာချင်းဆက် ဂဝံမြေနီလမ်းနှင့် လျှပ်စစ်မီးအသုံးပြုနိုင်ရေးအတွက် ၁၁ ဒသမ ၄ ကေဗွီ / ၁၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၇ ရက်က ပွင့်ဖြူမြို့နယ် ဖလံတောကျေးရွာ အဝင်မုခ်ဦး၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ဦးဝင်းမော်ဌေး၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးဆန်းလင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တိုးချဲ့ဆောင်ရွက်ပြီးစီးသည့် ထရန်စဖော်မာကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။

ဆက်လက်၍ အခမ်းအနားကို ဖလံတောကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲရှိ ကျောင်းဆောင်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးက ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကြိုးစားလုပ်ဆောင်ရမည့် လုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ လျော့ပါးသက်သာရေးကာကွယ်ထိန်းသိမ်းရန်အချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးက ဖလံတောကျေးရွာရှိ ကျေးလက်နေပြည်သူများ ၂၄ နာရီ လျှပ်စစ်မီးပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ထရန်စဖော်မာ တိုးချဲ့တပ်ဆင်ဆောင်ရွက်ပေးရခြင်းနှင့် စပ်လျဉ်း၍ ပြောကြားသည်။

မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဖလံတောကျေးရွာနှင့် ကံသာကြီးကျေးရွာတို့မှ ဒေသခံကျေးလက်နေပြည်သူများ ရာသီမရွေး အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ဖလံတော - ကံသာကြီး ကျေးရွာချင်းဆက် လမ်းအရှည်ပေလေးမိုင်ကို လမ်းအကျယ် ၁၈ ပေ၊ ဒုကိုးလက်မခန့်ရှိ ဂဝံမြေနီလမ်းခင်းခြင်းလုပ်ငန်းကို ဩဂုတ် ၂၈ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး ယခု အောက်တိုဘာ ၂ ရက်တွင် ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးသွားခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ ဖလံတောကျေးရွာရှိ ဒေသခံပြည်သူများအနေဖြင့် ကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်မှုလုပ်ငန်း ပြီးစီးသွားသဖြင့် ယခင်ကထက် သွားလာရေး လွယ်ကူချောမွေ့စေသည့်အပြင် ၂၄ နာရီ လျှပ်စစ်မီးအား ပြည့်ဝစွာ သုံးစွဲခွင့်ရရှိသွားပြီဖြစ်ကာ ဒေသခံကျေးလက်နေပြည်သူများ ဝမ်းသာ ပျော်ရွှင်လျက်ရှိနေကြကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**





# ကယားပြည်နယ်အတွင်း အပြည်ပြည်ဆိုင်ရာ ပန်းချီပန်းပုကျေးရွာ တည်ထောင်နိုင်ရန် ပြည်နယ်ဝန်ကြီးချုပ်အား လာရောက်တွေ့ဆုံ

**လွိုင်ကော် အောက်တိုဘာ ၉**

မြန်မာနိုင်ငံတွင်လည်း မြန်မာ့ပန်းချီ၊ ပန်းပု အနုပညာလက်ရာများဖော်ထုတ်ပြသနိုင်ရေး၊ ကမ္ဘာ့နိုင်ငံများမှ ပညာရှင်များနှင့် အမြင်ချင်းဖလှယ်ခြင်း၊ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့များ၊ နေထိုင်စားသောက်မှု ပုံစံများကို တစ်နေရာတည်းတွင် စုစည်းချပြနိုင်ရေး International Art Village တည်ထောင်ရန် ဖော်ဆောင်လျက်ရှိရာ International Watercolor Society Myanmar မှ ဦးမင်းဝေအောင် ဦးဆောင်၍ ဒေါ်သန်းသန်းမော်၊ ဦးမင်းမော်အောင်နှင့် ဒါရိုက်တာကြည်ဖြူသျှင်တို့ ပါဝင်သောအဖွဲ့က ယမန်နေ့တွင် ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုထံသို့ လာရောက်ရှင်းလင်း တင်ပြကြသည်။

ရှေးဦးစွာ ဦးမင်းဝေအောင်က International Watercolor Society Myanmar အနေဖြင့် တရုတ်နိုင်ငံ၊ ကိုရီးယားနိုင်ငံများတွင် International Art Village များ တည်ထောင်ပြီး ကမ္ဘာ့နိုင်ငံများမှ ပန်းချီ၊ ပန်းပုပညာရှင်များ ဖိတ်ခေါ်ကာ ပညာရပ်များနီးနှော ဖလှယ်ခြင်း၊ ပညာရှင်များ ရေးဆွဲထားသော ပန်းချီ၊ ပန်းပုလက်ရာများပြသခြင်း၊ နိုင်ငံခြားခရီးသွားများ စိတ်ဝင်တစားဖြင့် လာရောက်လည်ပတ်နိုင်ရန် International Art Village အတွင်း အနုပညာမြောက်ရှုခင်းများ၊ အလှအပများ၊ တိုင်းရင်းသားရိုးရာအိမ် တည်ဆောက်ထားမှုများ၊ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု အတီး အမှုတ်၊ အကများဖြင့် သီဆိုဖျော်ဖြေခြင်းများကို ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံတွင်လည်း မြန်မာ့ပန်းချီ၊ ပန်းပုအနုပညာလက်ရာများ ဖော်ထုတ်ပြသနိုင်ရေး၊ ကမ္ဘာ့နိုင်ငံများမှ ပညာရှင်များနှင့် အမြင်ချင်းဖလှယ်ခြင်း၊ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့များ၊ နေထိုင်စားသောက်မှုပုံစံများကို တစ်နေရာတည်းတွင် စုစည်းချပြနိုင်ရေး International Art Village တည်ထောင်ရန် မြေနေရာရှာဖွေလျက်ရှိကြောင်း၊ လက်ရှိအနေဖြင့် ပဲခူးမြို့ မဇင်းဆည်အနီး တစ်နေရာနှင့် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်အနီးတစ်နေရာတွင် မြေနေရာရှာဖွေ တွေ့ရှိထားကြောင်း၊ ထပ်မံ၍ ကယားပြည်နယ်၏ ရေမြေတောတောင် အလှအပများ၊ ကယန်းတိုင်းရင်းသူများ၏ ဝတ်စားဆင်ယင်မှုပုံစံများ၊ ကမ္ဘာကျော် အင်းလေးကန် အလှအပများကို ကြည့်ရှုခံစားနိုင်မည့် ကြားနေရာဖြစ်သော လွိုင်ကော်နှင့် မိုးဗြဲနယ်စပ် အနီး ကယားပြည်နယ်ဘက်ခြမ်း မြေနေရာနှင့် ကန်ခုနစ်ဆင့်နေရာကိုလည်း ကြည့်ရှုပြီးဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံလိုသူများလည်း ရှိနေသဖြင့် မြေနေရာရရှိပါက အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် သင့်တင့်လျောက်ပတ်သော မြေနေရာရရှိရေး ကူညီဆောင်ရွက်ပေးစေလို၍ ရှင်းလင်းတင်ပြရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က မိမိပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ်အတွက် ဝင်ငွေတိုးတက်ရရှိရေးအတွက် ယခုလို ရင်းနှီးမြှုပ်နှံမှုကဏ္ဍအား လာရောက်တင်ပြသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ကယားပြည်နယ်အတွင်း International Art Village တည်ထောင်နိုင်ရေးအတွက် သင့်တော်သော မြေနေရာရှာဖွေ၍ ပြန်လည်အကြောင်းပြန်ကြားပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ်၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထွန်းလေး(ပြန်/ဆက်)**

# ချင်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်များ ဆွေးနွေး

**ဟားခါး အောက်တိုဘာ ၉**

ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် The World Bank Myanmar Country Management Team မှ Mr.Martin Fodor ဦးဆောင်သောအဖွဲ့တို့တွေ့ဆုံပွဲကို ယနေ့ နံနက်က ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တွေ့ဆုံပွဲသို့ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီအိုးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါတွေ့ဆုံပွဲတွင် ချင်းပြည်နယ်အတွင်း ကလေး-ဖလမ်း - ဟားခါး လမ်းမကြီး အဆင့်မြှင့်တင်ဆောင်ရွက်ရေး စီမံကိန်းအပါအဝင် လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာစေရေး၊ လျှပ်စစ်မီးပိုမိုကောင်းမွန်လာစေရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာများ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးလုပ်ငန်း စီမံချက်များ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# သားအိမ်ခေါင်းကင်ဆာအကြောင်း သိကောင်းစရာများဟောပြော

**လဲချား အောက်တိုဘာ ၉**

အမျိုးသမီးများတွင် ဖြစ်ပွားတတ်သော သားအိမ်ခေါင်းကင်ဆာရောဂါ အကြောင်း သိကောင်းစရာ အသိပညာပေးဟောပြောပွဲအခမ်းအနားကို ယမန်နေ့က လဲချား မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက တက်ရောက်လာသူများအား သားအိမ်ခေါင်းကင်ဆာ သိကောင်းစရာ လက်ကမ်းစာစောင်များ၊ အခြား ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သက်သက်ညိုက ဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းခဲ့သည်။

ထို့နောက် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇင်မောင်နွယ်က သားအိမ်ခေါင်းကင်ဆာ ဖြစ်ပွားရခြင်းအကြောင်း၊ သားအိမ်ခေါင်းကင်ဆာ လက္ခဏာရပ်များ၊ ကာကွယ်ရန်နည်းလမ်းများ၊ ကုသရန် နည်းလမ်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသူ အမျိုးသမီးများက သိရှိလိုသည်များကို ဆွေးနွေး မေးမြန်းခဲ့ကြကာ မြို့နယ်ဆရာဝန်ကြီးက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ပြီး မြို့နယ်ကျန်းမာရေးမှူးက သွေးလွန်တုပ်ကွေးဖြစ်ပွားရခြင်း အကြောင်း သိကောင်းစရာများနှင့် ရောဂါလက္ခဏာများကို ရှင်းလင်း ဆွေးနွေးခဲ့သည်။

အဆိုပါဟောပြောပွဲသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာမှ အမျိုးသမီးဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအတွင်းမှ စိတ်ဝင်စားသူ အမျိုးသမီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကေသီ(ပြန်/ဆက်)**



# ရန်ကုန်မြစ်တွင်းသွား စက်တပ်သမ္ဗန်များ စည်းကမ်းလိုက်နာရေးနှင့် ဘေးကင်းလုံခြုံရေး ရှောင်တခင်စစ်ဆေး



**ရန်ကုန် အောက်တိုဘာ ၉**

ရန်ကုန်မြစ်တွင်းသွား စက်တပ်သမ္ဗန်များ စည်းကမ်းလိုက်နာရေးနှင့် ခရီးသွားပြည်သူများ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်းရှိ ကူးတို့ဆိပ်များ၌ သတ်မှတ်ထားသော စည်းကမ်းများအား လိုက်နာမှုရှိ မရှိ ရှောင်တခင် စစ်ဆေးခြင်းကို ယမန်နေ့က ဒလမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ မြို့နယ်စက်တပ်သမ္ဗန်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ငြိမ်းနှင့် အဖွဲ့ဝင်များ ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဒလမြို့နယ်အတွင်း ပုဂ္ဂလိကပိုင် ကူးတို့သမ္ဗန်ဆိပ် ခြောက်ဆိပ်နှင့် သမဝါယမပိုင် သမ္ဗန်ကူးတို့ဆိပ် ငါးဆိပ်ရှိပြီး စုစုပေါင်း ကူးတို့ဆိပ် ၁၁ဆိပ် ရှိရာ မှော်စက်ကူးတို့ဆိပ်၊ ကမာကဆစ်ကူးတို့ဆိပ်၊ စက်မြေကူးတို့ဆိပ်နှင့် ကမာကသွယ်ကူးတို့ဆိပ်တို့ကို ယင်းနေ့က ရှောင်တခင်စစ်ဆေးခဲ့ခြင်းဖြစ်ပြီး ကျန်ရှိသော စက်တပ်သမ္ဗန် ကူးတို့ဆိပ်များကိုလည်း ထပ်မံစစ်ဆေးမှုများ ပြုလုပ်သွားမည် ဖြစ်ကြောင်းသိရသည်။

"တချို့သမ္ဗန်တွေမှာ အသက်ကယ်အင်္ကျီ ဟောင်းနွမ်းတာတွေရှိတယ်။ ဒါတွေကို လိုင်စင်သက်တမ်းတိုးတဲ့အချိန်မှာ အသစ်လဲလှယ်ဖို့ စီစဉ်ထားပါတယ်။ ခုဆိုသမ္ဗန်တိုင်းမှာ အသက်ကယ်ဖောကွင်း တစ်ခုစီ ထားပေးတယ်။ စည်းကမ်းပိုင်း တင်းကျပ်မှုက အရက်သေစာ သောက်စားပြီး မောင်းရင်ခွင့်မလွှတ်ဘူး၊ အရေးယူမယ်။ အချို့ဆို အရေးယူလိုက်လို့ အနားယူသွားတဲ့ သူတွေရှိပါတယ်။စက်တပ်သမ္ဗန် ကြံ့ခိုင်မှု ရှိ မရှိ စစ်ဆေးခြင်းကို တာဝန်ရှိသူတွေနဲ့ တစ်လနှစ်ကြိမ် ကွင်းဆင်းစစ်ဆေးပြီး လိုက်နာမှု မရှိရင် ထိရောက်စွာ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

"ခရီးသွားပြည်သူတွေ အနေနဲ့ စက်တပ်သမ္ဗန်စီးတိုင်း အသက်ကယ်အင်္ကျီ ဝတ်ဆင်ပြီး စီးကြစေလိုပါတယ်" ဟု မြို့နယ်စက်တပ်သမ္ဗန်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ငြိမ်းက ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ**
**နိုင်လင်းကျော်(ဒလ)**

# (၇)နှစ်မြောက် အပြည်ပြည်ဆိုင်ရာမိန်းကလေးများနေ့ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၉**

၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင်ကျင်းပသော ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံတွင် သဘောတူလက်ခံခဲ့ပြီးနောက် ၂၀၁၂ ခုနှစ်မှ စတင်ကာ အောက်တိုဘာ ၁၁ ရက်ကို အပြည်ပြည်ဆိုင်ရာ မိန်းကလေးများနေ့ဟု သတ်မှတ်ခဲ့ပြီး အောက်တိုဘာလ ရောက်တိုင်း ကမ္ဘာတစ်ဝန်း၌ ပွဲတစ်ပွဲအဖြစ် နှစ်စဉ်ကျင်းပခဲ့ကြသည်။

ယခုအခါ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၁ ရက်တွင် ကျရောက်တော့မည့် (၇) နှစ်မြောက် အပြည်ပြည်ဆိုင်ရာမိန်းကလေးများနေ့ကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ပထမဆုံးအကြိမ် ဦးဆောင်ကျင်းပခွင့် ရရှိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေတောင်ကြား အမှတ်(၂)ရပ်ကွက် ကမ္ဘောဇလမ်းရှိ ပလန်အင်တာနေရှင်နယ်မြန်မာရုံးခန်းမ၌ ယမန်နေ့က ပြုလုပ်သော ရှင်းလင်းပွဲမှ သိရသည်။

အောက်တိုဘာ ၁၁ ရက်တွင်ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ မိန်းကလေးများနေ့ကို ပလန်အင်တာနေရှင်နယ် မြန်မာအဖွဲ့က ဦးဆောင်လျက် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပူးပေါင်းကာ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ အမျိုးသမီးများ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် အောက်တိုဘာ ၉ ရက် နှင့် ၁၀ ရက်တို့ နံနက်ပိုင်းတွင် မိန်းကလေးများ၏ စွမ်းအားနှင့် ခုခံတုံ့ပြန်နိုင်စွမ်း၊ ပညာရေးလုပ်ကိုင်ဦးဆောင်ရေး တန်းတူညီမျှ အခွင့်အရေး ရရှိရေးတို့အတွက် ပညာပေးကဏ္ဍများဖြင့် ကားမှတ်တိုင်များနှင့် ရထားဘူတာရုံများတွင် လှုပ်ရှားဆောင်ရွက်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# မြန်မာနိုင်ငံ မကူးစက်နိုင်သောရောဂါများဆိုင်ရာ မဟာမိတ်အဖွဲ့မှ အခြေခံကဏ္ဍကြီးလေးရပ်ကို ဆောင်ရွက်မည်

**ရန်ကုန် အောက်တိုဘာ ၉**

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် မကူးစက်နိုင်သောရောဂါများအတွက် ကမ္ဘာလုံးဆိုင်ရာ မဟာမိတ်အဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံ မကူးစက်နိုင်သောရောဂါများဆိုင်ရာ မဟာမိတ်အဖွဲ့ကို ဖွဲ့စည်းတည်ထောင်ထားရှိကာ အဖွဲ့မှအခြေခံကဏ္ဍကြီးလေးရပ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယမန်နေ့က ရန်ကုန်မြို့ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းမှ သိရသည်။

ဆက်လက်၍ အဖွဲ့၏ ဖွဲ့စည်းထားရှိမှုနှင့် ရှေ့လုပ်ငန်းစဉ်များအပေါ် အသိပေးရှင်းလင်းရာတွင် မဟာမိတ်အဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များဆိုင်ရာ ညွှန်ကြားမှုများအဖြစ် မျှော်မှန်းချက်၊ တာဝန်နှင့် ရည်မှန်းချက်တို့ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၆ ရက်နှင့် ၇ ရက်က ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းရုံး၌ ကျင်းပသော အစည်းအဝေး၏ သဘောတူညီချက်အရ သိရသည်။

" မကူးစက်နိုင်တဲ့ရောဂါဆိုတာ ကင်ဆာရောဂါ၊ နှလုံးရောဂါနဲ့ စိတ်ပိုင်းဆိုင်ရာကြောင့် ဖြစ်ရတဲ့ရောဂါ၊ အရက်ကြောင့်ဖြစ်ရတဲ့ရောဂါတွေ ဖြစ်ပါတယ်။ ပြည်သူလူထုကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေး၊ အနာရောဂါကင်းရှင်းရေး၊ ကူးစက်တတ်သောရောဂါများ အန္တရာယ်မှ ကင်းဝေးရေးတွေကိုလည်း ဆောင်ရွက်နေကြပါတယ်။ ယနေ့ရင်ဆိုင်နေရတဲ့ ကျန်းမာရေး စိန်ခေါ်မှုတစ်ရပ်ဖြစ်တဲ့ကူးစက်နိုင်တဲ့ ရောဂါတွေကို ကာကွယ်ကြတဲ့အခါမှာကာကွယ်ရေးလုပ်ငန်းနဲ့ ပညာပေးလုပ်ငန်းတွေပိုမိုထိရောက်အောင် အခြေခံလုပ်ငန်းလေးချက်ကို စတင်ဆောင်ရွက်မှာပါ။ ဒီလုပ်ငန်းအတွက် ဆေးရွက်ကြီး၊ ဆေးလိပ်ပေါ်မှာရရှိတဲ့ အခွန်၊ အရက်အခွန် စတဲ့သီးခြား အခွန်တွေကို ကျန်းမာရေးကဏ္ဍအတွက် ဆောင်ရွက်နိုင်ဖို့ပါ"ဟု ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းမှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသိန်းဆွေက ပြောသည်။

ဖွဲ့စည်းခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များကို ဇူလိုင် ၅ ရက်က နေပြည်တော်ရှိ မင်္ဂလာသီရိ ဟိုတယ်တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ မဟာမိတ်အဖွဲ့ဝင်များနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မိတ်ဖက်ဌာနတို့အား မဟာမိတ်အဖွဲ့၏ အခြေခံရှေ့လုပ်ငန်းစဉ်လေးရပ်ဖြစ်သော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းများအပေါ် အခွန်အကောက်တိုးမြှင့်ရန်နှင့် မကူးစက်နိုင်သောရောဂါများကာကွယ်နှိမ်နင်းရေးအတွက် သီးခြားအခွန်ထားရှိပေးရန်၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်သုံးစွဲနိုင်ရန် (အထူးသဖြင့် စားသုံးဆီ၊ ဆားနှင့် သကြားပါသော အစားအသောက်တို့ကို ထိန်းချုပ်ရန်) မကူးစက်နိုင်သောရောဂါများကို စောစီးစွာသိရှိရန်နှင့် ဆောလျင်စွာကုသမှု ခံယူနိုင်ရန်၊ မကူးစက်နိုင်သောရောဂါများခံစားနေရသောလူနာများ ပူးပေါင်းပါဝင်လာစေရန် တို့ကိုအခြေခံ ချမှတ်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

အဆိုပါ ကဏ္ဍကြီးလေးရပ်အပေါ် အခြေခံ၍ အလုပ်ရုံဆွေးနွေးပွဲကိုလည်း ဩဂုတ် ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။ **သန်းထိုက်**

## ရေစကြိုမြို့နယ် ရဲတပ်ဖွဲ့မှ မူးခင်းကင်းမဲ့ ရက်သတ္တပတ်လုပ်ငန်း စတင်ဆောင်ရွက်

**ရေစကြို အောက်တိုဘာ ၉**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ရဲတပ်ဖွဲ့မှ မြို့နယ်အတွင်း မူးခင်းများ မဖြစ်ပေါ်စေရေးအတွက် မူးခင်းကင်းမဲ့ရက်သတ္တပတ် လှုပ်ရှားမှုလုပ်ငန်းကို အောက်တိုဘာ ၇ ရက်က ရေစကြိုမြို့အဝင် ရွှေကူကြီးလမ်းဆုံတွင် စုဖွဲ့၍လုပ်ငန်းများ စတင်ဆောင်ရွက်ကြသည်။

ထို့နောက် မြို့နယ် ဒုတိယရဲတပ်ဖွဲ့မှူး ဒုရဲမှူးကျော်ကျော်မျိုးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့မရဲစခန်းမှူး ဒုရဲမှူး အောင်ချိုဦးနှင့် တပ်ဖွဲ့ဝင်များ၊ နယ်ထိန်းခေါင်းဆောင် ရဲအုပ်စိုးဝင်းခိုင်နှင့် တပ်ဖွဲ့ဝင်များသည် မြို့ပေါ်ရပ်ကွက် ရှစ်ရပ်ကွက်အတွင်း လှည့်ကင်း၊ ပတ်ကင်း၊ ဝပ်ကင်းတာဝန်များကို ဆောင်ရွက်ကြသည်။

အဆိုပါ မူးခင်းကင်းမဲ့ရက်သတ္တပတ် လှုပ်ရှားမှုလုပ်ငန်းစဉ်ကို အောက်တိုဘာ ၈ ရက်မှ ၂၀ ရက်အထိ နေ့ရော၊ ညပါ စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းမူးခင်းကင်းမဲ့ ရက်သတ္တပတ်လှုပ်ရှားမှုလုပ်ငန်းစဉ်တွင် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ အရပ်ဘက်အဖွဲ့အစည်းများလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြကြောင်းသိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၉-၁၀-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၇၅/၁၀၈၅ ကျပ် | ၁၁၁၀/၁၁၂၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၈၅/၁၁၀၀ ကျပ် | ၁၁၂၅/၁၁၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၄၅/၁၀၅၅ ကျပ် | ၁၁၁၀/၁၁၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၀၉၅/၁၁၀၅ ကျပ် | ၁၁၆၀/၁၁၇၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၀၅ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၂၉ · ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၈၇ · ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၇၀ · ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၃၂ · ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၆ · ၄ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၇ · ၁၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ · ၃၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၂ · ၇၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၂ · ၀၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၅ · ၇၆၆ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး(တာဝန်) | - | ဝင်းကျော် |
| စာတည်းမှူး | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| စာတည်းများ | - | ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# အစိုးမရ အနတ္တ ရုပ်ရှင်ဇာတ်ကား စတင်ရိုက်ကူးရန် ကန်တော့ပွဲပေး

စိန်ငွေးရုပ်ရှင်နှင့် ဇေယျာရွှေပြည်ရုပ်ရှင်တို့ ပူးပေါင်း၍ ဒုတိယမြောက် သာသနာပြုအစီအစဉ်အဖြစ် ရိုက်ကူးထုတ်လုပ်မည့် အစိုးမရ အနတ္တ ရုပ်ရှင်ဇာတ်ကားကြီးအတွက် ကန်တော့ပွဲပေးသည့် အခမ်းအနားကို အောက်တိုဘာ ၇ ရက်က ရန်ကုန်မြို့ ရွှေတိဂုံဘုရားအောင်မြေ၌ ကျင်းပသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားကြီးသည် မောင်လုမျိုး (ချင်းချောင်းခြံ)၏ မျက်ဝန်းရေဆူ အမှတ် ၁၅၀၀ ဝတ္ထုကို မောင်အောင်(ရူပဗေဒ) ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာဗန်းကြီးက သရုပ်ဆောင်များဖြစ်သော ညိမ်းသော်၊ ဇာတိ၊ စိုးမြတ်သူဇာ၊ နန်းဆုဦး၊ စိုးမိုးကြည်၊ ခင်မို့မို့အေး၊ မေသင်ဇာ၊ ရဲသွန်းနေ၊ လင်းမြတ်နေ စသည့် အနုပညာရှင်များဖြင့် ရိုက်ကူးမည်ဖြစ်ကာ ဇာတ်ကားကို ရန်ကုန်မြို့နှင့် ပင်လယ်ကမ်းခြေဒေသများတွင် သွားရောက်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ ဗန်းကြီးက "ကျွန်တော့်အနေနဲ့ ဥပါဒါန်ဇာတ်ကားမှာ ဘုန်းကြီးတွေနဲ့ပတ်သက်ပြီး အလှူအတန်းလုပ်တဲ့ ဒကာမတွေ သင်္ချိုင်းလွန်တဲ့အခါ နောက်ဆက်တွဲအကျိုးအကြောင်းတွေကို တင်ပြခဲ့တယ်၊ အဲဒီအကြောင်းလေးတွေကို အခြေခံပြီး ရိုက်ဖို့ရှိပါတယ်၊ ဆရာတော်တွေရဲ့နေထိုင်ပြောဆို သွားလာစားသောက်ပုံတွေကို အဓိကထား ရိုက်ပြမှာပါ။ နောက်တစ်ခုက လူသားတွေဆိုတာ တစ်နေ့တစ်နေ့ ဝမ်းရေးအတွက် ရှာဖွေ စားသောက်နေတဲ့အခါ ကုသိုလ်နဲ့ အကုသိုလ်ဆိုတာ မသိတော့ဘူးလေ ၊ မသိဘဲနဲ့ မေ့လျော့နေတဲ့သူတွေကို အနတ္တတရားအကြောင်း တင်ပြသွားမှာပါ"ဟု ပြောသည်။

ယင်းဇာတ်ကားတွင် နာဂစ်မုန်တိုင်းတိုက်ခတ်မှုဖြစ်စဉ်များကိုပါ ထည့်သွင်းရိုက်ကူးမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့တွင် သွားရောက်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။ "ဒီလိုဘာသာရေးကားတွေ ရိုက်ရတာ မလွယ်ပါဘူး၊ ကျွန်တော် ဒီကားကိုရိုက်ဖို့အတွက် ဇာတ်ညွှန်းရေးနေတာ တစ်နှစ်ကျော်လောက်ရှိပါပြီ၊ စက်တင်ဘာ ၇ ရက်လောက်မှာမှ ဆရာတော်တွေကိုတိုင်ပင်ပြီး အစကနေ ပြန်ရေးပြန်ပြင်ခဲ့ပါတယ်၊ လိုအပ်တာတွေ ဖြည့်ရတာပေါ့"ဟုလည်း ဒါရိုက်တာ ဗန်းကြီးက ဆက်လက်ပြောကြားခဲ့သည်။

**ကိုလင်း**



# ခွင့်ပြုချက်မရှိဘဲ သီချင်းများသီဆိုနေကြသူများအား သားစိုးက မူပိုင်ခွင့်ဖြင့် တရားစွဲရန် စီစဉ်နေ

အဆိုတော် သားစိုးသည် နိုဝင်ဘာလအတွင်း၌ ချိုချိုဟု အမည်ပေးထားသော တစ်ကိုယ်တော်စီးရီးခွေကိုထွက်ရှိရန် ပြင်ဆင်နေကြောင်းနှင့် မူရင်းသီဆိုထားကြသော တေးသံရှင်များထံမှ ခွင့်ပြုချက်မတောင်းဘဲ ငွေကြေးအရ စင်ပေါ်တွင် သီဆိုကြခြင်း၊ ထုတ်လွှင့်ကြခြင်းများကိုလည်း တရားစွဲဆိုရန် ပြင်ဆင်နေကြောင်း သိရသည် ။

ထွက်ရှိမည့်အခွေနှင့်ပတ်သက်၍ သားစိုးက "ချိုချိုဆိုတာ တေးသံချိုချိုလေးတွေကိုပြောတာပါ၊ သင်္ကြန်မတိုင်ခင်ထွက်မှာပါ၊ ဟစ်ဟော့ပုံစံလေးတွေ ဖန်တီးထားပါတယ်၊ နောက်ပြီး ရုပ်ရှင်ဇာတ်ဝင်တေးသီချင်းတွေလည်း ပါမယ်၊ ဟတ်ထိတယ်နဲ့ ကမ္ဘာကျော် ရုပ်ရှင်ကားတွေထဲက သီချင်းတွေပါ၊ အဲဒီတော့ အခွေမှာ ဇာတ်ဝင်တေး ခြောက်ပုဒ်နဲ့ သီချင်းအသစ် ရှစ်ပုဒ် ထည့်ထားပါတယ်၊ ကျွန်တော့် ပရိသတ်တွေ စိတ်ညစ်စေမယ့်ဟာတွေ မပါပါဘူး၊ ကျွန်တော့်အနေနဲ့ဆို သီချင်းတွေ ဖန်တီးတိုင်း ခဏခဏဆိုသလို တောင်းပန်ရတာများတယ်၊ ဒါကလည်း ကျွန်တော့်မှာ လိုအပ်ချက်လေးတွေ ရှိသွားလို့ပါ"ဟု ပြောသည်။



ခွင့်ပြုချက်မရရှိဘဲ သီချင်းဆိုသူများအား တရားစွဲဆိုမည့်ကိစ္စနှင့်ပတ်သက်၍ ခိုးကူးခွေများ ခေတ်စားခဲ့သောအချိန်ကလည်း သားစိုးက အားလုံး၏အမုန်းခံအဖြစ်ခံယူပြီး ဂီတလောကပြောင်းလဲမှုအတွက် ကျရာနေရာမှ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအချိန်တွင်လည်း မူရင်းတေးသံရှင်များ၏ တေးသီချင်းများကို ခွင့်ပြုချက်မတောင်းဘဲ ငွေကြေးအရသီဆိုကြခြင်း၊ ထုတ်လွှင့်ကြခြင်းများ ရှိနေသောကြောင့် တရားစွဲဆိုရန် ပြင်ဆင်နေကြောင်း ပြောသည်။

"ကျွန်တော်အရင်ကလည်း ဂီတအကျိုးကို အများကြီးလုပ်ခဲ့ဖူးတော့ ကျွန်တော်ကို ဂီတလောကက မိတ်ဆွေတွေက ယုံကြည်ကြတယ်၊ ၂၀၁၄-၂၀၁၅ ခုနှစ်တုန်းက ခိုးကူးတွေကို ဖမ်းခဲ့တာပါ၊ အခုဟာက ကျွန်တော်တို့ အနုပညာသမားတွေရဲ့ မူပိုင်ခွင့်တွေကို ခိုးသုံးနေကြတာကို လုပ်မှာပါ၊ စင်ပေါ်မှာခွင့်ပြုချက်မရှိဘဲ ယူသုံးတာတွေကို ဆိုလိုတာပါ၊ အခုဆို ကျွန်တော့်ကို နိုင်ငံကျော်အနုပညာရှင် လေးဦးလောက်က အပ်ထားပါတယ်"ဟု ပြောသည်။

ရောသမမွှေတေးစီးရီး ထွက်ရှိခဲ့ပြီးနောက်ပိုင်း စီးပွားရေးဘက်သို့ ခြေဦးလှည့်ခဲ့သည့် အဆိုတော် သားစိုးသည် ရွှေပိုးနန်းတော်၊ ရောသမလက်ဖက်ချဉ်စပ်လုပ်ငန်းနှင့် အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများ လုပ်ကိုင်ရင်း တစ်နေရာတည်းတွင် အစားအသောက်မျိုးစုံကို ရရှိနိုင်သည့် စင်တာတစ်ခုကိုလည်း ရောသမစင်တာအမည်ဖြင့် တောင်ဥက္ကလာပမြို့နယ်၌ မကြာသေးမီက ဖွင့်လှစ်ခဲ့ကာ ထိုလုပ်ငန်းများအပြင် မူပိုင်ခွင့်နှင့် ပတ်သက်သော လုပ်ငန်းများကိုလည်း လုပ်ဆောင်သွားမည်ဟု သိရသည်။

**ကိုလင်း**

# မျက်နှာဖုံးပန်းချီများကပြောသော စာအုပ်အကြောင်း ပန်းချီဆရာ နေမျိုးဆေးနှင့် စာရေးဆရာမ စံပယ်ဖြူနုတို့ ဆွေးနွေး




ပန်းချီဆရာ နေမျိုးဆေးနှင့် အမျိုးသားစာပေဆုရှင် စာရေးဆရာမ စံပယ်ဖြူနုတို့ တက်ရောက်ဆွေးနွေးခဲ့ကြသည့် မျက်နှာဖုံးပန်းချီများကပြောသော စာအုပ်အကြောင်းနှင့် ပဉ္စမအကြိမ် ဝန်ဇင်းစာပေစကားဝိုင်းကို အောက်တိုဘာ ၇ ရက်က ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် MICT Park ရှိ ဝန်ဇင်းရုံး၌ ပြုလုပ်ခဲ့သည်။

စာဖတ်သူများနှင့် စာရေးဆရာမ စံပယ်ဖြူနုတို့ တွေ့ဆုံပြီး ရေးသူဖတ်သူ ဆွေးနွေးနိုင်ရန်နှင့် စာအုပ်တစ်အုပ်ရှိ မျက်နှာဖုံးပန်းချီမှာ ယင်းစာအုပ်အတွက် အရေးကြီးသည့်ကဏ္ဍတွင် ရှိနေပုံ၊ စာရေးဆရာနှင့် ပန်းချီဆရာတို့အကြား အနုပညာဆိုင်ရာ ဆက်နွှယ်မှုရှိပုံတို့အကြောင်းကို သိရှိစေရန် ပန်းချီဆရာ နေမျိုးဆေးနှင့်လည်း ဆွေးနွေးသည့် အဆိုပါ ဝန်ဇင်းစာပေစကားဝိုင်းကို ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

"စာဖတ်သူတစ်ယောက်က စာအုပ်တစ်အုပ်ကို လှမ်းကြည့်တဲ့အခါ သူမသိတဲ့ ကလောင်လည်း ဖြစ်ကောင်းဖြစ်မယ်၊ သိပြီးသားလည်း ဖြစ်မယ်။ ဒီအခါ စာအုပ်ကိုကြည့်လိုက်ရင် အရင်ဆုံးတွေ့တာက မျက်နှာဖုံး၊ အတွင်းစာသားကလည်း ကောင်းဖို့လိုသလို မျက်နှာဖုံးကလည်း အရေးကြီးတယ်လို့ မြင်ပါတယ်"ဟု စာရေးဆရာမ စံပယ်ဖြူနုက ပြောသည်။

မျက်နှာဖုံးပန်းချီအပြင် စာအုပ်တစ်အုပ်၏ ပြင်ဆင်ဖွဲ့စည်းပုံကလည်း အရေးပါပုံကို ပန်းချီဆရာ နေမျိုးဆေးက "မျက်နှာဖုံးက အရေးကြီးတာကို လက်ခံပါတယ်။ စာကတော့ အများကြီးပိုပြီး အဓိကျတယ်။ ဒါပေမယ့် အဖုံးလေးလှတော့ ပိုပြီးကောင်းတာပေါ့။ အဖုံးတင်မဟုတ်ပါဘူး။ စာအုပ်တစ်အုပ်လုံးရဲ့ ပြင်ဆင်ပုံတွေက အရေးကြီးပါတယ်"ဟု ပြောသည်။

ဝန်ဇင်းစာပေစကားဝိုင်းကို တစ်လလျှင်တစ်ကြိမ် ပုံမှန်ပြုလုပ်လျက်ရှိပြီး ပြီးခဲ့သည့် စာပေစကားဝိုင်းများ၌ စာရေးဆရာမ မစန္ဒာ၊ မသီတာ( စမ်းချောင်း )၊ စာရေးဆရာ ချစ်ဦးညို၊ ဆရာဟိန်းလတ်၊ ဆရာကောင်းသန့်၊ ဆရာသင့်လူ၊ ဆရာ လက်ာရည်ကျော်နှင့် လူငယ်စာရေးဆရာ သိုးဆောင်း စသည့် စာရေးဆရာများက ပါဝင်ဆွေးနွေးခဲ့ပြီးဖြစ်ကာ ထိုသို့ စာပေစကားဝိုင်းများကိုလည်း လစဉ် ပြုလုပ်သွားမည်ဖြစ်ကြောင်း ဝန်ဇင်းမှ သိရသည်။

ဝန်ဇင်းသည် သုတရသ စာအုပ်အမျိုးမျိုးကို e-book များအဖြစ် ကွန်ပျူတာနှင့် မိုဘိုင်းဖုန်းများမှ အခမဲ့အနေဖြင့်လည်းကောင်း၊ အခပေးဝယ်ယူ၍လည်းကောင်း ဖတ်ရှုနိုင်ရန် ဆောင်ရွက်ပေးနေသော လုပ်ငန်းတစ်ခုဖြစ်ကာ မိုဘိုင်းဖုန်းများအတွက် ဝန်ဇင်း၏ မိုဘိုင်းအပလီကေးရှင်းကိုwww.wunzinn.com ဝက်ဘ်ဆိုက်တွင် ဒေါင်းလုပ်ရယူနိုင်ကြောင်း သိရသည်။

**သွန်းဝသန်**

# အိမ်ထောင်ရှင်အလှမယ် မလွင်မာသူက MMPA နှင့်အတူ ဆက်လက်ပူးပေါင်းသွားမည်

MMPA မှပြုလုပ်သော အိမ်ထောင်ရှင်အလှမယ်ပြိုင်ပွဲတွင် Mrs Angel Queen of the World ဆုကြီးကို ရရှိထားသူ အိမ်ထောင်ရှင်အလှမယ် မလွင်မာသူအနေဖြင့် ဒီဇင်ဘာလအတွင်း MMPA မှ ထပ်မံပြုလုပ်မည့် ပြိုင်ပွဲများတွင်လည်း တက်ကြွစွာ ပါဝင်လှုပ်ရှားသွားမည်ဟု သိရသည်။

အိမ်ထောင်ရှင်အလှမယ် မလွင်မာသူက "အစ်မက သားနှစ်ယောက်ရှိပါတယ်၊ ခုနစ်တန်းရယ် သုံးတန်းရယ်ပါ၊ အမျိုးသားကတော့ သင်္ဘောအရာရှိတစ်ဦးပါ ၊ အစ်မ အမျိုးသား ပြည်ပသွားတဲ့အချိန်ကျမှပဲ ဒီပြိုင်ပွဲတွေကို ဝင်ရောက်ယှဉ်ပြိုင်နိုင်တာပါ၊ အမျိုးသားကလည်း ခွင့်ပြုတာကြောင့် လုပ်ဖြစ်ခဲ့တာပါ၊ အစ်မတို့လို အိမ်ထောင်ရှင်အမျိုးသမီးတွေဆိုတာ များသောအားဖြင့် အိမ်အလုပ်နဲ့ မိသားစုတာဝန်တွေနဲ့ပိနေကြပြီး ကိုယ့်မှာရှိတဲ့ အလှအပကိုတောင် ဂရုမစိုက်နိုင်ကြတော့ဘူးလေ၊ ပြိုင်ပွဲမှာဝင်ပြိုင်လို့ မိတ်ဆွေအသစ်တွေရ၊ ပညာတွေလည်းရတယ်၊ ဗဟုသုတတွေလည်း အများကြီး ရှာဖွေတွေ့ရှိပြီး အမြင်တွေကျယ်လာတယ်၊ ကိုယ့်ကိုယ်ကိုယ်လည်း ပိုယုံကြည်မှုရလာတယ်၊ အိမ်ထောင်ရှင်အမျိုးသမီးတွေအနေနဲ့ မိမိကိုယ်ကို ယုံကြည်မှုတည်ဆောက်ပေးပါ၊ အခုဆို ကိုယ့်ရဲ့စိတ်ဓာတ်တွေကို မြှင့်တင်ပေးမယ့် MMPA လို အေဂျင်စီတွေ အများကြီးရှိလာပြီ၊ သူတို့ နဲ့ တိုင်ပင်ပါ၊ ပြိုင်ပွဲတွေမှာ အချိန်ရရင်ရသလို တက်ကြွစွာ ပါဝင်လှုပ်ရှားပါ၊ အိမ်ထောင်ရှင်အလှမယ်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ကြည့်ပါ"ဟု ဘဝတူ အိမ်ထောင်ရှင် အမျိုးသမီးများအတွက် အကြံပြုပြောကြားသည်။ **ကိုလင်း**

# ခုနစ်နှစ်ပြည့် နှစ်ပတ်လည် Aroma Fashion Show 2018 ပွဲ ကျင်းပမည်

Aroma Weeding Studio & Make Up ၏ ခုနစ်နှစ်ပြည့်မြောက်ခြင်း အထိမ်းအမှတ်အဖြစ် Aroma Fashion Show 2018 ပွဲကို အောက်တိုဘာ ၁၄ ရက်တွင် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်ရှိ ဂန္ဓမာဟိုးဆေး၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကာ



အဆိုပါ ဖက်ရှင်ရှိုးတွင် အနုပညာရှင် ၁၀၀ ကျော်ဖြင့် ဝတ်စုံပေါင်း ၃၀၀ နီးပါးကို ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

Aroma Weeding Studio & Make Up မှ ကိုအောင်မြတ်သူက "ကျွန်တော်တို့ Aroma ကို တည်ထောင်လာတာ ခုနစ်နှစ်ပြည့်ပြီလေ၊ ယနေ့တိုင်ရပ်တည်နိုင်တာက မီဒီယာတွေ နဲ့ အနုပညာရှင်တွေ၊ ဧည့်သည်တွေကြောင့်ပါပဲ၊ ဒီနှစ်ဒီပွဲမှာ အနုပညာဆန်တဲ့ ဖန်တီးမှုတွေနဲ့ မတူညီတဲ့ ပုံလေးတွေကို ထပ်တွေ့ခံစားရအောင် အကောင်းဆုံးကြိုးစားထားပါတယ်၊ အထူးသဖြင့် ကျွန်တော်တို့ Aroma ရဲ့ ခေတ်စားမယ့်ကာလာလေးပေါ့၊ အဲဒီကာလာနဲ့ချုပ်ထားတဲ့ ဝတ်စုံလေးတွေပါလာမယ်၊ ဝတ်စုံတိုင်းရဲ့ တန်ဖိုးကလည်း ကြီးမားသလို ခမ်းနားထည်ဝါတဲ့ပုံစံမျိုးကို လာကြည့်တဲ့သူတွေ မြင်တွေ့ရမှာပါ ၊ လာရောက်တဲ့သူတွေထဲမှာ မင်္ဂလာဆောင်မယ့်မောင်မယ်တွေ ပါဝင်လာရင် ၄၅ ရာနှုန်းအထိ ဈေးလျှော့မယ့် အထူးအစီအစဉ်တွေလည်း ပါဝင်သွားဦးမှာပါ ၊ ပထမဆုံးလာတဲ့ စုံတွဲ ၅၀ ကို ငါးသိန်းတန် လက်ဆောင်တွေ ပေးဖို့လည်းရှိပါတယ်"ဟု ပြောသည်။

အဆိုပါ Aroma Fashion Show 2018 ပွဲတွင် အနုပညာရှင်များ၏ ဖက်ရှင်ရှိုးနှင့်အတူ အဆိုတော် မေဆွိ၊ ကော်နီ၊ ဆုပန်ထွာ၊ ရတနာမိုင်နှင့် သရုပ်ဆောင် ပွင့်တို့၏ တေးသီချင်းဖျော်ဖြေမှုများကိုလည်း အကပညာရှင်များနှင့်တွဲဖက်၍ တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုလင်း**

## အမျိုးသားခေါင်းဆောင်ကြီး သခင်မြ၏ (၁၂၁)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် မွေးရပ်မြေ ထုံးဘိုကျေးရွာ၌ ကျင်းပ

**ပန်းတောင်း အောက်တိုဘာ ၉**

အမျိုးသားခေါင်းဆောင်ကြီး သခင်မြ၏ (၁၂၁) နှစ်မြောက် မွေးနေ့အထိမ်းအမှတ် အခမ်းအနားကို မွေးရပ်မြေဖြစ်သော ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ထုံးဘိုကျေးရွာ ဓမ္မပါလဗိမာန်တော်၌ အောက်တိုဘာ ၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြပညာအလင်းရောင်ဆရာတော် ဦးပညာသီရိထံမှ ငါးပါးသီလ ခံယူပြီး ပင့်သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက အမျိုးသားခေါင်းဆောင်ကြီး သခင်မြ၏ အတ္ထုပ္ပတ္တိများ၊ စာတမ်းများဖတ်ကြားခြင်းနှင့် ကျောင်းသားလေးများက ဂုဏ်ပြုကဗျာရွတ်ဆိုခြင်းများ ဆောင်ရွက်ကြသည်။

"ကျွန်တော်တို့ရွာကလေးက အမျိုးသားအာဇာနည်ခေါင်းဆောင် ပေါ်ထွန်းတယ်ဆိုတော့ အမြဲဂုဏ်ယူနေတာပေါ့ဗျာ။ ကျွန်တော်တို့လက်ထက်မှာ ဂုဏ်ယူနေရုံနဲ့ မပြီးဘူး။ သမိုင်းအထောက်အထားတွေရှိဖို့ လိုတယ်။ ဆောင်ရွက်ကြမယ်ဆိုပြီး ရပ်မိရပ်ဖတွေနဲ့တိုင်ပင်ဆောင်ရွက်ကြတော့ အခုဆို သခင်မြပန်းခြံနဲ့ ရုပ်တုကြီးလည်း အောင်မြင်ပြီးစီးနေပြီး အခုလို အထိမ်းအမှတ်အခမ်းအနားတွေလည်း ကျင်းပနိုင်ပြီဆိုတော့ နောင်မျိုးဆက်သစ်တွေအတွက် လက်ဆင့်ကမ်းအမွေပေါ့ဗျာ" ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစောကျော်လှိုင်က ပြောသည်။

အခမ်းအနားသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊လူမှုရေးအဖွဲ့အစည်းများ၊ သတင်းမီဒီယာများ၊ သခင်မြဆွေမျိုးများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

## တီးတိန်၌ ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းများဖွဲ့စည်းရေးဟောပြော

**တီးတိန် အောက်တိုဘာ ၉**

မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ ဦးဆောင်မှုဖြင့် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး ချင်းပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသင်းများဖွဲ့စည်းရေး ဟောပြောပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးက ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းဖွဲ့စည်းခြင်းအကြောင်း ဟောပြောခဲ့ပြီး အခမ်းအနားတွင် မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များတက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်

**တောင်သာ အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် မာလာကျေးရွာအုပ်စု မာလာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်ပွဲနှင့် ကျောဇီကျေးရွာအုပ်စု ရွာလေးကုန်းကျေးရွာအခြေခံပညာမူလတန်းကျောင်းမှ အခြေခံပညာမူလတန်းလွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်ပွဲကို အောက်တိုဘာလပထမပတ်က အဆိုပါကျောင်းဆိုင်းဘုတ်ရှေ့၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးဝိုင်းချစ်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်းနှင့် ခရိုင်ပညာရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဦးတို့က ကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ကျော်မျိုးနိုင်(တောင်သာ)**


## အသိပေး နှိုးဆော်ချက်

**မကြာမီကာလအတွင်း သီတင်းကျွတ်ပွဲတော်နှင့် တန်ဆောင်တိုင်ပွဲတော်ကာလသို့ရောက်ရှိပြီး အဆိုပါပွဲတော်များကို အကြောင်းပြု၍ မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်း၊ ပြောက်အိုး၊ ရှူးဒိုင်းများ ပစ်ဖောက်ခြင်းများ ပြုလုပ်ကြခြင်းကြောင့် အများပြည်သူ အထိတ်အလန့် ဖြစ်စေခြင်း၊ ပြည်သူလူထုနှင့် ကလေးသူငယ်တို့ ထိခိုက်အနာတရ ဖြစ်စေနိုင်သည့်အပြင် မသမာသူများ၊ အဖျက်အမှောင့် ဆောင်ရွက်လိုသူများမှလည်း အခွင့်ကောင်းယူပြီး အကြမ်းဖက်တိုက်ခိုက်မှု များနှင့် ဖောက်ခွဲဖျက်ဆီးမှုများ ရောနှောဆောင်ရွက်လာနိုင်ပါသည်။**

**သို့ဖြစ်၍ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး အတွက် မီးရှူးမီးပန်း၊ ပြောက်အိုး၊ ရှူးဒိုင်းများကို ထုတ်လုပ်ခြင်း၊ သယ်ဆောင် ဖြန့်ဖြူးခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။**

မြန်မာနိုင်ငံရဲတပ်ဖွဲ့


---

### ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၄၂)

# ရှေ့နေချုပ်များ သင်ကြားခဲ့သည်



**ဦးဟန်ညွန့် (ဥပဒေ)**

**အားပေးကြသူများ**

"မိခင်ဌာန တမ်းတရသည်" ခေါင်းစဉ်ဖြင့် ဥပဒေအတွေးကဏ္ဍမှာ ကျွန်တော် ဆောင်းပါးရေးခဲ့သည်။ အားပေးကြသူများ အတော်များသည်။ ရှေ့နေချုပ်ရုံးကြီး၏ သားသမီးများ၊ တာဝန်ထမ်းခဲ့ကြသူများ၊ ဆရာဆရာမကြီးများက ရှေ့နေချုပ်ရုံးကြီးကို လွမ်းကြသည်။ ဗဟိုဥပဒေရုံးကြီးကိုလည်း မျက်စိထဲမှာ ပြန်လည်မြင်ယောင်ကြသည်။ အငြိမ်းစားများကလည်း သတင်းမေးကြ၊ ဆောင်းပါးမိတ္တူ တောင်းကြသည်။ အချို့ ကွယ်လွန်ရှာပြီ။ အချို့အဝေးရောက်။ အချို့အိပ်ရာထဲလဲ။ မတွေ့တာကြာပြီဆိုသူတွေလည်းရှိ။ မိခင်ဌာနကြီးကို တမ်းတမိကြသည်သာ ဖြစ်ပါသည်။

**Facebook**

ကျွန်တော့်ဆောင်းပါး(မိတ္တူ)ကို Facebook တင်သည်။ Facebook ပရိသတ်တွေ များစွာ အားပေးကြသည်။ မိခင်ဌာနကို လွမ်းကြ၊ တမ်းတကြသည်။ အဟောင်းတွေ အသစ်ဖြစ်၊ ဘယ်နှစ်က ဘယ်မြို့မှာ၊ ဘယ်ဒေသမှာ၊ ဘယ်ရုံးမှာ၊ ဘာအဆင့်နှင့်၊ ဘယ်သူနှင့် ချစ်တာတွေ၊ မုန်းတာတွေ၊ အလုပ်ကြိုးစားတာတွေ၊ ပေါ့ဆမိတာတွေ၊ ထူးချွန်ခဲ့တာတွေ၊ မိတ်ဆွေသင်္ဂဟအပေါင်းအသင်းတွေနှင့် ကြုံခဲ့၊ ဆုံခဲ့ကြတာတွေ၊ တရားသူကြီးတွေ၊ ရဲအရာရှိတွေ၊ ရှေ့နေတွေ၊ အာဏာပိုင်တွေ စသည်၊ စသည် -----။

အတိတ်သည် အရိပ်ပမာ ပေါ်လာပြန်သည်။ မှတ်တမ်းသည် အရေးကြီးလှသည်။ ယခု ရှေ့နေချုပ်ရုံး၏ သမိုင်းစဉ်မှတ်တမ်းမှာ ကျွန်တော်တို့အတွက် ပို၍ ပို၍ အရေးကြီးသည်ဟု ထင်မိသည်။ လေးစား ကျေးဇူးတင်စရာက ဒီလိုပါ။

**ဆရာကြီးဦးကျော်အေး**

၁၄-၉-၉၂ မှ ၁၇-၁၂-၉၈ အထိ ညွှန်ကြားရေးမှူးချုပ်အဖြစ် ဆောင်ရွက်ခဲ့သော ရှေ့မီ၊ နောက်မီ ဆရာကြီး ဦးကျော်အေးက-

"ဗဟိုဥပဒေရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်ကို အဓိက ဦးဆောင်၍ စတင်ဖွဲ့စည်းတည်ထောင်ခဲ့တဲ့ ပုဂ္ဂိုလ်က ၁၉၇၄ မတိုင်မီ ကချင်ပြည်နယ် အစိုးရအဖွဲ့အတွင်းဝန်နှင့် တိုင်းမင်းကြီး၊ ဧရာဝတီတိုင်းမင်းကြီးအဖြစ် ဆောင်ရွက်ခဲ့ပြီး ရှေ့နေချုပ်ရုံးသို့ ဒုတိယရှေ့နေချုပ်အဖြစ် ပြောင်းရွှေ့လာသူမှာ ဦးဘမော်ဖြစ်သည် (ဆရာကြီး ပုံ/ဘမောင် မဟုတ်)။ ထိုစဉ်က ရှေ့နေချုပ်မှာ ဆရာကြီးပါမောက္ခ ဦးလှအောင်ဖြစ်ပါသည်။

ဒုတိယရှေ့နေချုပ်ရာထူးမှာ ယခင်က မရှိ။ လက်ထောက်ရှေ့နေချုပ် (လစာနှုန်း ၁၆၀၀ ကျပ်ပုံသေ)သာရှိ။

ဆရာဦးတင်အုံး လုပ်ခဲ့သော ပြည်နယ်များ ဥပဒေအရာရှိ (လစာနှုန်း ပုံသေ ၁၆၀၀ ကျပ်) ရာထူးကို လက်ထောက်ရှေ့နေချုပ်အဖြစ် ရှေ့နေချုပ်ရုံးသို့ ပေါင်းလိုက်သဖြင့် လက်ထောက်ရှေ့နေချုပ် နှစ်ယောက်ဖြစ်လာသည်။ ဦးမျိုးထွန်းလင်းနှင့် ဦးထွန်းရွှေ (မဆလပါတီ ယူနစ်ကော်မတီ)။

ယခင်က ရှေ့နေချုပ်ရုံးတွင်ရှိခဲ့သော ဥပဒေပြန်လည်သုံးသပ်ရေးအရာရှိ (Legal Encumbrancer) ရာထူး (လစာနှုန်း ပုံသေ ၁၈၀၀ ကျပ်)ကို ဒုရှေ့နေချုပ် ရာထူးအဖြစ် ပြောင်းလဲပြီး တိုင်းမင်းကြီး ဦးဘမော်ကို ခန့်ခဲ့။ စီမံဌာနစုမှူး (နောင်ညွှန်မှူး၊ စီမံ) မှာ ခရိုင်ဝန်အဖြစ်မှ ပြောင်းရွှေ့လာသူ ဦးဘရွှေ ဖြစ်။ ကနဦး ဥပဒေရုံးအဆင့်ဆင့်ကို စတင်ရေးဆွဲသူများမှာ ရှေ့နေချုပ် ဦးလှအောင်နှင့် တရားရေးဌာနဝန်ကြီး ဒေါက်တာမောင်မောင်။ ရှေ့နေချုပ်ရုံးကို ဗဟိုဥပဒေရုံးအဖြစ် ပြောင်းလဲသောအခါ ပထမဆုံး ညွှန်ကြားရေးမှူးချုပ်မှာ ဒုရှေ့နေချုပ် ဦးဘမော် ဖြစ်လာ။ ဦးမောင်မောင်ကြည်မှာ ဦးဘရွှေ မတိုင်မီ ညွှန်မှူး (စီမံ) ရာထူးအဆင့်သာဖြစ်" ဟု ၃-၁၀-၁၈ နေ့တွင် Facebook က ထောက်ပြ ရေးသားပေးခဲ့သည်။ သို့ဖြစ်၍ သမိုင်းဖြစ်စဉ်မှတ်တမ်း ပိုမိုပြည့်စုံသွားသည်။ ဤအကြောင်းကို ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်အား ကျွန်တော် ပြောပြသည့်အခါ ပိုမိုပြည့်စုံစွာ ဆောင်ရွက်မှတ်တမ်းပြုမည့်အကြောင်း ဝမ်းသာအားရပြောပါသည်။ အခြားသော မိတ်ဆွေများကလည်း သမိုင်းစဉ်မှတ်တမ်းအတွက် ဖြည့်စွက် အကြံပြုချက်များ ပေးပို့ကြသဖြင့် ကျွန်တော် ကြည်နူးသည်။ ဂုဏ်ယူသည်။ ဥပဒေမိသားစုများ၏ ညီညွတ်မှုဂုဏ်ရည် ဖြစ်ပါပေသည်။ လိုအပ်ချက်များ ဖြည့်စွက်နိုင်ကြပါသည်။




**ရှေ့နေချုပ်ကြီးများ**

ဥပဒေဝန်ထမ်းဘဝ (နောင် အခေါ်အဝေါ် ဥပဒေအရာရှိ)တွင် အမှတ်ရစရာတွေများသည်။ တမ်းတစရာတွေ စုံသည်။ ဆောင်းပါးတစ်ပုဒ်နှင့် မလုံလောက်။ စာတစ်အုပ်ရေးရုံနှင့်ပင် မပြည့်စုံနိုင်။ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ခေတ်တွင် ဥပဒေဝန်ထမ်းဘဝ စတင်ခဲ့ရသော ကျွန်တော်တို့ခေတ်။ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်ကျော်ဝင်း။ ဦးမြင့်မောင်နှင့် အဖွဲ့ဝင်များ။ အချို့ တိမ်းပါးကွယ်လွန်ခဲ့ရှာပြီ။ ပြည်သူ့တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်ဟိန်းကိုလည်း ကျွန်တော်တို့ မီသည်။ ထိုခေတ်က အတွေ့အကြုံများ သီးခြားရေးသား တင်ပြပါဦးမည်။ ယခုတော့ ရှေ့နေချုပ်ကြီးများ၏ သင်ကြားပြသမှု၊ လေ့ကျင့်ပေးမှုများကို မှတ်သားမိသမျှ တင်ပြပါရစေ။ လိုအပ်ချက်ရှိလျှင်လည်း ဖြည့်စွက်ကြစေလိုပါသည်။

**အလုပ်ဝင်ခါစ**

ဥပဒေဝန်ထမ်းအဆင့် (၄) အစမ်းခန့်အဖြစ် တရားရေးဝန်ကြီး ဒေါက်တာ မောင်မောင် လက်မှတ်ရေးထိုး၍ တာဝန်ပေးခန့်အပ်သည်။ ထိုစဉ်က ရှေ့နေချုပ်မှာ ဥပဒေပါမောက္ခဦးလှအောင် ဖြစ်သည်။ဥပဒေကျောင်းသားဘဝတုန်းကလည်း ဆရာ။ ယခုဥပဒေဝန်ထမ်းဖြစ်တော့လည်း ရှေ့နေချုပ်။ ၁၉၈၈ အရေးအခင်းအပြီးတွင် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ ဖျက်သိမ်းသည်။ ရှေ့နေချုပ်ခေတ်ရောက်လာသည်။ ရှေ့နေချုပ် ဥပဒေအသစ် ထွက်ရှိသည်။ ရှေ့နေချုပ် ဦးသာထွန်း ဖြစ်လာပြီ။

၁၉၈၈ စက်တင်ဘာလတွင် ကျွန်တော်သည် ရန်ကုန်တိုင်း ဥပဒေရုံး၌ ဥပဒေဝန်ထမ်းအဆင့်(၁) (ဒုတိယတိုင်းဥပဒေအရာရှိ)အဖြစ် တာဝန်ထမ်းဆောင်နေချိန် ဖြစ်ပါသည်။ ထိုအချိန်က ရန်ကုန်တိုင်းတာဝန်ခံ ဥပဒေအရာရှိမှာ ဆရာဦးကြည်ဝင်း (NLD ဥပဒေအတိုင်ပင်ခံ) ဖြစ်ပါသည်။

**ရှေ့နေချုပ်ဦးသာထွန်း**

ရှေ့နေချုပ်ဦးသာထွန်းကို ဥပဒေလောကတွင် နေလပမာ ထင်ရှားကျော်စောသူအဖြစ် အများက လက်ခံထားကြသည်။ အဘ ဦးသာထွန်းက အတွေ့အကြုံစုံသည်။ ညွှန်ကြားရေးမှူးချုပ် လုပ်ဖူးသူ၊ ဖျာပုံမြို့ပိုင်၊ ဝါးခယ်မနယ်ပိုင်၊ ရန်ကုန်မြို့ ကရင်ပြည်နယ်ဝန်ကြီးဌာနအတွင်းဝန်ကလေး၊ ထားဝယ်ခရိုင်ဝန်၊ မြောင်းမြခရိုင်ဝန် စသည့်တာဝန်များ ဆောင်ရွက်ခဲ့သူ။ ၁၉၆၁ တွင် ရန်ကုန် ပြည်ထဲရေးဝန်ကြီးဌာနမှာ ဒုတိယအတွင်းဝန်ဖြစ်သည်။ ၁၉၇၀ ပြည့်နှစ်တွင် ဗဟို လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီအတွင်းရေးမှူး၊ ၁၉၇၁ မှာ ဒုတိယအတွင်းဝန်၊ ၁၉၇၂ တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်။ ၁၉၇၉ တွင် ပါကစ္စတန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ ၁၉၈၂ တွင် အီဂျစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး (တူရကီ နိုင်ငံပူးတွဲ)၊ ၁၉၅၉ တွင် ဝဏ္ဏကျော်ထင်ဘွဲ့ရ။ ၁၉၈၅ တွင် သံအမတ်ကြီးအဖြစ်မှ အငြိမ်းစားယူ။ ၁၉၈၅ တွင်ပင် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့(အဖွဲ့ဝင်)။ ၁၉၈၈ တွင် ရှေ့နေချုပ်အဖြစ် ခန့်အပ်ခြင်းခံရသည်။

ရှေ့နေချုပ် ဦးသာထွန်းသည် ရှေ့နေချုပ်ရုံးအဆင့်ဆင့်၊ ဥပဒေရုံးအဆင့်ဆင့် ဝန်ထမ်းများအား သားသမီးပမာ စောင့်ရှောက်ခြင်း၊ ဥပဒေပညာ၊ စီမံခန့်ခွဲရေးပညာ စသည်များ သင်ကြားပေးခဲ့ပါသည်။ ယနေ့တိုင် အဘဦးသာထွန်း၏ ကျေးဇူးတရားများအား မမေ့မလျော့ ရှိခိုးဂါရဝပြုအပ်ပါသည်။

**ရှေ့နေချုပ်ဦးအေးမောင်**

ကျွန်တော်တို့ ဥပဒေအရာရှိဘဝတွင် ရှေ့နေချုပ် ဦးအေးမောင်နှင့် တွေ့ဆုံ ပညာသင်ယူခွင့်ရရှိပါသည်။ အဘကြီး ဦးသာထွန်း ကွယ်လွန်ပြီးနောက် အဘကြီး ဦးအေးမောင်ရှေ့နေချုပ် တာဝန်ထမ်းဆောင်လာခြင်း ဖြစ်ပါသည်။ ရှေ့နေချုပ်အဖြစ် ၁၉-၇-၂၀၀၃ မှ ၃၀-၃- ၂၀၁၁ ထိ ထမ်းဆောင်ခဲ့ပါသည်။ အဘကြီး ဦးအေးမောင်သည် မြန်မာနိုင်ငံဝန်ထမ်း (အကြီးတန်း) (အလုပ်သင်) အဖြစ် စစ်တွေခရိုင်ဝန်ရုံး၌ ၁၉၅၅ တွင် စတင်ထမ်းဆောင်ခဲ့ပါသည်။ ပေါက်တောမြို့ပိုင်၊ မောင်တော နယ်ပိုင်ဝန်ထောက်၊ ကျုံပျော်နယ်ပိုင် ဝန်ထောက်၊ ဖျာပုံနယ်ပိုင် ဝန်ထောက်၊ ခရိုင်ဝန်၊ ဗလကအတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်အတွင်းရေးမှူး(ညွှန်ကြားရေးမှူးချုပ်)တာဝန်များ ထမ်းဆောင်ခဲ့ပါသည်။ ကျွန်တော်တို့အား အဘကြီး ဦးအေးမောင်က ဥပဒေရေးဆွဲရေးပညာကို စိတ်ရှည်လက်ရှည် သင်ကြားပြသပေးခဲ့ပါသည်။ အုပ်ချုပ်ရေးလုပ်ငန်းအတွေ့အကြုံများကိုလည်း အခါအားလျော်စွာ စေတနာအပြည့်ဖြင့် သင်ကြားပေးခဲ့ပါသည်။ တပည့်များအားလုံးက ဂါရဝပြုပါသည်။

**စေတနာ**

ရှေ့နေချုပ်ကြီးများ သင်ကြားလေ့ကျင့်ပေးခဲ့သော ဥပဒေပညာ၊ စီမံခန့်ခွဲမှုပညာများကား ခံယူ၍ မကုန်၊ မှတ်သား၍ မကုန်၊ လက်တွေ့ဘဝတွင် အကျိုးကျေးဇူးများလှပုံများ ရေး၍ မကုန်နိုင်ပါ။ ဥပဒေအတွေး၊ ကျန်ရှိသော ဒုတိယရှေ့နေချုပ်ကြီးများနှင့် ဆရာသမားများအကြောင်း ဆက်လက်ရေးသားရဦးမည်ဟု တွေးမိသော ကျွန်တော်၏ စေတနာ ဥပဒေအတွေးမျှသာပါ... ။ ။

**"ရှေ့နေချုပ်ကြီးများ သင်ကြားလေ့ကျင့်ပေးခဲ့သော ဥပဒေပညာ၊ စီမံခန့်ခွဲမှုပညာများကား ခံယူ၍ မကုန်။ မှတ်သား၍ မကုန်။ လက်တွေ့ဘဝတွင် အကျိုးကျေးဇူးများလှပုံများ ရေး၍ မကုန်နိုင်ပါ"**

# မြင်းမြီးဖြင့် ပြုလုပ်သည့် ယွန်းထည်လုပ်ငန်း ပျောက်ကွယ်နိုင်သည့်အခြေအနေ ကြုံတွေ့နေ



**ပုဂံ အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံမြို့ အနောက်ဖွားစောကျေးရွာတွင် မြင်းမြီးဖြင့် ရက်လုပ်သော ယွန်းထည်လုပ်ငန်း ပျောက်ကွယ်နိုင်သည့် အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ယွန်းထည်လုပ်ငန်းသည် ပုဂံညောင်ဦးဒေသတွင် ဘိုးစဉ်ဘောင်ဆက် မိရိုးဖလာအစဉ်အဆက်လုပ်ကိုင်လာခဲ့ကြကြောင်း၊ ဝါးနှီးဖြင့်ရက်လုပ်သည့် ယွန်းထည်လုပ်ငန်းမှာ စိုးရိမ်စရာမရှိသော်လည်း မြင်းမြီးဖြင့်ရက်လုပ်သည့် ယွန်းထည်လုပ်ငန်းမှာ တစ်ဦးနှစ်ဦးသာ ကျန်ရှိတော့ကြောင်း သိရသည်။ မြင်းမြီးဈေးနှုန်းကြီးမြင့်လာခြင်း၊ ယွန်းထည်ရောင်းချမှု မတွင်ကျယ်ခြင်းနှင့် ယွန်းထည်ရက်လုပ်ရာတွင် လက်ဝင်ခြင်းများကြောင့် မြင်းမြီးဖြင့်ပြုလုပ်သည့် ယွန်းထည်လုပ်ငန်းများ တဖြည်းဖြည်းပျောက်ကွယ်လာကြောင်းလည်း သိရသည်။

ယခင်က ပုဂံမြို့ မင်းနန်သူ ကျေးရွာ၊ အရှေ့ဖွားစောကျေးရွာ၊ အနောက်ဖွားစောကျေးရွာ၊ မြင်းကပါရပ်တို့တွင် မြင်းမြီးဖြင့် ပြုလုပ်သည့် ယွန်းထည်လုပ်ငန်း တွင်တွင်ကျယ်ကျယ်ပြုလုပ်ခဲ့ရာ ယခုအခါ အနောက်ဖွားစောကျေးရွာတွင်ပင် တစ်ဦးတည်းသာ ကျန်တော့ကြောင်း၊ ယွန်းထည်ပြုလုပ်ရာတွင် တင်းဝါးယွန်းထည်၊ သစ်သားယွန်းထည်၊ မြင်းမြီးယွန်းထည် သုံးမျိုးရှိကြောင်း မြင်းမြီးဖြင့်ပြုလုပ်သည့် ယွန်းထည်သည် လုပ်ကိုင်ရသည်မှာ လက်ဝင်ခြင်း၊ ပါးလွှာသည့် ဝါးနှီးဖြာလေးများကြားတွင် မြင်းမြီးတစ်ချောင်းချင်းစီ ထည့်ရခြင်းများသည် လေးလက်မခွက်တစ်လုံးရက်လုပ်လျှင် တစ်နာရီခွဲကြာကြောင်း၊ အဝိုင်းပုံ၊ အလုံးပုံ ယွန်းထည်များအား မြင်းမြီးဖြင့် ရက်လုပ်ပြီးထောင့်ချိုး ထောင့်ကွေးယွန်းထည်ပစ္စည်းများအား မြင်းမြီးသုံး၍ မရက်လုပ်ကြောင်းနှင့် မြင်းမြီးဖြင့် ရက်လုပ်သည့် ယွန်းထည်ပစ္စည်းများသည် ပျော့ပျောင်းကာ အရည်အသွေးကောင်းကြောင်း၊ မြင်းမြီးတစ်ပိဿာ ငွေကျပ် ငါးသောင်းပေးဝယ်ရကာ ရက်လုပ်ရာတွင်ခက်ခဲပြီး လက်ဝင်သောကြောင့် မြင်းမြီးယွန်းထည်လုပ်ငန်း မရက်လုပ်ကြတော့ဘဲ တဖြည်းဖြည်းလုံးဝပျောက်ကွယ်သွားမည်ကို စိုးရိမ်မိကြောင်း အနောက်ဖွားစောကျေးရွာမှ မြင်းမြီးယွန်းထည်လုပ်ငန်း လုပ်ကိုင်သည့် ဒေါ်စန်းစန်းအေးက ပြောသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

# မလှိုင်၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ကျေးရွာ ၁၂ ရွာ မီးလင်းရေး ဆောင်ရွက်မည်

**မလှိုင် အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျေးရွာဖွံ့ဖြိုးမှုစီမံကိန်း (VDP) ကျေးရွာရွေးချယ်ပွဲ အစည်းအဝေးကို အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ပြီး မလှိုင်မြို့၌ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်း ၁၂ ရွာအား ကျေးရွာဖွံ့ဖြိုးမှုစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း မလှိုင်မြို့နယ် ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ သိရသည်။

"မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ၂၀၁၇ - ၂၀၁၈ ခု ဘဏ္ဍာရေးနှစ်မှာ ကျေးရွာတစ်ရွာ၊ ၂၀၁၈ - ၂၀၁၉ ခုဘဏ္ဍာရေးနှစ် ပထမ ခြောက်လမှာ ကျေးရွာ ၁၀ ရွာတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲဆောင်ရွက်ခဲ့ပါတယ်။ ကျေးရွာသုံးရွာတွင်သာ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ဖြင့် ဖွံ့ဖြိုးရေး လုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၈ -၂၀၁၉ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန်ကျန်ရှိသော ကျေးရွာ ခုနစ်ရွာနှင့် ကျေးရွာအသစ် ငါးရွာ အား ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒီလို ကျေးရွာ ၁၂ ရွာအား ရွေးချယ်ရာမှာ အောက်တိုဘာ ၇ ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်သီတာငြိမ်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးချစ်မင်းသိန်း၊ မြို့နယ်ဦးစီးမှူး ဦးအောင်ဗိုလ်ဗိုလ်၊ သက်ဆိုင်ရာဌာနများဖြင့် စီမံကိန်းကျေးရွာများအား ဦးစားပေး ရွေးချယ်ရမယ့် အချက်များအပေါ်မူတည်၍ ပွင့်လင်းမြင်သာစွာ စိစစ်ရွေးချယ်ခဲ့ပါတယ်"ဟု မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးအောင်ဗိုလ်ဗိုလ်က ပြောသည်။




အဆိုပါ အစည်းအဝေး၌ လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တတ်ရောက်ခဲ့ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# သုံးခွမြို့နယ် ညောင်နီကျေးရွာတွင် သောက်သုံးရေ အခက်အခဲမဖြစ်ပေါ်ရေး စစ်ဆေး

**သုံးခွ အောက်တိုဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဇော်လင်းနိုင်နှင့် အဖွဲ့သည် ယမန်နေ့က ညောင်နီကျေးရွာသို့ သွားရောက်ကာ သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရန်၊ တိရစ္ဆာန်များ ဝင်ရောက်မှုမရှိစေရန် ၂၀၁၈ မီနီဘတ်ဂျက် ခွင့်ပြုရန်ပုံငွေဖြင့် ရေကန်ခြံစည်းရိုးများ စနစ်တကျကာရံထားခြင်းရှိ မရှိ၊ အရန်ရေကန်ထားရှိမှု အခြေအနေ၊ စက်ရေတွင်းများ ရေစက်ရုံ၊ ရေမော်တာ၊ အုတ်ရေလှောင်ကန်များ ပျက်စီးခြင်း ရှိ မရှိ၊ကောင်းမကောင်း ရေထွက်နှုန်း ကောင်း မကောင်း၊ သောက်သုံးရေရရှိရန် အဆင်ပြေမှု ရှိ မရှိ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရေကန်ပြန်လည်တူးဖော်ခြင်း ဆောင်ရွက်ထားသော ရေကန်များ အခြေအနေတို့ကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အတူ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့ပြင်ယခုအခါ မိုးရာသီကုန်၍ ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်ရာ ရေကန်များ သန့်ရှင်းရေးဆောင်ရွက်ရန်နှင့် အယ်နီညိုရာသီဥတုကြောင့် သောက်သုံးရေအခက်အခဲ မဖြစ်ပေါ်စေရေး ကြိုတင်ပြင်ဆင်မှုအနေဖြင့် သောက်သုံးရေများ အလေအလွင့်မရှိစေရေး၊ စနစ်တကျ ချွေတာသုံးစွဲရေး သောက်သုံးရေဖူလုံစေရန် တာဝန်ရှိသူများအား အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# သထုံမြို့နယ်၌ ယခုနှစ်ရော်ဘာဖွင့်ဈေး ယမန်နှစ်ထက် အနည်းငယ်ဈေးမြင့်

**သုဝဏ္ဏဝတီမြို့ အောက်တိုဘာ ၉**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့၌ ရော်ဘာရောင်းဝယ်ရေး ဒိုင်များသည် ယခုနှစ် ရော်ဘာဈေးဖွင့် ဝယ်ယူချိန်တွင် ယခင်နှစ်ဈေးဖွင့်ချိန်ကထက် တစ်ပေါင်ကို ဈေးနှုန်းအနည်းငယ်တိုးမြှင့်၍ ဝယ်ယူနေကြောင်း သိရသည်။

ယခင်နှစ်ပေါက်ဈေး ရော်ဘာတစ်ပေါင်လျှင် (နေလှန်း)ငွေကျပ် ၆၇၀ ခန့် ရှိသော်လည်း ယခုနှစ် ရော်ဘာဈေးနှုန်းမှာ တစ်ပေါင် (နေလှန်း) ငွေကျပ် ၇၄၀ မှ ၇၈၀ အထိ ဈေးဖွင့်ခဲ့ကြောင်း သိရသည်။ ရော်ဘာမှိုင်းကျ တစ်ပေါင် ငွေကျပ် ၈၂၀ မှ ၈၃၀ အထိ ဈေးပေါက်နေသော်လည်း မြို့အနီး ပတ်ဝန်းကျင်ကျေးရွာများမှ တစ်နိုင်တစ်ပိုင် ရော်ဘာစိုက် တောင်သူများသည် ရရှိသောရော်ဘာပြားများကို ကျပ်ခိုးတင် (မှိုင်း) ပြုလုပ်ခြင်းကို များသောအားဖြင့် မပြုလုပ်ကြတော့ဘဲ တစ်နေလှန်း၊ နေလှန်း၊ နေလွတ် (အခြောက်ပြား)များ အဖြစ်သာ ရောင်းချနေကြသည်။

ရော်ဘာပြား အစို၊ အခြောက်၊ အရည်အသွေးပေါ်မူတည်ပြီး ဈေးနှုန်းကွာခြားချက်များ ရှိနေသော်လည်း၊ မှိုင်းတင်(ကုန်ချော)ပြီး ရောင်းချမှုနည်းလာကြောင်း တွေ့ရသည်။ "မှိုင်းမတင်တော့ဘူး၊ မှိုင်းရုံတည်ဆောက်ရမယ့် ကုန်ကျစရိတ်တွေရယ်၊ မီးထိုးဖို့လိုအပ်နေတဲ့ ထင်း၊ မှိုင်းတင်ချဖို့ လိုအပ်တဲ့ အလုပ်သမားနဲ့ ပင်ပန်းမှုတွေကြောင့် ရော်ဘာ အစေးခြစ်၊ အစေးခဲ၊ ရော်ဘာကြိတ်၊ ရော်ဘာပြားကို နေလှန်းပြီး ရောင်းလိုက်တာပဲ။ မှိုင်းကျဈေးနဲ့ နေလှန်းဈေးက တစ်ပေါင်ကို ငွေကျပ် ၃၀ ကနေ ၅၀ လောက်ပဲ ကွာတယ်။ ဒါ့အပြင် ရော်ဘာဈေးကလည်း တစ်နေ့တစ်မျိုး ဈေးအမျိုးမျိုးပြောင်း၊ ဈေးကလည်းမကောင်း၊ ခုခေတ်အချိန်အခါနဲ့ ဈေး မကိုက်ပေမယ့်လည်း ဒါပဲရှိတော့ ဒါပဲလုပ်ရပါတယ်" ဟု ရော်ဘာခြံရှင်တစ်ဦးဖြစ်သူ ဝင်းပကျေးရွာမှ ဦးကျော်သန်းက ပြောသည်။

လတ်တလောအချိန် သုဝဏ္ဏဝတီမြို့၌ ရော်ဘာဈေးနှုန်းများမှာ တစ်ပေါင်ဈေးနှုန်းဖြင့် မှိုင်းကျတစ်ပေါင် ငွေကျပ် ၈၂၀ ၊ နေလွတ် ၈၁၀၊ အဆုပ်တုံး ငွေကျပ် ၃၀၀ မှ ၃၄၀ ၊ ခေးစာ ငွေကျပ် ၃၂၀ မှ ၃၆၀ အထိ ရှိကြောင်း သိရသည့်အပြင် ယခုလမှ စတင်၍ ဈေးဖွင့်ဝယ်ယူခဲ့ရာ ဈေးနှုန်းမှာ တည်ငြိမ်နေပြီး ဝယ်ယူမှုမှာ တစ်နေ့လျှင် ပေါင် ၅၀၀၀ မှ ၈၀၀၀ ကျော်အထိ တိုးမြှင့်ဝယ်ယူနေရကြောင်း၊ နေလှန်းရော်ဘာပြားများကို အများဆုံး ဝယ်ယူနေကြောင်း သုဝဏ္ဏဝတီမြို့သိမ်ဆိပ်ရပ်ကွက်ရှိ ရွှေလက်ဆောင် ရော်ဘာရောင်းဝယ်ရေးဆိုင်မှ သိရသည်။

ယခုအချိန်သည် ရော်ဘာအစေးခြစ်လုပ်ငန်းများ၊ ရော်ဘာအရောင်းအဝယ်များ စတင်နေပြီဖြစ်သောကြောင့် ရော်ဘာစိုက်တောင်သူများအားလုံး လုပ်ငန်းခွင်ဝင်နေကြပြီး ရော်ဘာစိုက်တောင်သူများက ရော်ဘာဈေးနှုန်း တိုးတက်လာစေရန် မျှော်လင့်နေသော်လည်း ရော်ဘာ ဈေးနှုန်းမှာ ယခုပေါက်ဈေးအတိုင်း တည်ငြိမ်နေဦးမည်ဖြစ်ကြောင်း ရော်ဘာရောင်းဝယ်သူများထံမှ သိရသည်။

**ခွန်(ဝင်းပ)**

# မိုင်းဖြတ်မြို့နယ်၌ အခမဲ့ မျက်စိခွဲစိတ်ကုသပေးမည်

**မိုင်းဖြတ် အောက်တိုဘာ ၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်တွင် မျက်စိဝေဒနာရှင်များအား ချယ်ရီမေတ္တာဖောင်ဒေးရှင်း၏ (၂၆)ကြိမ်မြောက် စက္ခုဒါနလှူဒါန်းပွဲကြီးကို နိုဝင်ဘာ ၂၅ ရက်မှစ၍ ၂၈ ရက်အထိ မခွဲစိတ်မီနှင့် ခွဲစိတ်ပြီးသည်အထိ မိုင်းဖြတ်မြို့နယ် ပြည်သူ့ဆေးရုံ၌ ကုသဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ မိုင်းဖြတ်မြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များကို အခမဲ့ ကုသဆောင်ရွက်ပေးရာတွင် အလှူရှင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းဇော်ထွန်းနှင့် မိသားစုကအလှူပြုပြီး ပြည်နယ်ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်မှု၊ ချယ်ရီမေတ္တာဖောင်ဒေးရှင်း၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရန်ကုန်မြို့မှ မျက်စိခွဲစိတ်ကုသမှု တာဝန်ခံဆရာကြီးပါမောက္ခ ဒေါက်တာ ဦးကိုကိုတင်နှင့် ကျွမ်းကျင်ပညာရှင်များက ကိုယ်တိုင်လာရောက် ကွင်းဆင်းကုသပေးမည်ဖြစ်ပြီး မည်သူမဆို မခွဲစိတ်မီနှင့် ခွဲစိတ်ပြီးသည်အထိ စမ်းသပ်ခ၊ ခွဲစိတ်ခ ၊ မျက်မှန်၊ ဆေးဝါးအစရှိသည်တို့ကို အခမဲ့ကုသအလှူပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**

# မိုးစပါး ၈၉၄၁ ဧကအတွက် ရေဆင်းဆည်မှ ရေပေးဝေ

**နေပြည်တော် အောက်တိုဘာ ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်ရေသောက်ဧရိယာအတွင်း ယခု ၂၀၁၈-၂၀၁၉ ခုနှစ်တွင် မိုးစပါး ၈၉၄၁ ဧက လျာထားစိုက်ပျိုးထားရှိရာ မိုးစပါးအောင်ရေကို ရေဆင်းဆည်မှ ပေးဝေလျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန နေပြည်တော်ညွှန်ကြားရေးမှူးရုံးမှ သိရသည်။

ရေဆင်းဆည်ရေသောက်ဧရိယာအတွင်း စက်တင်ဘာလလယ်ပိုင်းမှစတင်၍ မိုးရွာသွန်းမှုမှာ ပုံမှန်ထက်လျော့နည်းခဲ့သော်လည်း တောင်သူများက ဆည်ရေဖြင့် ရယူလျက်ရှိရာတွင် ရေပေးဝေမှု အဆင်ပြေစေရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဌာနမှ ဝန်ထမ်းများနှင့် တောင်သူများက နေ့စဉ်ကွင်းဆင်း စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မွှေး**

## သတင်းတိုများ

### လွှတ်တော်ကိုယ်စားလှယ်များနှင့် ကျိုက်မရောဒေသခံပြည်သူများ တွေ့ဆုံ

ကျိုက်မရောမြို့နယ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အတွင်းမှ ဒေသခံပြည်သူများ တွေ့ဆုံပွဲကို အောက်တိုဘာ ၈ ရက်က ဖားပျောက်ကျေးရွာဓမ္မာရုံ၌ ကျင်းပခဲ့သည်။ တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောကျော်ဝင်းမောင်က ပြည်သူ့လွှတ်တော်အတွင်း ဥပဒေပြုရေးနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မေးခွန်းများမေးမြန်းခဲ့သည့် အခြေအနေများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည့်အကြောင်းများကို ရှင်းလင်းဆွေးနွေးပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော်ဦးက ကျေးရွာများ လျှပ်စစ်မီးရရှိရေး၊ ပညာရေး၊ ကျန်းမာရေးစသည့်ကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် တင်ပြဆောင်ရွက်နေသည့်အခြေအနေများ ရှင်းလင်းဆွေးနွေးခဲ့သည်။ **ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

### ကျီခါးမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ချင်းပြည်နယ် ကျီခါးမြို့အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများထဲမှ တစ်ခုဖြစ်သည့် ကျီခါးမြို့နှင့် တွီးမွီကျေးရွာကြား လမ်းပိုင်းတွင် တံတားနှင့်ရေထုတ်ပြွန်များ တည်ဆောက်နေမှုအခြေအနေများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခမ်ခန့်ထန်က အောက်တိုဘာ ၇ ရက်က လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။ ကျီခါးမြို့နှင့် တွီးမွီကျေးရွာကြား လမ်းပိုင်းတွင် အရှည်ပေ ၁၆၀ ရှိ တွီးဗဲ့လ်းချောင်းကူးတံတားကို ရှင်ရှမ်းကုမ္ပဏီက ကျပ်သိန်း ၅၄၀၀ ဖြင့် တာဝန်ယူဆောက်လုပ်လျက်ရှိရာ အဆိုပါတံတား တည်ဆောက်မှုပြီးစီးပါက ဒေသခံပြည်သူများအနေဖြင့် ရာသီမရွေး အဆင်ပြေစွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### သန်လျင်၌ ကျောင်းစာကြည့်တိုက်လုပ်ငန်း တိုးတက်ရေး ဆောင်ရွက်

သန်လျင်မြို့နယ်အတွင်းမှ အခြေခံပညာကျောင်းများရှိ ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး၊ ကျောင်းသား ကျောင်းသူများအား စာဖတ်ရှိန်မြှင့်တင်ပေးရေးနှင့် ကျောင်းစာကြည့်တိုက်လုပ်ငန်းများ စနစ်တကျရှိစေရေးအတွက် ရန်ကုန်တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ရီရီလွင်၊ သန်လျင်မြို့နယ်ဦးစီးမှူး ဒေါ်စံပယ်ဦး၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကြည်လွင်တို့ ပါဝင်သည့်အဖွဲ့က အောက်တိုဘာ ၈ ရက်မှစတင်၍ သက်ဆိုင်ရာကျောင်းများသို့ကွင်းဆင်းကာ ကျောင်းအုပ်ကြီးများ၊ စာကြည့်တိုက်တာဝန်ခံ ဆရာမများ၊ ကျောင်းအကျိုးဆောင်အဖွဲ့များနှင့်တွေ့ဆုံ၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ကွင်းဆင်းအဖွဲ့သည် အဆိုပါကျောင်းများရှိ စာကြည့်တိုက်များ၏ စာငှားစနစ်၊ ကျောင်းသားကျောင်းသူများအတွက် စာဖတ်ချိန်၊ စာငှားချိန် အဆင်ပြေစေရေးနှင့် စာအုပ်စာစောင်များ အလှူခံရရှိရေး စသည့် လုပ်ငန်းများအတွက် စာကြည့်တိုက်တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**

## ဆင်ရုပ်ချုပ်သည့်ကုန်ကြမ်းများ ဈေးမြင့်သဖြင့် ကျောက်ဆည်ဆင်ရုပ်များ ဈေးနှုန်းတက်



**ကျောက်ဆည် အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့တွင် အများအပြားလုပ်ကိုင်နေသည့် ဆင်ရုပ်ချုပ်လုပ်ငန်းများတွင် အသုံးပြုနေရသည့် ကုန်ကြမ်းများ ဈေးနှုန်းများမြင့်တက်သဖြင့် ဆင်ရုပ်ဈေးနှုန်းများမှာလည်း မြင့်တက်လာကြောင်း ဆင်ရုပ်ချုပ်လုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

ယခုအခါတွင် ကျောက်ဆည်ဆင်ပွဲတော်အတွက် ကျောက်ဆည်မြို့ပေါ်ရပ်ကွက်များနှင့် အနီးဝန်းကျင်ရှိ ကျေးရွာများမှ ဆင်အကအလှပြိုင်ပွဲဝင်မည့် ဆင်ကအဖွဲ့များက ကြိုတင်ပြင်ဆင်မှုအနေဖြင့် ကျောက်ဆည်မြို့ရှိ ဆင်ရုပ်ပြုလုပ်သူများထံသို့ ဆင်ရုပ်များအပ်နှံလာသဖြင့် ဆင်ရုပ်ချုပ်လုပ်ကိုင်သူများအနေဖြင့် ဆင်ရုပ်များကို ယခင်ကထက် ပိုမိုလုပ်ကိုင်နေရကြောင်း ကျောက်ဆည်မြို့ရှိ ဇော်ဝင်း၊ ဇော်သင်းဆင်ရုပ်ချုပ်လုပ်ငန်းမှ ဦးဇော်သင်းက ပြောပြသည်။

"ဒီနှစ်လုပ်ငန်းက မနှစ်ကထက် အများကြီးတိုးတက်လာတယ်၊ ကုန်ကြမ်းဈေးနှုန်းကလည်း ဥပမာ-အရင်က ပစ္စည်းတစ်ခု ကျပ် ၅၀၀၀ ပေးဝယ်ရတယ်ဆို ဒီနှစ် ကျပ် ၆၀၀၀ ပေးဝယ်ရတယ်၊ ဈေးတက်လာတယ်၊ တက်လာတဲ့အတွက် မနှစ်ကထက်စာရင် ဒီနှစ် ဆင်ရုပ်ဈေးနှုန်းကလည်း တစ်ရုပ်ကို နှစ်သောင်းနှုန်းလောက် တက်တယ်။ ဆင်ရုပ်လုပ်ရတာလည်း တစ်နှစ်ထက်တစ်နှစ် ပိုပိုလုပ်ရတယ်။ မနှစ်က ဆင်အရုပ် ၆၀ လောက် ချုပ်ရတယ်။ ဒီနှစ် ဆင်အရုပ် ၈၀ လောက် ချုပ်ရပါတယ်" ဟု ၎င်းကပြောသည်။

ယခုနှစ်တွင် ကုန်ကြမ်းဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဆင်အရုပ်ဈေးနှုန်းများလည်းတက်လာရာ ရိုးရာဆင်အမျိုးအစားမှာ ယခင်နှစ်က ကျပ် ၁၈၀၀၀၀ မှ ယခုနှစ်တွင် ကျပ်နှစ်သိန်း၊ ရိုးရာ ကလေးဆင်အမျိုးအစားမှာ အရွယ်အစားအပေါ်မူတည်ပြီး ကျပ်တစ်သိန်းခွဲအောက် ဈေးဖြတ်ကြောင်း၊ ဘော်ကြယ်ဆင်အမျိုးအစားမှာ ယခင်က ကျပ် ၁၀ သိန်းရှိရာမှ ယခုနှစ်တွင် ကျပ် ၁၂ သိန်းအထိ ဈေးတက်ရောင်းချရကြောင်း သိရသည်။

ယခု နောက်ပိုင်းတွင် မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်ရှိ ကျေးရွာနှင့် ရပ်ကွက်များမှ အလှူပွဲ၊ ဘုရားပွဲ အစရှိသည့် ပွဲတော်များတွင် ဆင်ရုပ်များကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြသောကြောင့် ကျောက်ဆည်မြို့ထွက် ဆင်ရုပ်များကို မှာယူမှုမှာလည်း ပိုမိုများပြားလာလျက်ရှိကြောင်း ကျောက်ဆည်မြို့ရှိ ဆင်ရုပ်ချုပ်လုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။ **ကိုမင်း(အင်းတော်)**

## မိုးကြိုးစက်ကွင်းကြောင့် သေဆုံးသူနှင့် ဒဏ်ရာရသူအား ထောက်ပံ့

**တပ်ကုန်း အောက်တိုဘာ ၉**

နေပြည်တော် တပ်ကုန်းမြို့နယ် ကျောက်စရစ်ကုန်းကျေးရွာအုပ်စု ကျွဲလည်ပင်းကျေးရွာ၌ အောက်တိုဘာ ၇ ရက်က ဖြစ်ပွားခဲ့သော မိုးကြိုးစက်ကွင်းထိမှန်မှုကြောင့် သေဆုံးသူ မဇင်မာဝင်းအတွက် ထောက်ပံ့ငွေ ကျပ်သုံးသိန်းနှင့် ၎င်း၏ခင်ပွန်း ဒဏ်ရာရရှိမှုအတွက် ဆေးရုံတက်ကုသစရိတ် ထောက်ပံ့ငွေ ကျပ်ငါးသောင်းကို နေပြည်တော် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဇာနည်လွင်နှင့် တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးစနေထွန်းတို့အဖွဲ့က အောက်တိုဘာ ၈ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။ တာဝန်ရှိသူများသည် အဆိုပါကျေးရွာသို့သွားရောက်၍ သေဆုံးသူ၏မိသားစုဝင်များနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားပြီးနောက် ထောက်ပံ့ငွေများကို ကျန်ရစ်သူမိသားစုထံသို့ ပေးအပ်ခဲ့ကြသည်။

**တင်စိုးလွင်**

## ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲများ မြို့နယ်များ၌ကျင်းပ

**ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ လူငယ်များအကြား မူးယစ်ဆေးဝါးအန္တရာယ်များ လျော့နည်းစေရေးအတွက်လည်းကောင်း သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ပြည်သူများတိုက်ရိုက်ဆွေးနွေးပြောဆိုနိုင်စေရန် ရည်ရွယ်လျက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်နှင့် လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းများကို မြို့နယ်များ၌ ကျင်းပခဲ့သည်။**

**ကောလင်း**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို အောက်တိုဘာ ၇ ရက်က ဥက္ကံကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်အောင်က အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လွှတ်တော်ကဏ္ဍကို ဆွေးနွေးသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းက ပြည်သူ့စကားဝိုင်းကျင်းပခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသောင်းမြင့်၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှူး ဦးမြင့်ကြိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလှမြင့်တို့က မိမိတို့ဌာနများ၏ မူဝါဒများ၊ ရည်မှန်းချက်များ၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ဒေသခံပြည်သူများက ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် လိုအပ်သည့်လုပ်ငန်းစဉ်များ၊ ကျေးလက်လမ်းတံတားများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကြောင်းနှင့် ကျေးရွာအလိုက် ကျန်းမာရေး၊ ပညာရေးကဏ္ဍ လိုလားချက်များကို တင်ပြဆွေးနွေးခဲ့ကာ လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ဖြေကြား ဆွေးနွေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**





**ဘောဂလိ**

ကရင်ပြည်နယ် ဘားအံခရိုင် ဘောဂလိမြို့ ပြောင်သိုကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဘားအံမြို့နယ်အတွင်း တတိယအကြိမ်မြောက်အဖြစ် အောက်တိုဘာ ၇ ရက်က ကျင်းပခဲ့သည်။

ပြောင်သိုကျေးရွာ ခရစ်ယာန်ဘုရားကျောင်းခန်းမဆောင်၌ ကျင်းပသည့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် ဘောဂလိမြို့အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ဘောဂလိမြို့ လျှပ်စစ်ဦးစီးမှူး ဦးကျော်ကျော်မင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးကျော်မင်းခိုင်၊ လမ်းဦးစီးဌာနမှ ဦးဂျို၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးသန်းလှိုင်ဦးနှင့် ဘောဂလိမြို့စာတိုက်မှူးတို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဌာနအလိုက် ဆောင်ရွက်ပေးနေသော ဌာနလုပ်ငန်းများအကြောင်းကို ဦးဆောင်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာသော ဘောဂလိမြို့ရှိ ဌာနဆိုင်ရာများ၊ ကျေးရွာနေပြည်သူများက မိမိတို့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး လိုအပ်သည်များ၊ သိရှိလိုသည်များကို တင်ပြမေးမြန်းကာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။ **ဘောဂလိ(ပြန်/ဆက်)**

---

**အုတ်ဖို**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို အောက်တိုဘာ ၈ ရက်က အောက်ကိုင်းကျေးရွာအုပ်စု ကွင်းကျယ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေး၊ အုတ်ဖိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်တို့က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ညွန့်ညွန့်စိန်က ဆွေးနွေးပွဲပြုလုပ်သည့် ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲကိုဆက်လက်ကျင်းပရာ ဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဦးဆောင်ဆွေးနွေးကြပြီး ကျေးလက်နေပြည်သူများက သိရှိလိုသည်များနှင့် မိမိတို့ဒေသအတွက် လိုအပ်ချက်များကို တောင်းဆိုဆွေးနွေးခဲ့ကြကာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ညှိနှိုင်းဖြေကြားပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

---

**ပေါင်**

သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူးပြီး လူငယ်နှင့် မူးယစ်ဆေးဝါးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို အောက်တိုဘာ ၇ ရက်က ပေါင်မြို့နယ် အထကကျောင်း ရွှေရတုခန်းမ၌ ကျင်းပခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် ပေါင်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်းနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသီဟ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်တို့က အမှာစကားပြောကြားပြီး သထုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်လေးနွယ်က ပြည်သူ့စကားဝိုင်းကျင်းပသည့် ရည်ရွယ်ချက်များနှင့် ယခုဆွေးနွေးပွဲသို့ တက်ရောက်လာသူများအနေဖြင့် ဆွေးနွေးသိရှိသွားသော အကြောင်းအရာများကို မိမိတို့ပတ်ဝန်းကျင်တွင် သတင်းစကားပြန်လည်ဖြန့်ဝေကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။




ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မွန်ပြည်နယ် မူးယစ်တပ်စု(၃၈)မှ တပ်ဖွဲ့ခွဲမှူး ရဲမှူးမြင့်ထူး၊ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးမင်းသူရနှင့် ရင်းငြိမ်တိုက်နယ်ဆေးရုံအုပ် ဒေါက်တာဇော်မင်းထွဋ်တို့က မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ လူငယ်များ သိထားသင့်သည်များ၊ ဆောင်ရန်ရှောင်ရန် အချက်များကို ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက်လာသော မီဒီယာများ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ၏ မေးမြန်းမှုများကိုလည်း တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ဖြေကြားပေးခဲ့သည်။ **ကိုဟိန်း(ပေါင်)**

# ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ နှစ်ကျိုပ်ရှစ်ဆူပူဇော်ပွဲ နှစ် ၁၀၀ ပြည့်အခမ်းအနား ထူးခြားစည်ကားစွာ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၉**

နေပြည်တော် ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်မြတ်များ ဒေသစာရီကြွချီပူဇော်ပွဲတော်ကို ၁၉၁၈ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်တွင် နှစ် ၁၀၀ ပြည့်မြောက်ခဲ့ပြီဖြစ်၍ ရာပြည့်အထိမ်းအမှတ်အဖြစ် ယခုနှစ် နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်မြတ်များ ဒေသစာရီကြွချီအပူဇော်ခံပွဲတော်ကြီးကို အောက်တိုဘာ ၂၁ ရက်မှ အောက်တိုဘာ ၂၆ ရက်အထိ ယခင်နှစ်များထက် ထူးခြားစည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်မြတ်များ ပူဇော်ခံပွဲတွင် ပျဉ်းမနားမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ဝတ်ဖြူတော်အသင်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဘာသာရေးအသင်းများက ရုပ်ပွားတော်များကို အောက်တိုဘာ ၂၅ ရက် (သီတင်းကျွတ်လပြည့်ကျော် ၁ ရက်)နေ့တွင် အမွှေးနံ့သာ၊ လျှပ်စစ်မီး၊ သစ်သီး၊ ပန်း၊ မြန်မာ့ရိုးရာပန်းချီကားတို့ဖြင့် တင့်တယ်သပ္ပာယ်စွာ ဆင်ယင်ထားသော ဘုရားကားများဖြင့် တပ်တွင်းဓမ္မာရုံမှ ပင့်ဆောင်ပြီး မြို့တွင်းသို့ သတ်မှတ်ထားသောလမ်းကြောင်းအတိုင်း ဒေသစာရီကြွချီလှည့်လည်အပူဇော်ခံမည်ဖြစ်ကြောင်း၊ ဘုရားပင့်ယာဉ်များ လှည့်လည်ခြင်းနှင့်အတူ နိုင်ငံကျော်အဆိုတော်များပါဝင်သော ဖျော်ဖြေရေးယာဉ်များကလည်း အောက်တိုဘာ ၂၃ ရက်မှ အောက်တိုဘာ ၂၅ ရက်အထိ မြို့တွင်းသို့ လှည့်လည်ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ယခင်နှစ်က ကျင်းပခဲ့သည့် ရုပ်ပွားတော်များ အပူဇော်ခံပွဲ။

နှစ် ၁၀၀ ပြည့် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်မြတ်များ အပူဇော်ခံပွဲ အထိမ်းအမှတ်အဖြစ် စိုးလျှပ်စစ်ဖောင်ဒေးရှင်းက အဓိကကူညီပံ့ပိုးသည့် ရာပြည့်အထိမ်းအမှတ် မီးထွန်းပွဲတော်ကိုလည်း ပျဉ်းမနားမြို့ ရန်အောင်(၂) ရပ်ကွက်အတွင်းရှိ မင်္ဂလာရှမ်းကန်တွင် ကျင်းပမည်ဖြစ်ပြီး ရာပြည့်အထိမ်းအမှတ် ပြိုင်ပွဲဝင်ပြခန်းများ၊ အမှတ်တရပြခန်းများ၊ ရာပြည့်အထိမ်းအမှတ် လမ်းလျှောက်မီးထွန်းပွဲတော်နှင့်အတူ စတုဒိသာ ကျွေးမွေးဧည့်ခံခြင်းများကိုလည်း အောက်တိုဘာ ၂၁ ရက်မှ အောက်တိုဘာ ၂၅ ရက်အထိ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ရာပြည့်အထိမ်းအမှတ် ပြိုင်ပွဲဝင်ပြခန်းများတွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလအတွင်းက ကျင်းပခဲ့သည့် ရာပြည့်အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ဆောင်းပါး၊ စာစီစာကုံး၊ Logo ပြိုင်ပွဲများမှ ပြိုင်ပွဲဝင်လက်ရာများနှင့် ဆုရပြိုင်ပွဲဝင်လက်ရာများကိုလည်းကောင်း၊ အမှတ်တရပြခန်းများတွင် ဗုဒ္ဓဝင်အကျဉ်းပြခန်းများ၊ ပျဉ်းမနားမြို့၏ ထင်ရှားကျော်ကြားခဲ့သည့် ပုဂ္ဂိုလ်များနှင့် စပ်လျဉ်းသည့် မှတ်တမ်းဓာတ်ပုံပြခန်းများ၊ ပျဉ်းမနားမြို့မှ မြန်မာမှုလက်ရာပန်းပုပြခန်း၊ ဒေသထွက်စားသောက်ကုန်ပစ္စည်းများကို ပြသမည်ဖြစ်ပြီး ညအချိန်တွင် မီးအလှများ၊ မြန်မာ့ရိုးရာမီးပုံးများနှင့် ရုပ်သေးရုပ်များ ချိတ်ဆွဲအလှဆင်ခြင်းများကို မင်္ဂလာရှမ်းကန်ပတ်လမ်းတစ်လျှောက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

နှစ်(၁၀၀)ပြည့် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်မြတ်များ ဒေသစာရီကြွချီအပူဇော်ခံသည့် ဘုရားပင့်ယာဉ်များနှင့် ရာပြည့်အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ဆောင်းပါး၊ စာစီစာကုံး၊ Logo ပြိုင်ပွဲများတွင် ဆုရရှိသူများအား အောက်တိုဘာ ၂၆ ရက် နံနက် ၁၀ နာရီတွင် ကန်တော်မင်္ဂလာခန်းမ၌ ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ပြီး နှစ် ၁၀၀ ပြည့်အောင်ပွဲ အထိမ်းအမှတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ညနေ ၃ နာရီတွင် ကျင်းပကာ ကန်တော်မင်္ဂလာခန်းမရှေ့မှစ၍ ဗိုလ်ချုပ်ကြေးရုပ်အထိ လှူဒါန်းသွားမည်ဖြစ်သည်။

နှစ် ၁၀၀ ပြည့် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်မြတ်များ အပူဇော်ခံပွဲတော်ကို အထက်အဖွဲ့အစည်းအဆင့်ဆင့်၏ လမ်းညွှန်ချက်များနှင့်အညီ ဌာနဆိုင်ရာများ၊ ပွဲတော်ကျင်းပရေးကော်မတီနှင့် ဆပ်ကော်မတီများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး များ၊ ဝတ်အသင်းများ၊ လူမှုရေးအသင်းများနှင့် အလှူရှင်များ၊ ဒေသခံပြည်သူများပူးပေါင်းကာ ယခင်နှစ်များနှင့်မတူ ထူးခြားစွာဖြင့် ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

# ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေး ဆက်လက်ကျင်းပ

**မကွေး အောက်တိုဘာ ၉**

ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို အောက်တိုဘာ ၈ ရက်က ဆက်လက်ကျင်းပခဲ့ပြီး မကွေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဇော်မျိုးဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး ဝန်ကြီးများ တက်ရောက်ခဲ့သည်။

လွှတ်တော်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်း လေးခုကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် လေးဦးက မေးမြန်းခဲ့ပြီး မကွေးတိုင်းဒေသကြီး ဝန်ကြီး လေးဦးက ပြန်လည်ဖြေကြားခဲ့သည်။

သရက်မြို့နယ်မဲဆန္ဒနယ်မှ ဦးဇော်မိုးအောင်က မကွေးတိုင်းဒေသကြီးအစိုးရအနေဖြင့် ကျွဲ၊ နွားများကို တရားဝင် ကုမ္ပဏီတည်ထောင်၍ ကုန်သွယ်မှုပြုနေသူများအား အားပေးရန်နှင့် တရားမဝင် ကျွဲ၊နွားကုန်သွယ်မှုများကို တားဆီးရေးအဖွဲ့ဖွဲ့စည်းပြီး ဆောင်ရွက်ပေးသွားရန် အစီအစဉ် ရှိ မရှိ မေးမြန်းခဲ့ရာ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းဦးက ၂၀၁၂ ခုနှစ် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ ဆောင်ရွက်နေမှုအခြေအနေများ၊ မကွေးတိုင်းဒေသကြီးအတွင်း ကျွဲ၊ နွား အရှင်များကို တရားဝင်ကုမ္ပဏီတည်ထောင်၍ ကုန်သွယ်မှုပြုနေသူများကို အားပေးသည့်အနေဖြင့် ကျွဲ၊ နွား တစ်ကောင်လျှင် ဝန်ဆောင်ခငွေ ကျပ် ၅၀၀၀ ကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပေးသွင်းစေပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က သယ်ယူခွင့်လက်မှတ်ထုတ်ပေးနေမှုနှင့် တရားမဝင်တင်ပို့သယ်ဆောင်မှုများအတွက် ဌာနဆိုင်ရာအဖွဲ့များဖြင့် မြို့ဝင်၊ မြို့ထွက်ဂိတ်များတွင် ရှောင်တခင်စစ်ဆေးမှုများဆောင်ရွက်သည့် အခြေအနေများ၊ ထပ်မံ၍ ခရိုင်များအလိုက် မြို့နယ်များတွင် လှုပ်ရှားဖမ်းဆီးရေးအဖွဲ့ (Mobile Team)များဖြင့် ဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ရေး လုပ်ဆောင်သွားမည့် အခြေအနေများကို ရှင်းလင်းဖြေကြားခဲ့သည်။

အစည်းအဝေးတွင် မေးခွန်းများမေးမြန်းဖြေဆိုပြီးနောက် မကွေးတိုင်းဒေသကြီးလွှတ်တော်၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အရအသုံးမှန်းခြေငွေစာရင်း လျာထားချက်ပါ အသုံးစရိတ်များနှင့်စပ်လျဉ်း၍ နယ်မြေကွင်းဆင်းလေ့လာဆောင်ရွက်ချက်အစီရင်ခံစာကို ကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်လွင်က လွှတ်တော်သို့ ဖတ်ကြားတင်သွင်းပြီး တိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အရအသုံးမှန်းခြေငွေစာရင်း လျာထားချက်ပါ အသုံးစရိတ်များနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းက ဖတ်ကြားတင်သွင်းခဲ့သည်။

**သန်းနိုင်ဦး(ငဖဲ)**

# ဖာပွန်မြို့ ပုံကျစျေးသစ် ဆောက်လုပ်ပြီးစီး စျေးသည်များ နေရာချထားပေးရန် ညှိနှိုင်းဆွေးနွေး

**ဖာပွန် အောက်တိုဘာ ၉**

ကရင်ပြည်နယ် ဖာပွန်မြို့တွင် မြို့အင်္ဂါရပ်နှင့်အညီ စျေးသည်များ စနစ်တကျရောင်းချရေးအတွက် စည်ပင်သာယာရေးရန်ပုံငွေဖြင့် ပုံကျစျေးကို ဆောက်လုပ်ပေးခဲ့ရာ ယခုအခါ ဆောက်လုပ်ပြီးစီးပြီဖြစ်၍ ဖာပွန်မြို့ရှိ စျေးသည်များအား ပုံကျစျေးဆိုင်များတွင် နေရာချထားပေးနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၈ ရက်က မဲသလွတ်ကျေးရွာ စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစောဇော်မင်းက ပုံကျစျေးဆိုင်ခန်းများကို နေရာချထားပေးနိုင်ရေးအတွက် လျှောက်လွှာတင်ရန် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်မှူးများက ပြည်သူများထံသို့ အသိပေးအကြောင်းကြားပေးစေလိုကြောင်း ပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်ထိုက်ယဉ်ဝင်းက ပုံကျစျေးဆိုင်ခန်းများကို နေရာချထားပေးရာတွင် ဖာပွန်မြို့ရှိ ဒေသခံပြည်သူများကိုသာ ဦးစားပေးရွေးချယ်သွားမည်ဖြစ်ကြောင်းနှင့် လျှောက်လွှာနှင့်ပတ်သက်၍ သိရှိလိုသည်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် လာရောက်စုံစမ်းမေးမြန်းနိုင်ကြောင်း ပြောကြားသည်။ ထို့နောက် စျေးကော်မတီဖွဲ့စည်းနိုင်ရေးနှင့် ပုံကျစျေးဆိုင်ခန်းများတွင် စျေးသည်များအား နေရာချထားပေးနိုင်ရေးကို တာဝန်ရှိသူများက ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ ပုံကျစျေးကို ဖာပွန်မြို့နယ် အမှတ်(၂)ရပ်ကွက် မြို့ပတ်လမ်းတွင် ဧပြီလမှစ၍ စက်တင်ဘာ ဒုတိယပတ်အတွင်း အပြီးတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အလျား ၉၀ ပေ၊ အနံ ၅၈ ပေ၊ အမြင့် ၁၅ ပေရှိ စတီးအဆောက်အအုံဖြစ်ကာ ဖာပွန်မြို့နယ်စည်ပင်သာယာရေးဖွဲ့က တာဝန်ယူ၍ ခွင့်ပြုရန်ပုံငွေ ကျပ် ၈၈ ဒသမ ၇၄ သန်းဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။

**မျိုးဆက်သစ်(ဘားအံ)**

# ဆိုင်ကယ်စီးသူတိုင်း ဦးထုပ်ဆောင်းရေး မိုင်းရယ်မြို့တွင် အသိပညာပေး



**မိုင်းရယ် အောက်တိုဘာ ၉**

မိုင်းရယ်မြို့မှ ဆိုင်ကယ်စီးသူ ပြည်သူများအနေဖြင့် ဆိုင်ကယ်စီးတိုင်း ဦးထုပ်ဆောင်းရေးအတွက် အသိပညာပေးခြင်းကို မိုင်းရယ်မြို့နယ်ရဲတပ်ဖွဲ့မှူးဦးစီးသည့်အဖွဲ့က မိုင်းရယ်မြို့ပြည်ထောင်စုလမ်းမပေါ်နှင့် မြို့လယ်ဘုရား၌ အောက်တိုဘာ ၈ ရက်က ပြုလုပ်ခဲ့သည်။

ဆိုင်ကယ်စီးဦးထုပ်ဆောင်းရေးအတွက် အသိပညာပေးရာတွင် ဦးထုပ်မဆောင်းသူများအား လိုအပ်သည့် အသိပညာပေးဟောပြောခြင်းများ ပြုလုပ်ခဲ့ပြီး ဦးထုပ်ဆောင်းလာသူများကိုလည်း ဆိုင်ကယ်ဦးထုပ်နှင့် ဆိုင်ကယ်နောက်ပိုင်းတွင် ရောင်ပြန်စတေကာများကပ်ပေးခြင်းများ ပြုလုပ်ခဲ့သည်။ အသိပညာပေးမှုများ ဆောင်ရွက်ရာတွင် မိုင်းရယ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မင်းစိုးထက်ဦး ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လမ်းဦးစီးဌာနမှ တာဝန်ရှိသူများ စုပေါင်းပါဝင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဝေါမြို့၌ လျှပ်စစ်ဘေးအန္တရာယ်ဆိုင်ရာများ အသိပညာပေးဟောပြော

**ဝေါ အောက်တိုဘာ ၉**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် အခြေခံပညာအထက်တန်းကျောင်း သီရိဇေယျာခန်းမ၌ ကျောင်းသားကျောင်းသူများအား လျှပ်စစ်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် လျှပ်စစ်လှုပ်ပါက ထိခိုက်မှုအနည်းဆုံးဖြစ်အောင် နေထိုင်နည်း သရုပ်ပြလေ့ကျင့်သရုပ်ပြခြင်းကို အောက်တိုဘာ ၈ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ဝေါမြို့နယ်ပညာရေးမှူး ဆရာကြီးဦးသိန်းတန်က အမှာစကားပြောကြားပြီး သင်တန်းမှူး ဆရာကြီးဦးတင်သိန်းဦးက လျှပ်စစ်အကြောင်းသိကောင်းစရာနှင့် အခြေခံပညာကျောင်းများတွင် လျှပ်စစ်ကြောင့်ဖြစ်ပွားနိုင်သည့် ထိခိုက်မှုအန္တရာယ်များ လျော့ပါးရေးအတွက် ဆောင်ရန်ရှောင်ရန်များကို ပညာပေးဟောပြောပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးချမ်းမြေ့ထွန်းက သဘာဝဘေးအန္တရာယ်နှင့် မီးဘေးအန္တရာယ်ဆိုင်ရာများကို အသိပညာပေးဟောပြောသည်။

ထို့နောက် လျှပ်စစ်ဘေးဖြစ်ချိန်တွင် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် နေထိုင်ခြင်း သရုပ်ပြလေ့ကျင့်မှုကို ဆက်လက်ပြုလုပ်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးရဲမင်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမြင့်နှင့် ဌာနဆိုင်ရာများ၊ မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ဦးဆောင်၍ ဝေါမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်းစုံ ၁၂၈ ကျောင်းမှ တာဝန်ခံ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ ဝေါအထကကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးကြီးစိုးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ပူးပေါင်းပါဝင် လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လက်ပံတန်းမြို့နယ်မှ ပျက်စီးခဲ့သည့် သီးနှံများအတွက် ထောက်ပံ့ငွေများပေးအပ်

**လက်ပံတန်း အောက်တိုဘာ ၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်တွင် ပြီးခဲ့သော မိုးရာသီကာလအတွင်း သဘာဝဘေးအန္တရာယ်များကြောင့် သီးနှံပျက်စီးဆုံးရှုံးမှုများအတွက် ပြည်ထောင်စုအရေးပေါ်ရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်ပွဲကို အောက်တိုဘာ ၈ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပခဲ့သည်။ ထောက်ပံ့ငွေပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်က တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုအရေးပေါ်ငွေမှ ထောက်ပံ့ငွေပေးအပ်ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားပြီး လက်ပံတန်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၀ အုပ်စုမှ ပျက်စီးခဲ့သော စပါးစိုက်လယ်ယာ ၇၄၉၂ ဧက အတွက် ထောက်ပံ့ငွေ ကျပ် ၇၄၉၂၀၀၀၀၊ နှမ်းစိုက်ခင်း ၅၄ ဧကအတွက် ထောက်ပံ့ငွေကျပ် ၂၇၀၀၀၀ နှင့် မြေပဲ လေးဧကအတွက် ထောက်ပံ့ငွေ ကျပ် ၁၂၀၀၀၀ တို့ကို တာဝန်ရှိသူများက တောင်သူများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# လျှပ်စစ်မီးလေးလင်းချင်တယ် အပိုင်း(၄)

မျိုးချစ်ခင်



ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်မီးရရှိရေး ၂၃၀ ကေဗွီဓာတ်အားလိုင်း ကြိုးဆွဲလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စီမံကိန်းမန်နေဂျာရုံး ခြောက်ရုံးမှ ကြိုးဆွဲအဖွဲ့ ခြောက်ဖွဲ့၊ မဟာဓာတ်အားလိုင်းမှူးရုံး လေးရုံးမှ ကြိုးဆွဲအဖွဲ့လေးဖွဲ့ စုစုပေါင်း ၁၀ ဖွဲ့ဖြင့် ဆောင်ရွက်ရန်စီစဉ်ပြီး ပထမအဆင့်အနေဖြင့် ဥသျှစ်ပင်မှ တောင်ကုတ်(ဘာယေ)အထိဓာတ်အားလိုင်း ၅၄ ဒသမ ၄၁ မိုင်ကို ၂၀၁၄ ခုနှစ် ဇွန်လတွင် လည်းကောင်း၊ တောင်ကုတ်မှ မအီအထိ ဓာတ်အားလိုင်း ၄၆ ဒသမ ၇၈ မိုင်ကို ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် လည်းကောင်း၊ မအီ-အမ်းအပိုင်း ဓာတ်အားလိုင်း ၃၆ ဒသမ ၂၈ မိုင် ကို၂၀၁၄ ခုနှစ် ဩဂုတ်လတွင်လည်းကောင်း၊ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်းအပိုင်း ဓာတ်အားလိုင်း ၁၁၅ ဒသမ ၇၃ မိုင်ကို ၂၀၁၄ခုနှစ်ဒီဇင်ဘာလတွင်လည်းကောင်း၊ မအီ-ကျောက်ဖြူ ဓာတ်အားလိုင်း ၆၀ ဒသမ ၆ မိုင်ကို ၂၀၁၄ခုနှစ် ဒီဇင်ဘာလတွင်လည်းကောင်း ပြီးစီးရန် စီမံချက်များချကာ ဆောင်ရွက်ခဲ့ကြရာ ကြိုးဆွဲအဖွဲ့များဝင်ရောက်၍ လုပ်ငန်းများဆောင်ရွက်ချိန်တွင် အချို့သောကုမ္ပဏီများမှ တာဝန်ယူထားသော အပိုင်းများတွင် တာဝါတိုင်ဆင်ခြင်းလုပ်ငန်းများ မပြီးစီးသေးသဖြင့် စီမံကိန်းမန်နေဂျာရုံးများမှ တိုင်ဆင်အဖွဲ့များနှင့်အတူ မဟာဓာတ်အားလိုင်းမှူးရုံးများမှ အဖွဲ့များပါ ဝင်ရောက်ကူညီ ဆောင်ရွက်စေ၍ တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ခဲ့ကာ ဓာတ်အားလိုင်းတည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ကြသည်။

ရခိုင်ပြည်နယ်ကို နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်မီးပေးနိုင်ရေးအတွက် ၂၃၀ ကေဗွီမဟာဓာတ်အားလိုင်းများ တည်ဆောက်နေသည့် အချိန်နှင့်တစ်ပြိုင်တည်း ၂၃၀/ ၆၆/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ တောင်ကုတ်(ဘာယေ)ဓာတ်အားခွဲရုံ၊ ၂၃၀/၆၆/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ကျောက်ဖြူ (ဂုံးချိန်) ဓာတ်အားခွဲရုံ ၂၃၀/၃၃/ ၁၁ ကေဗွီ၊ ၅၀ အမ်ဗွီအေ အမ်း ဓာတ်အားခွဲရုံ၊ ၂၃၀/ ၆၆ / ၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ပုဏ္ဏားကျွန်း ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို တစ်ပြိုင်တည်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြရာ ဓာတ်အားခွဲရုံတွင် တပ်ဆင်မည့် ထရန်စဖော်မာကြီးများကို ဓာတ်အားခွဲရုံတည်ရှိသည့် နေရာအသီးသီးသို့ ရန်ကုန်မှ ဇက်ရေယာဉ်များဖြင့် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် သယ်ဆောင်ပြီး ဓာတ်အားခွဲရုံတည်ရှိရာ အနီးဆုံးမြို့များတွင်ရှိသည့် ဆိပ်ကမ်းများသို့ သယ်ပို့၍ အဆိုပါ ဆိပ်ကမ်းများမှတစ်ဆင့် မော်တော်ယာဉ်ကြီးများဖြင့် ဓာတ်အားခွဲရုံ တည်ဆောက်မည့် နေရာအသီးသီးသို့ ဆက်လက်သယ်ယူဆောင်ရွက်ခဲ့ကြရသလို ၂၃၀ ကေဗွီနှင့် ၆၆ ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ရန် ပစ္စည်းများကို လမ်းခရီးကြမ်းတမ်းလှသည့် ရခိုင်ရိုးမတောင်တန်းကြီးအား ဖြတ်သန်းကာ လုပ်ငန်းခွင်များအရောက် ခက်ခဲစွာ သယ်ယူပို့ဆောင်ခဲ့ကြရပြီး တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြရသည်။

၂၃၀ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်နေချိန်နှင့် တစ်ပြိုင်တည်း ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံများမှ ဓာတ်အားဖြန့်ဖြူးနိုင်ရန်အတွက် အောက်ပါအတိုင်း ၆၆ ကေဗွီဓာတ်အားလိုင်းများကို ပြည်တွင်းတည်ဆောက်ရေး အဖွဲ့များအား တည်ဆောက်စေခဲ့သည်-

| စဉ် | လိုင်းအမည် | မိုင် |
|---|---|---|
| ၁။ | ၆၆ ကေဗွီတောင်ကုတ်(ဘာယေ) -သံတွဲဓာတ်အားလိုင်း | ၂၈ |
| ၂။ | ၆၆ကေဗွီတောင်ကုတ်(ဘာယေ)-မအီဓာတ်အားလိုင်းမှ တောင်ကုတ်မြို့ဓာတ်အားလိုင်း | ၂.၆ |
| ၃။ | ၆၆ကေဗွီ ကျောက်ဖြူ(ဂုံးချိန်)-ကျောက်ဖြူမြို့တွင်းလိုင်း | ၅.၅၃ |
| ၄။ | ၆၆ကေဗွီ ကျောက်ဖြူ(ဂုံးချိန်)-ရမ်းဗြဲလိုင်း | ၄၁ |
| ၅။ | ၆၆ကေဗွီ ပုဏ္ဏားကျွန်း-မြောက်ဦးဓာတ်အားလိုင်း | ၃၅.၃၇ |
| ၆။ | ၆၆ကေဗွီ ပုဏ္ဏားကျွန်း-စစ်တွေဓာတ်အားလိုင်း | ၄၀.၅၃ |
| ၇။ | ၆၆ကေဗွီ ပုဏ္ဏားကျွန်း-ကျောက်တော်ဓာတ်အားလိုင်း | ၃၇.၀၁ |

ထို့အပြင် ဌာနတည်ဆောက်ရေးအဖွဲ့များသည် အောက်ဖော်ပြပါဓာတ်အားခွဲရုံများအား တစ်ပြိုင်တည်းပြီးစီးအောင် တည်ဆောက်ခဲ့ကြသည်-

| စဉ် | ဓာတ်အားခွဲရုံအမည် | တပ်ဆင်အင်အား (အမ်ဗွီအေ) | မှတ်ချက် |
|---|---|---|---|
| ၁။ | ၆၆ ကေဗွီ သံတွဲဓာတ်အားခွဲရုံ | ၆၆/၁၁ကေဗွီ၊၅အမ်ဗွီအေ | |
| ၂။ | ၆၆ ကေဗွီကျောက်ဖြူဓာတ်အားခွဲရုံ | ၆၆/၁၁ကေဗွီ၊ ၂၀အမ်ဗွီအေ | |
| ၃။ | ၆၆ ကေဗွီ မြောက်ဦးဓာတ်အားခွဲရုံ | ၆၆/၁၁ကေဗွီ၊၅အမ်ဗွီအေ | |
| ၄။ | ၆၆ ကေဗွီ စစ်တွေဓာတ်အားခွဲရုံ | ၆၆/၁၁ကေဗွီ၊ ၂၀အမ်ဗွီအေ | |
| ၅။ | ၆၆ ကေဗွီ ကျောက်တော်ဓာတ်အားခွဲရုံ | ၆၆/၁၁ကေဗွီ၊ ၅အမ်ဗွီအေ | |

လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနက ၆၆ကေဗွီနှင့်အထက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများကို တစ်ပြိုင်တည်းတည်ဆောက်ခဲ့ကြသလို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းကလည်း ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီးဘတ်ဂျက်တို့ဖြင့် မြို့နယ်၊ ကျေးရွာများတွင် ၃၃ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ၊ ၁၁ ကေဗွီဓာတ်အားလိုင်းများနှင့် ၁၁/၀ ဒသမ ၄ ထရန်စဖော်မာများတည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်းများကို တစ်ပြိုင်တည်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်။

ရခိုင်ပြည်နယ် လျှပ်စစ်မီးရရှိရေးအတွက် ရခိုင်ရိုးမတောင်တန်းကြီးအား ဖြတ်သန်းတည်ဆောက်ခဲ့ရသလို ၂၃၀ ကေဗွီ မအီ-ကျောက်ဖြူ Double Circuit ဓာတ်အားလိုင်း ၆၀ ဒသမ ၆ မိုင် စုစုပေါင်းတာဝါတိုင် ၂၄၁ တိုင်တည်ဆောက်ရာတွင် မအီမှ ကျောက်ဖြူဘက်အထွက် မိုင် ၂၀ ခန့်မှာ ဒီရေတောဒေသကို ဖြတ်သန်းတည်ဆောက်ရသဖြင့် အဆိုပါဒေသတွင် တည်ဆောက်မည့် တာဝါတိုင်ဖောင်ဒေးရှင်းများကို Driving Pile စနစ်ဖြင့် စုစုပေါင်းတာဝါတိုင်ပေါင်း ၆၅ တိုင် ဆောင်ရွက်ခဲ့ကြရပြီး တာဝါတိုင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အဆိုပါ ဒီရေတောဒေသတွင်တပ်ဆင်မည့် တာဝါတိုင်သံပေါင်များကို လှေများ၊ ကျွဲများစသည့် နည်းလမ်းပေါင်းစုံဖြင့် ခက်ခက်ခဲခဲ သယ်ယူဆောင်ရွက်ခဲ့ကြရသည်။ ရခိုင်ပြည်နယ် လျှပ်စစ်မီးရရှိရေးအတွက် ဌာနမှအဖွဲ့များ၊ ပြည်တွင်းကုမ္ပဏီတည်ဆောက်ရေး အဖွဲ့များ ကြိုးစားဆောင်ရွက်ခဲ့ကြမှုကြောင့် ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းလုပ်ငန်းများကို သတ်မှတ်ချိန်အတွင်းပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ကြရာ ၂၃၀ကေဗွီ ဥသျှစ်ပင်-တောင်ကုတ်(ဘာယေ) ဓာတ်အားလိုင်းနှင့် ၂၃၀ ကေဗွီတောင်ကုတ်(ဘာယေ)ဓာတ်အားခွဲရုံကို ၃-၆-၂၀၁၄ ရက်နေ့တွင် လည်းကောင်း၊ ၆၆ကေဗွီတောင်ကုတ်(ဘာယေ)- သံတွဲဓာတ်အားလိုင်းနှင့် ၆၆ ကေဗွီ သံတွဲဓာတ်အားခွဲရုံကို ၄-၆-၂၀၁၄ ရက်နေ့တွင် လည်းကောင်း၊ ၂၃၀ ကေဗွီ တောင်ကုတ် (ဘာယေ)ဓာတ်အားခွဲရုံမှ တောင်ကုတ်မြို့သို့ ၁၁ ကေဗွီဓာတ်အားလိုင်းဖြင့် ၁၂-၆-၂၀၁၄ ရက်နေ့တွင် လည်းကောင်း၊ ၆၆ကေဗွီတောင်ကုတ် (ဘာယေ)-မအီဓာတ်အားလိုင်းမှ တောင်ကုတ်မြို့ ဓာတ်အားလိုင်းကို ၃-၁၁-၂၀၁၆ ရက်နေ့တွင် လည်းကောင်း၊ ၂၃၀ ကေဗွီတောင်ကုတ်(ဘာယေ)-အမ်း ဓာတ်အားလိုင်းနှင့် ၂၃၀ ကေဗွီ အမ်းဓာတ်အားခွဲရုံကို ၂၈-၈-၂၀၁၄ နေ့တွင် လည်းကောင်း၊ ၂၃၀ ကေဗွီ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်းဓာတ်အားလိုင်းနှင့် ၂၃၀ ကေဗွီ ပုဏ္ဏားကျွန်း ဓာတ်အားခွဲရုံကို ၃၀-၁၁-၂၀၁၄ ရက်နေ့တွင် လည်းကောင်း၊ ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-စစ်တွေဓာတ်အားလိုင်းနှင့် ၆၆ ကေဗွီ စစ်တွေဓာတ်အားခွဲရုံကို ၂၈-၁၁-၂၀၁၄ ရက်နေ့တွင် လည်းကောင်း၊ ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-မြောက်ဦး ဓာတ်အားလိုင်းနှင့် ၆၆ ကေဗွီ မြောက်ဦးဓာတ်အားခွဲရုံကို ၂၅-၁၂-၂၀၁၄ ရက်နေ့တွင် လည်းကောင်း၊ ၆၆ ပုဏ္ဏားကျွန်း-ကျောက်တော်ဓာတ်အားလိုင်းနှင့် ၆၆ ကေဗွီ ကျောက်တော် ဓာတ်အားခွဲရုံကို ၃၀-၁၁-၂၀၁၄ ရက်နေ့တွင် လည်းကောင်း၊ ၂၃၀ ကေဗွီ မအီ-ကျောက်ဖြူဓာတ်အားလိုင်းနှင့် ၂၃၀ ကေဗွီ ကျောက်ဖြူဓာတ်အားခွဲရုံကို ၁-၁-၂၀၁၅ ရက်နေ့တွင် လည်းကောင်း၊ ၆၆ ကေဗွီ ကျောက်ဖြူ (ဂုံးချိန်)- ကျောက်ဖြူမြို့ ဓာတ်အားလိုင်းနှင့် ၆၆ကေဗွီ ကျောက်ဖြူဓာတ်အားခွဲရုံကို ၁-၁-၂၀၁၅ ရက်နေ့တွင်လည်းကောင်း၊ ၆၆ကေဗွီ ကျောက်ဖြူ(ဂုံးချိန်)-ရမ်းဗြဲ ဓာတ်အားလိုင်းနှင့် ၆၆ ကေဗွီ ရမ်းဗြဲဓာတ်အားခွဲရုံကို ၁၁-၁-၂၀၁၅ ရက်နေ့တွင် လည်းကောင်း၊ နိုင်ငံတော် ဓာတ်အားစနစ်မှ ဓာတ်အားပို့လွှတ်နိုင်ကာ ရခိုင်ပြည်နယ်ရှိ ဒေသခံပြည်သူများအား လျှပ်စစ်ဓာတ်အားဖြည့်ဆည်းပေးနိုင်ခဲ့သည်။

ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားကို စဉ်ဆက်မပြတ်နှင့် ပိုမိုဖြန့်ဖြူးနိုင်ရန်အတွက် ၂၃၀ ကေဗွီ မန်း-အမ်းဓာတ်အားလိုင်း ၆၇ မိုင်နှင့် ၁၃၂ ကေဗွီ မန်းဓာတ်အားပေးစက်ရုံတွင် ၂၃၀/၁၃၂/ ၁၁ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ထရန်စဖော်မာ တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ကာ ၁၂-၄-၂၀၁၇ ရက်နေ့မှစ၍ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားများကို ရခိုင်ပြည်နယ်အတွင်းရှိ ဓာတ်အားလိုင်းများနှင့် ချိတ်ဆက်ဓာတ်အား ပို့လွှတ်နိုင်ခဲ့သည်။နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားများကို ရခိုင်ပြည်နယ်သို့ သယ်ပို့ဖြန့်ဖြူးရာတွင် ဥသျှစ်ပင် ပင်မဓာတ်အားခွဲရုံမှ တောင်ကုတ်(ဘာယေ) ဓာတ်အားခွဲရုံ၊ ထိုမှတစ်ဆင့် မအီ၊ မအီမှတစ်ဆင့် ကျောက်ဖြူ(ဂုံးချိန်)ဓာတ်အားခွဲရုံသို့ လည်းကောင်း၊ ကျောက်ဖြူ (ဂုံးချိန်) ပင်မဓာတ်အားခွဲရုံမှတစ်ဆင့် အမ်းပင်မဓာတ်အားခွဲရုံ၊ အမ်းပင်မ ဓာတ်အားခွဲရုံမှတစ်ဆင့် ပုဏ္ဏားကျွန်းပင်မဓာတ်အားခွဲရုံများသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင် ခဲ့သလို ဥသျှစ်ပင် ပင်မဓာတ်အားခွဲရုံမှ ဓာတ်အားပြတ်တောက်ခဲ့လျှင်လည်း မန်းဓာတ်အားပေးစက်ရုံမှတစ်ဆင့် နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားကို စဉ်ဆက်မပြတ်ဖြန့်ဖြူးပေးနိုင်ရန် ရည်ရွယ်၍ ၂၃၀ ကေဗွီ မန်း-အမ်းဓာတ်အားလိုင်းနှင့် မန်းဓာတ်အားပေးစက်ရုံတွင် ၂၃၀/၁၃၂ ကေဗွီ၊ ၁၀၀ အမ်ဗွီအေထရန်စဖော်မာ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သဖြင့် ဓာတ်အားစဉ်ဆက်မပြတ် ဖြန့်ဖြူးပေးနိုင်ခဲ့သည်။ ထို့အပြင် ၂၃၀ ကေဗွီ ကျောက်ဖြူဓာတ်အားခွဲရုံအတွင်း၌ ရွှေသဘာဝဓာတ်ငွေ့ကိုအသုံးပြုကာ Gas Engine စက်ရုံတည်ဆောက်ပြီး လျှပ်စစ်ဓာတ်အား ၉၀ မဂ္ဂါဝပ်ထုတ်လုပ်ပေးနိုင်နေပြီဖြစ်သဖြင့် ရခိုင်ပြည်နယ်အတွင်းသာမက နိုင်ငံတော်ဓာတ်အားစနစ်အတွင်းသို့ လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ပြီဖြစ်သည်။ မကြာမီ ၎င်း Gas Engine နေရာ၌ ၁၃၅ မဂ္ဂါဝပ်ထွက်ရှိမည့် သဘာဝဓာတ်ငွေ့နှင့် ရေနွေးငွေ့သုံး ဓာတ်အားပေးစက်ရုံတည်ဆောက်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိသဖြင့် ယခုထက်ပိုမို၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးနိုင်မည် ဖြစ်သည်။

ယနေ့အချိန်အထိ တည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ကြရာ ၆၆ ကေဗွီ တောင်ကုတ်(ဘာယေ)-မအီဓာတ်အားလိုင်း ၄၄ ဒသမ ၇၄ မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ မအီဓာတ်အားခွဲရုံတည်ဆောက်ပြီးစီး၍ ၁၂-၆-၂၀၁၆ ရက်နေ့တွင်လည်းကောင်း၊ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ တောင်ကုတ်မြို့ ဓာတ်အားခွဲရုံ အား ၃-၁၁-၂၀၁၆ ရက်နေ့တွင် လည်းကောင်း၊ ၆၆ ကေဗွီ ကျောက်ဖြူ-SEZ ဓာတ်အားလိုင်းအမှတ်(၁) ၅ ဒသမ ၆၉ မိုင်၊ အမှတ်(၂) ၅ ဒသမ ၅၇ မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၂၀ အမ်ဗွီအေ SEZ ဓာတ်အားခွဲရုံကို ၂၀-၇-၂၀၁၆ ရက်နေ့တွင် လည်းကောင်း၊ ၆၆ ကေဗွီ အသုတ်-ဂွ ဓာတ်အားလိုင်း ၅၅ ဒသမ ၆ မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဂွဓာတ်အားခွဲရုံအား ၂၉-၆-၂၀၁၇ ရက်နေ့တွင် လည်းကောင်း၊ ၆၆ ကေဗွီ ကျောက်ဖြူ(ဂုံးချိန်)-မဒဲဓာတ်အားလိုင်း ၁၃ ဒသမ ၃၂ မိုင် နှစ်လိုင်းနှင့် ၆၆/၁၁ ကေဗွီ၊ ၄၀ အမ်ဗွီအေ မဒဲဓာတ်အားခွဲရုံကို ၇-၇-၂၀၁၈ ရက်နေ့တွင် လည်းကောင်း၊ ၆၆ ကေဗွီ မြောက်ဦး-မင်းပြားဓာတ်အားလိုင်း ၁၇ ဒသမ ၂၈ မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ မင်းပြားဓာတ်အားခွဲရုံအား ၁၉-၂-၂၀၁၇ ရက်နေ့တွင် လည်းကောင်း၊ ၆၆ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင်ဓာတ်အားလိုင်းနှင့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ရသေ့တောင် ဓာတ်အားခွဲရုံကို ၁-၄-၂၀၁၈ ရက်နေ့တွင် လည်းကောင်း လျှပ်စစ်ဓာတ်အား ဆက်လက်ပို့လွှတ်ခဲ့သဖြင့် ၂၀၁၆ ခုနှစ် မတ်လနောက်ပိုင်း ယခုအစိုးရလက်ထက် နှစ်နှစ်ခွဲကာလအတွင်း မအီမြို့၊ မင်းပြားမြို့၊ ဂွမြို့၊ ရသေ့တောင်မြို့၊ မဒဲကျွန်းနှင့် ပတ်ဝန်းကျင်ဒေသများအား လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ယခင်ထက် အိမ်ထောင်စုပေါင်း ၂၃၀၀၀ ခန့်ကို လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ခဲ့သည်။

ရခိုင်ပြည်နယ်လျှပ်စစ်ဓာတ်အားရရှိရေးအတွက် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနက ယနေ့အထိ ၂၃၀ကေဗွီဓာတ်အားလိုင်း စုစုပေါင်း ၄၀၈ ဒသမ ၂၅ မိုင်နှင့် ၆၆ ကေဗွီဓာတ်အားလိုင်း စုစုပေါင်း ၃၇၈ ဒသမ ၉၄ မိုင် ဆောင်ရွက်ပြီးစီးခဲ့ကာ အဆိုပါဓာတ်အားလိုင်း စီမံကိန်းလုပ်ငန်းများနှင့်အတူ ၂၃၀ ကေဗွီဓာတ်အားခွဲရုံ လေးရုံ၊ ၆၆ ကေဗွီဓာတ်အားခွဲရုံ ၁၅ ရုံ တည်ဆောက်ခြင်း စီမံကိန်းများအတွက် နိုင်ငံခြားချေးငွေ ဒေါ်လာသန်း ၆၄ ဒသမ ၀၇ သန်းနှင့် ပြည်တွင်း ငွေကျပ် ၉၀ ဘီလီယံခန့်အကုန်အကျခံတည်ဆောက်ခဲ့သလို လျှပ်စစ်ဓာတ်အားဖြန့်ဖြူး ရေးလုပ်ငန်းကလည်း ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီးဘတ်ဂျက်များဖြင့် ၃၃ ကေဗွီဓာတ်အားလိုင်း စုစုပေါင်း ၁၂၀ ဒသမ ၈ မိုင်နှင့် ဓာတ်အားခွဲရုံ ခုနစ်ရုံ၊ ၁၁ ကေဗွီဓာတ်အားလိုင်း စုစုပေါင်း မိုင် ၇၄၁ ဒသမ ၃၃၉ နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ အားလုံးပေါင်း ၁၁၈၀ လုံး တပ်ဆင်ပေးနိုင်ခဲ့ပြီးဖြစ်ကာ ကျန်ရှိသည့်မြို့များ၊ ကျေးရွာများသို့ လျှပ်စစ်မီး ဆက်လက်ဖြန့်ဖြူးပေးနိုင်ရေးအတွက် နိုင်ငံတော်ဘတ်ဂျက်အပြင် နိုင်ငံခြားချေးငွေများဖြင့် ဆက်လက် အကောင်အထည်ဖော်ဆောင် ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားဖော်ပြလိုက်ပါသည်။ ။

# ပြည်ထဲရေးဝန်ကြီးဌာန

# e-Passport ထုတ်လုပ်ရေးလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကူးလက်မှတ်အား MRP (Machine Readable Passport) စနစ်မှ နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသည့် e-Passport စနစ်သို့ ကူးပြောင်းထုတ်လုပ်ရေးအတွက် နည်းပညာဆိုင်ရာ စက်ပစ္စည်းများ တပ်ဆင်အသုံးပြုခြင်းကို (Build Transfer) ကုမ္ပဏီ၏ စိုက်ထုတ်ရင်းနှီးမြှုပ်နှံမှုဖြင့် အကောင်အထည်ဖော်မည့်စနစ်အတွက် ဆောင်ရွက်မည့်လုပ်ငန်းအား တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ပြည်တွင်း မြန်မာနိုင်ငံသားပိုင် နည်းပညာကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါ e-Passport လုပ်ငန်းအား ဆောင်ရွက်လိုသော ပြည်တွင်း မြန်မာနိုင်ငံသားပိုင် နည်းပညာကုမ္ပဏီများသည် တင်ဒါဖောင်များကို ၁၀-၁၀-၂၀၁၈ ရက်မှစ၍ တင်ဒါကော်မတီ၊ ရုံးအမှတ်(၃၈)၊ နေပြည်တော်တွင် ဝယ်ယူနိုင်ပြီး ၁၁-၁၀-၂၀၁၈ရက်မှ စတင်၍ တင်သွင်းနိုင်ကာ ၉-၁၁-၂၀၁၈ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ရုံးအမှတ်(၃၈)သို့ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ နည်းပညာကုမ္ပဏီများသည် တင်ဒါအဆိုပြုလွှာများနှင့်အတူ ကုမ္ပဏီမှတ်ပုံတင်၊ ပူးပေါင်းဆောင်ရွက်မည့် ပြည်ပနည်းပညာကုမ္ပဏီများ၏ မှတ်ပုံတင်နှင့် ကုမ္ပဏီ Profile တို့ကို တင်ပြရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(က) တင်ဒါကော်မတီ၊ ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၉-၈၉၇၇၇၆၃၅၄

(ခ) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးဌာနခွဲ(ရန်ကုန်)
ဖုန်း-၀၁-၅၄၆၆၂၄

# ရုပ်ရှင်ဗီဒီယိုလောကသားများသို့

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နှစ်စဉ်ကျင်းပသည့် (၉၈)ကြိမ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် (၅၅)ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၃ ရက် နံနက် ၉ နာရီတွင် ကမ္ဘာအေးလမ်း၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ ကျင်းပမည်ဖြစ်ပါ၍ ရုပ်ရှင်လောကသားများအားလုံး တက်တက်ကြွကြွပါဝင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။
**(သီးခြားဖိတ်စာမပို့ပါ။)**

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

## အမည်မှန်

ပျဉ်းမနားမြို့နယ်၊ အမက သဲကျွန်း(မြောက်)KGတန်းမှ ဦးစိုးအောင် ၉/ပမန(နိုင်)၁၆၃၇၇၈၏သား မောင်မြင့်မြတ်သူ၏ အမည်မှန်မှာ မောင်မင်းမြတ်သူ ဖြစ်ပါကြောင်း။
**မောင်မင်းမြတ်သူ**

## အမည်ပြောင်း

ဦးကျော်ဇေလတ်၏သမီး နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်နေ အလက(၃)ထ(ခွဲ)ဒုတိယတန်း(အေ)မှမသက်ဖူးပိုင်အား မသွန်းနေခြည်ဦးဟု ပြောင်းလဲခေါ်ပါရန်။
**မသွန်းနေခြည်ဦး**

## ဖခင်အမည်မှန်

ရေနံချောင်းမြို့၊ ကံကြီးကျေးရွာအုပ်စု၊ ဝွေးကုန်းကျေးရွာ အထက(ခွဲ) ဒုတိယတန်းမှ မခြူးသံစဉ်၏ ဖခင်အမည်မှန်မှာ ဦးသူရ ၈/ရနခ(နိုင်)၁၀၁၀၂၆ ဖြစ်ပါကြောင်း။ **ဦးသူရ**

## ဖခင်အမည်မှန်

ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်၊ အထက(၂၂) ဆဋ္ဌမတန်းမှ မရတနာဝင်းဝေ၏ဖခင် ဦးဇော်ကြီး၏ အမည်မှန်မှာ ဦးအောင်မျိုးမင်း ၉/ပမန(နိုင်)၁၃၀၃၈၈ ဖြစ်ပါကြောင်း။ **ဦးအောင်မျိုးမင်း**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5H/5656 VAUXHALL ASTRA S/W(4×2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်နုနု ၁၂/ကမရ (နိုင်)၀၂၆၆၇၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## အများသိစေရန်ကြေညာခြင်း

ပညာရွှေမြေ
ကိုယ်ပိုင်အထက်တန်းဆင့် သင်ကျောင်း

အထက်ပါ '' ပညာရွှေမြေ '' ကိုယ်ပိုင်အထက်တန်းကျောင်း အမည်နှင့်ကျောင်း အမှတ်တံဆိပ်အား မိုးကုတ်မြို့ ၊ အောင်ချမ်းသာရပ်ကွက် ၊ အိမ်အမှတ်( ၁၆၀ )နေ ကျွန်ုပ် ဒေါ်အေးသီရိကျော် ၉/ မကန (နိုင်) ၁၂၈၄၃၉ က မိုးကုတ်မြို့ မှတ်ပုံတင် စာချုပ်စာတမ်းရုံးတွင် ကိုယ်ပိုင်ကျောင်း အမည် နှင့် ကိုယ်ပိုင်ကျောင်း အမှတ်တံဆိပ်၊ မှတ်ပုံတင်ကြေညာစာချုပ်စာတမ်း ပြုလုပ်ချုပ်ဆိုမည်ဖြစ်၍ကန့်ကွက်လိုပါက( ၇ )ရက်အတွင်းကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မှတ်ပုံတင်ကြေညာစာချုပ်စာတမ်းပြုလုပ်သူ**
**ဒေါ်အေးသီရိကျော်**
**တည်ထောင်အုပ်ချုပ်သူ**
**'' ပညာရွှေမြေ '' ကိုယ်ပိုင်အထက်တန်းကျောင်း**
**အောင်ချမ်းသာရပ် ၊ မိုးကုတ်မြို့**
**ဖုန်း-၀၉-၂၅၈၈၁၁၃၀၃ ၊ ၀၉-၄၀၂၅၀၆၄၇၁**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ လယ်ဝေးသီရိရတနာမြို့မဈေး၊ ရုံအမှတ်(ဂ-၁)၊ ဆိုင်ခန်းအမှတ်(၂၃၊၂၄)၊(၂)ခန်းအား နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ (၅)ရပ်ကွက်၊ အင်တိုင်းသာ(၇)လမ်းနေ ဦးမျိုးမင်းသိန်း ၉/ပဘန(နိုင်)၀၀၃၄၉၃ အမည်ပေါက် ပိုင်ဆိုင်ပြီး နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ (၄)ရပ်ကွက်၊ အမှတ် (၄/၃၉၉)နေ ဒေါ်ရွှေကြည် ၉/လဝန(နိုင်)၀၅၁၈၅၇သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့်ဈေးများဌာန၊နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။
**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြန်ကြားရေးဝန်ကြီးဌာန
## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
## အဆောက်အအုံဆောက်လုပ်ရေးအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် အသုံးပြုရန်လိုအပ်သော အဆောက်အအုံဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်-

(က) နေပြည်တော်(တပ်ကုန်း)တွင်ဝန်ထမ်းအင်အား(၈၀)ဆံ့လူပျိုဆောင် (၁)ဆောက်လုပ်ခြင်း၊ RCC Building နှစ်ထပ်(၂၂၀'×၃၆') (အတွင်း/အပြင် ရေ၊ မီး၊ မိလ္လာနှင့်လမ်းလုပ်ငန်းအပါအဝင်)

(ခ) နေပြည်တော်(တပ်ကုန်း) ရှစ်ခန်းတွဲသုံးထပ် အမှုထမ်းအိမ်ရာတစ်လုံး ဆောက်လုပ်ခြင်း၊ (RCC Building)(၁၂၀'×၅၀'×၃၄') (အတွင်း/အပြင် ရေ၊ မီး၊ မိလ္လာ၊ လမ်းလုပ်ငန်းအပါအဝင်)

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၉-၁၀-၂၀၁၈ရက်မှစတင်၍ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း) တွင်လာရောက် ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းသူသည် အောက်ဖော်ပြပါ စာရွက်စာတမ်း၊ အထောက်အထားများနှင့်အတူ အိတ်ဖွင့်တင်ဒါများကို ၈-၁၁-၂၀၁၈ရက် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

(က) Detail, Measurement BQ ကုန်ကျစရိတ်အသုံးပြုတန်ဖိုး
(ခ) ကုမ္ပဏီ၏ ငွေကြေးအခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုပမာဏ၊ ဘဏ်အထောက်အထားများ
(ဂ) ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကုမ္ပဏီ Profile
(ဃ) သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီ၏ ကန်ထရိုက်လိုင်စင်မိတ္တူ

၄။ သတ်မှတ်ချိန်ကာလထက်ကျော်လွန်တင်ပြသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၅။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ ဗီသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်ရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
**နေပြည်တော်(တပ်ကုန်း)**
**ဖုန်း-၀၆၇-၇၉၀၁၃၅၊ ၀၆၇-၇၉၀၃၇၇**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ မင်းကျောင်းကုန်း ရပ်ကွက်နေဦးထင်စီ၏သမီး မအေးထွေး(ခ)မထွေးထွေး ၁/ဗမန(နိုင်)၀၄၉၈၈၁သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ လယ်ဝေးသီရိရတနာမြို့မဈေး၊ ရုံအမှတ်(ခ-၂)၊ ဆိုင်ခန်းအမှတ်(၂၄)အား နေပြည်တော်၊ လယ်ဝေးမြို့၊ (၁)ရပ်ကွက်၊ မြွေရိုးကြီးလမ်းနေ ဒေါ်အေးအေးထွန်း ၉/လဝန(နိုင်)၀၆၂၄၀၅ အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ လယ်ဝေးမြို့၊ စည်တိုးအောင်ကျေးရွာနေ ဒေါ်အမာကြည် ၉/လဝန(နိုင်) ၁၁၅၇၄၂သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထား အပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။
**ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်းလမ်း၊ (၃)ရပ်ကွက်၊ အမှတ်-(၆၆)တွင် တည်ရှိသော **BEAUTY DIARY COMPANY LIMITED**သည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ တစ်ဦးတည်းမူပိုင်ကုန်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

BEAUTY CITY

(၄/၁၁၅၀၆/၂၀၁၈)

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးပြုလုပ်၍ ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ ဗွီနိုင်း၊ Letter Head, Internet, Website, Facebook အစရှိသည့်တို့အပြင် ခေတ်နှင့်အညီ ပေါ်ပေါက်လာသည့် နည်းပညာတို့တွင်လည်း အသုံးပြုသွားမည်ဖြစ်ပြီး အဆိုပါကုန်အမှတ်တံဆိပ်ဖြင့် Cosmetic ပစ္စည်းများကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝှမ်းတွင် ဆိုင်ခန်းများဖွင့်လှစ်၍ ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

အထက်ပါကုန်အမှတ်တံဆိပ်ကို **BEAUTY DIARY COMPANY LIMITED**၏ တရားဝင်ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ အတုပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ တစ်နည်းနည်းဖြင့် တုပပြုလုပ်သုံးစွဲပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ခိုင်ဦး *LL.M* အထက်တန်းရှေ့နေ (စဉ်-၄၅၉၀၅)
အမှတ်-၅၆၇၊ အခန်း-၃၀၄၊ တတိယထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၇၆၃၁၈

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## သာသနာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ကမ္ဘာအေးကုန်းမြေ၊ အမှုထမ်းအိမ်ရာ(၉၀'×၄၀'×၄၈')ခြောက်ခန်းတွဲ RC လေးထပ်ဆောက်လုပ်ခြင်း(ရေ၊ မီး၊ မိလ္လာအပါအဝင်) လုပ်ငန်းဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| **တင်ဒါပုံစံရောင်းချမည့်ရက်/အချိန်** | - | ၁၅-၁၀-၂၀၁၈ရက်မှ ၉-၁၁-၂၀၁၈ရက်ထိ နံနက် ၉း၃၀နာရီမှ ညနေ ၄နာရီထိ |
| **တင်ဒါပုံစံတင်သွင်းရမည့်ရက်/အချိန်** | - | ၁၂-၁၁-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၉း၃၀နာရီမှ မွန်းတည့်၁၂နာရီထိ |
| **တင်ဒါဖွင့်မည့်ရက်/အချိန်** | - | ၁၂-၁၁-၂၀၁၈ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီ |
| **တင်ဒါပုံစံရောင်းချမည့်နေရာ** | - | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၁) နေပြည်တော်၊ ရန်ကုန်(ရုံးခွဲ)၊ နယ်မြေပြုပြင်ထိန်းသိမ်းရေးနှင့် လုံခြုံရေးဌာနစု၊ ကမ္ဘာအေး |
| **တင်ဒါဖွင့်မည့်နေရာ** | - | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၁)၊ နေပြည်တော် |

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်တင်ဒါခေါ်ယူမည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက သာသနာရေးဦးစီးဌာန၊ နေပြည်တော်(ဖုန်း- ၀၆၇-၄၀၆၀၄၇၊ ရန်ကုန်(ရုံးခွဲ) နယ်မြေပြုပြင်ထိန်းသိမ်းရေးနှင့်လုံခြုံရေးဌာနစု (ဖုန်း-၀၁-၆၆၅၅၇၈၊ ၀၉-၅၀၅၈၆၁၀)တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**
**တင်ဒါကော်မတီ**

## နေပြည်တော်ကောင်စီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့်ဆောက်လုပ်မည့် ညွှန်ကြားရေးမှူးချုပ်နေအိမ် (Duplex)(၁၀)လုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်/ညွှန်ကြားရေးမှူးအိမ်ရာ(2U3S)(၁၀)လုံး၊ အရာထမ်းအိမ်ရာ(6U4S-3Bed)(၁၅)လုံး၊ အမှုထမ်းအိမ်ရာ(6U4S-2Bed)(၂၅)လုံး၊ လူပျိုဆောင်/အပျိုဆောင် (၁၆)လုံး၊ စုစုပေါင်းဝန်ထမ်းအိမ်ရာ အဆောက်အအုံ (၇၆)လုံး ဆောက်လုပ်ခြင်းအား ဘဏ္ဍာရေးနှစ်အတွင်း အပြီးဆောက်လုပ်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၁-၁၀-၂၀၁၈ရက်
၃။ **တင်ဒါပုံစံအရောင်းပိတ်ရက်** - ၃၁-၁၀-၂၀၁၈ရက်
၄။ **တင်ဒါပုံစံတင်သွင်းရမည့် နောက်ဆုံးရက်** - ၉-၁၁-၂၀၁၈ရက် မွန်းလွဲ၂း၃၀နာရီ

(ကုမ္ပဏီဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းစံချိန်စံညွှန်းများပါဝင်ရမည်။)

၅။ နည်းပညာအဆိုပြုလွှာ(Technical) အောင်မြင်သည့် ကုမ္ပဏီများကိုသာ ငွေကြေးအဆိုပြုလွှာ(Financial Proposal) တင်သွင်းခြင်းကို လက်ခံမည်။

၆။ အိတ်ဖွင့်တင်ဒါခေါ်ယူသည့် အဆောက်အအုံများ ဆောက်လုပ်ရာတွင် လုပ်ငန်းများစီမံဆောင်ရွက်ခြင်းနှင့် အရည်အသွေးထိန်းသိမ်းရေးလုပ်ငန်းများကို အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီမှ ကြီးကြပ်ဆောင်ရွက်သွားမည်။

၇။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၁-၁၀-၂၀၁၈ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၅၅၀၀၁၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**နေပြည်တော်ကောင်စီရုံး**
**ဖုန်း-၀၆၇-၅၅၀၀၁၃**

## မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် အမှုဆောင်ရွေးကောက်ပွဲရက် ပြင်ဆင်ချက်

မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်၏ အလုပ်အမှုဆောင်များ ပြန်လည်ရွေးချယ်တင်မြှောက်ပွဲကို ဒုတိယအဆင့်(နောက်ဆုံး)ရွေးချယ်ပွဲအား ၄-၁၁-၂၀၁၈ရက်တွင် ရန်ကုန်မြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း ၂၄-၉-၂၀၁၈ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ကြေညာထားပြီးဖြစ်ပါသည်။

သို့သော်လည်း လုပ်ငန်းအခက်အခဲအမျိုးမျိုးကြောင့် အမှုဆောင်ရွေးကောက်ပွဲအား ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁၀ ရက်သို့ ပြောင်းလဲကျင်းပမည်ဖြစ်ကြောင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များအပေါ် ဆက်သွယ်မေးမြန်းလိုပါက ဦးနန်းဝင်း ဖုန်း-၀၉-၉၅၂၇၆၁၇၈၇နှင့် ဦးမင်းယက္ခ ဖုန်း-၀၉-၄၂၁၁၂၅၂၂၀ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း ပြင်ဆင်ထုတ်ပြန်အပ်ပါသည်။

**ရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့**
**မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ မုတ္တမ(ဆင်ဖြူရပ်)အထက အဋ္ဌမတန်း(B)မှ မဆောင်းအိန္ဒြေ၏ ဖခင်အမည်မှန်မှာ ဦးဌေးသိန်း ၃/ကဆက(နိုင်)၀၃၂၂၉၇ ဖြစ်ပါကြောင်း။ **ဦးဌေးသိန်း**

## ပျောက်ဆုံးကြောင်း

Yuan Shun En You Industrial Co., Ltd ၏ သွင်းကုန်ကြေညာလွှာ (ID)များ (က) ၉၁၉၂၆၄(၁၁-၂-၂၀၁၆) (ခ)၁၈၉၆၃၉ (၁၇-၁၀-၂၀၁၆)(ဂ)၁၀၅၂၅၃(၂၅-၄-၂၀၁၆)တို့မှာ ကုမ္ပဏီရုံးခန်းပြောင်းရွှေ့ရာတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၂၉၅၅၉၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၆၉၈၆၇ Kenbo-110,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြမြစိုး ၉/ညဥန(နိုင်)၁၁၃၉၈၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန(နေပြည်တော်)**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/ရွှေနံ့သာအရှေ့ရပ်၊ ရွှေနံ့သာရပ်ကွက်ရှိ မြေကွက်အမှတ် (ဥ-၁၃၃၆)၊ ဦးထွန်းခင် ၉/ပမန(နိုင်) ၁၃၄၂၆၅ (ဘ)ဦးအုံးပွင့် အမည်ပေါက် ပါမစ်မြေကွက်ကို ဦးထွန်းရီ ၉/ပမန(နိုင်)၁၅၆၇၉၀ (ဘ)ဦးပိုမှ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ မြေကွက်ယာယီချထားပေးသည့် စလစ်မိတ္တူ၊ တရားရုံးကျမ်းကျိန်ဆိုချက်မှုရင်း၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**




အလင်းသစ်စာပေတိုက်မှ ထုတ်လုပ်ဖြန့်ချိသည်၊

ဘထွေးတော် ကနောင်မင်းသားအား မြင်ကွန်းမြင်းခုန်တိုင် ညီနောင်တို့က လုပ်ကြံခဲ့သည့် ပဒေသရာဇ်စနစ်၏ သရုပ်သကန် ဖြစ်ရပ်မှန် အရေးတော်ပုံ မှတ်တမ်း…

# မြင်ကွန်းမင်းသားကြီး၏ စွန့်စားခန်းများ

## တင်နိုင်တိုး

ဒုတိယအကြိမ်

အလင်းသစ်စာပေတိုက် ၊ ဖုန်း-၀၉ ၅၄၀၀၃၀၂၊ ၀၉ ၇၇၀၃၇၄၇

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ကွင်းအမှတ်(၁၅)၊ ကွင်းအမည် ညံတောတောင်၊ ဦးပိုင်အမှတ်(၁၂၂)၊ မြေယာအမှတ်(80)၊ ဧရိယာ ၀ဒသမ ၀၄၈ဧကရှိ မြေကွက်အား မြေငှားဂရန်သက်တမ်းတိုးလျှောက်ထားနိုင်ရေး ဦးရန်ကျော်ကို (ခ)မောင်ဝင်း ၉/မမန(နိုင်)၀၂၁၆၆၅မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးရန်ကျော်ရှိ(ခ)မောင်ဝင်း ၉/မမန(နိုင်)၀၂၁၆၆၅**
**ဖုန်း-၀၉-၄၃၁၈၀၇၇၈**
**အမှတ် ၅၇၊ ဗိုလ်ချုပ်လမ်း၊ ရ-က-က(၃)၊ ပြင်ဦးလွင်မြို့**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချစ်စုသက်မြတ်ဝင်း ၁၂/လသယ(နိုင်)၀၇၃၄၆၈၊ ဒေါ်ကြင်စုစုလှိုင် ၁၄/ကပန(နိုင်)၁၃၅၀၅၈၊ (ဦးစိန်ဝင်း ၅/ခတန(နိုင်)၀၀၄၃၀၉ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူများ)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/ဒ)၊ (၆)ရပ်ကွက်၊ သုခလမ်း၊ မြေကွက်အမှတ် (၆၀၆)ဟုခေါ်တွင်သော အလျား(၆၀)ပေ၊ အနံ(၅၀)ပေရှိ နှစ်၆၀မြေငှားဂရန်မြေကွက်နှင့် နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ချစ်စုသက်မြတ်ဝင်း၏ဖခင် ဦးစိန်ဝင်းမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရှိပိုင်ဆိုင်အကျိုးခံစား စီမံခန့်ခွဲဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေများ၏ သဘောတူခွင့်ပြုချက်တစ်စုံတစ်ရာမရှိပါဘဲလျက် အထက်အပိုဒ်ဖော်ပြပါ မြေကွက်အဆောက်အအုံတို့နှင့်ပတ်သက်၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ နေထိုင်ခွင့်ပြုခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း၊ စီမံခန့်ခွဲခြင်း၊ ပစ္စည်းပိုင်ဆိုင်မှုအား ထိခိုက်စေမည့် ဆောင်ရွက်မှုများပြုလုပ်ခြင်းတို့အား မပြုလုပ်ကြရန်နှင့် ပြုလုပ်ဆောင်ရွက်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလွင်ကိုကိုဦး (တရားလွှတ်တော်ရှေ့နေ၊ စဥ်-၁၂၁၆၂)**
**ရှေ့နေများရုံးခန်း၊ စပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၀၆၅၃၂၁၈**

## သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ရေးမြို့၊ အောင်မေတ္တာရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၅)တွင် နေထိုင်သည့် ဒေါ်ရင် (ဘ)ဦးကြယ်လွန် ၁၀/ရမန(နိုင်)၀၄၆၂၇၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

မွန်ပြည်နယ်၊ မော်လမြိုင်၊ ရေးမြို့၊ အောင်မေတ္တာရပ်ကွက်၊ ကွင်းအမှတ် ၁၁၂၉၊ ဝဲကျော်ကွင်း၊ ဦးပိုင်အမှတ် ၉၉၊ ၁၀၀/က၊ ၁၀၀/ခ၊ ၁၀၁/က၊ ၁၀၁/ခ အတွင်းရှိ စုစုပေါင်း ဧရိယာ ၆ ဒသမ ၅၄ ဧကရှိ လယ်မြေ(ယခုခြံမြေ)များအား ဦးတု၊ ဒေါ်ရင်တို့သည် မူလပိုင်ရှင်များဖြစ်သည့် ဦးဖိုးလွန်း၊ ဒေါ်အေးရွှေတို့ထံမှ ဝယ်ယူကာ မြေပိုင်ဆိုင်မှု မှတ်ပုံတင်စာချုပ်စာတမ်းများနှင့်တကွ လက်ရောက်ရယူလုပ်ကိုင်ခဲ့ကြသည့် လယ်မြေများဖြစ်ပါသည်။ ဦးတု၊ ဒေါ်ရင်တို့မိသားစုသည် မိမိတို့ဝယ်ယူပိုင်ဆိုင်သည့် လယ်မြေများကို လက်ရောက်ရယူလုပ်ကိုင်နေရာတွင် ဦးတု၊ ဒေါ်ရင်တို့၏ လယ်မြေများအတွင်းသို့ ကျူးကျော်ဝင်ရောက်နေထိုင်သူများရှိလာသဖြင့် လယ်ဆက်လက်လုပ်ကိုင်ရန် အခက်အခဲရှိသဖြင့် လယ်စိုက်ပျိုးခြင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်နိုင်တော့ခြင်းမရှိဘဲ လယ်မြေများအတွင်း ဝင်ရောက်ကျူးကျော်နေထိုင်သူများကို ဖယ်ရှားရန်အတွက် သက်ဆိုင်ရာဌာနဆိုင်ရာအသီးသီးသို့ တင်ပြတိုင်ကြားခဲ့ပါသည်။

ဦးတု၊ ဒေါ်ရင်တို့သည် မိမိတို့ပိုင်ဆိုင်သည့် ဧရိယာ ၆ ဒသမ ၅၄ ဧကရှိမြေများ အနက် အလျား×အနံ (၄၀×၆၀)ပေရှိခြံကွက် (၂၀)ကိုသာပြန်လည်ရရှိခဲ့ပြီး ဦးတု၊ ဒေါ်ရင်တို့ပိုင်ဆိုင်သည့် ဧရိယာ ၆ ဒသမ ၅၄ ဧကရှိမြေများထဲတွင် အလျား×အနံ(၄၀×၆၀)ပေရှိ ခြံကွက်(၄၀)အား (၁)ဦးဝင်းမြင့်၊ (၂)ဦးကျော်စိုး၊ (၃) ဒေါ်အေးတွတ်၊ (၄) ဦးလှဝင်း၊ (၅)ဦးဒါလီ၊ (၆)ဦးဉာဏ်ထွန်း၊ (၇) ဒေါ်ခင်စောမူ၊ (၈)ဦးစန်းလွင်၊ (၉)ဒေါ်သူဇာ၊ (၁၀) ဦးခင်မောင်ဦး-ဒေါ်ခင်မာလွင်၊ (၁၁) ဦးဆွေ၊ (၁၂)ဒေါ်သင်းဝမ်၊ (၁၃)ဒေါ်မာလာမိုး၊ (၁၄)ဦးဝဏ္ဏထွေး၊ (၁၅)ဦးတင်ကို၊ (၁၆)ဦးတင့်လွင်၊ (၁၇)ဒေါ်မိုးခိုင်၊ (၁၈)ဒေါ်ကွန်းညွန့်၊ (၁၉)ဦးစိုးလွင်၊ (၂၀)ဒေါ်ရီ၊ (၂၁)ဒေါ်ချိုဝင်း၊ (၂၂)ဦးကိုလတ်၊ (၂၃)ဒေါ်စုစု၊ (၂၄)ဦးအလွင်၊ (၂၅)ဒေါ်အငယ်လေး၊ (၂၆)ဦးလှဝင်း၊ (၂၇)ဦးမွန်ချမ်း၊ (၂၈)ဦးကျော်လှိုင်ဝင်း၊ (၂၉) ဦးညီလွင်၊ (၃၀)ဦးဇော်မင်းဦး၊ (၃၁)ဦးရွှေအ၊ (၃၂)ဦးစိုးထိုက်၊ (၃၃)မခိုင်တို့မှ မူလပိုင်ရှင်၏ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ခြံမြေအတွင်း ဝင်ရောက်ကျူးကျော်ကာ နေအိမ်များဆောက်လုပ်နေထိုင်ခြင်း၊ ခြံခတ်ခြင်း၊ အဆောက်အအုံများဆောက်လုပ်ခြင်းများကို ပြုလုပ်နေကြသည်။

ဒေါ်ရင်က မိမိ၏လယ်/ခြံမြေအတွင်း ဝင်ရောက်ကျူးကျော်နေထိုင်သူများအား ဖယ်ရှားပေးရန် အကြောင်းကြားစာများပေးပို့ထားသော်လည်း ဖယ်ရှားပေးခြင်းမရှိဘဲ ဆက်လက်ကျူးကျော်နေထိုင်နေကြပါသဖြင့် ဒေါ်ရင် ပိုင်ဆိုင်သည့် မွန်ပြည်နယ်၊ မော်လမြိုင်၊ ရေးမြို့၊ အောင်မေတ္တာရပ်ကွက်၊ ကွင်းအမှတ် ၁၁၂၉၊ ဝဲကျော်ကွင်း၊ ဦးပိုင်အမှတ် ၉၉၊ ၁၀၀/က၊ ၁၀၀/ခ၊ ၁၀၁/က၊ ၁၀၁/ခ အတွင်းရှိ စုစုပေါင်းဧရိယာ ၆ ဒသမ ၅၄ဧကရှိ လယ်မြေ(ယခုခြံမြေ)အတွင်းရှိ အလျား×အနံ (၄၀×၆၀) ပေရှိ ခြံကွက်(၄၀)အတွင်း ဝင်ရောက်ကျူးကျော်နေထိုင်ခြင်းပြုလုပ်နေသူများသည် ဤကြေညာပါသည့်ရက်မှစ၍ ၁၀-၁၁-၂၀၁၈ ရက်ထိ နောက်ဆုံးထားပြီး ဒေါ်ရင်ပိုင်မြေအတွင်းမှ မိမိတို့နှင့်သက်ဆိုင်သည့် ပစ္စည်းအရပ်ရပ်အား တစ်ပါတည်းယူဆောင်ဖယ်ရှားပေးပြီး ပိုင်ရှင်ဖြစ်သူ ဒေါ်ရင်အား ခြံမြေများကို လက်ရောက်ပြန်လည်ပေးအပ်ပါရန်နှင့် ပျက်ကွက်ပါက ဒေါ်ရင်မှ ဥပဒေနှင့်အညီ တရားစွဲဆိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ-**
**ဒေါ်ရင်(ဘ)ဦးကြယ်လွန်**
**၁၀/ရမန(နိုင်)၀၄၆၂၇၀**

**လွှဲအပ်ချက်အရ-**
**ဦးမြင့်နိုင်ဦး** LL.B,C.B.L
**တရားလွှတ်တော်ရှေ့နေ**
**စဥ်-၉၂၂၅ (၂၅-၇-၂၀၁၃)**
Thiri Law Firm (Hinthata)
**အမှတ် ၁၀၅၁၊ ရေတာ်ခွန်(၂)လမ်း၊**
**သုံးပင်ကွင်းရပ်ကွက်၊ ဟင်္သာတမြို့၊**
**ဖုန်း-၀၉-၄၅၁၂၄၃၃၈၇၊**
**၀၉-၄၂၉၇၅၄၀၈၁**

# ဝမ်းနည်းကြေကွဲခြင်း

## ဦးစိုးလှိုင်

## MD၊ ရွှေအိမ်တော်ဆောက်လုပ်ရေးကုမ္ပဏီ

## အသက်(၅၂)နှစ်

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်တွင် ၂၀၁၅-၂၀၁၈အထိ အလုပ်အမှုဆောင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဦးစိုးလှိုင် ရွှေအိမ်တော်ဆောက်လုပ်ရေးကုမ္ပဏီသည် ၇-၁၀-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၄၅နာရီတွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုကော်မတီဝင်အဖွဲ့**
**မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးတင်ငွေ
### အသက်(၈၁)နှစ်

လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၃)မှ အငယ်တန်းအင်ဂျင်နီယာ(၂)၊ မြို့ပြ ဦးဇော်မိုးအောင်၏ကျေးဇူးရှင်ဖခင်ကြီး ဦးတင်ငွေသည် ၈-၁၀-၂၀၁၈ ရက် နံနက် ၂း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လမ်းအထူးအဖွဲ့(၁၃)မှ**
**ဒုတိယညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ**

## အထူးကြေကွဲဝမ်းနည်းခြင်း

အမြဲတမ်း ခရီးအတူသွား၊ အတူစားခဲ့ကြတဲ့ အစ်ကိုကြီး ဦးမြသွင် မထင်မှတ်ဘဲ ရုတ်တရက် ခွဲခွာသွားတဲ့အတွက် အထူးကြေကွဲဝမ်းနည်းမိပါကြောင်း။

**လှိုင်မြင့်၊ Friedie Hla Maung**
**သဇင်ညွန့်၊ အိုင်းရင်းသီတာဦး၊**
**သီတာလေး၊ ဝေဝေတင်၊ စန်းစန်းမြင့်၊**
**ဇင်သီယု၊ မြင့်မြင့်သန်း၊**
**ဖြူဖြူသင်း၊ ခင်မြတ်မွန်၊**
**မြသီတာ၊ စပါယ်လတ်**

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်မြိုင်
### အသက်(၇၈)နှစ်

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ လက်ထောက်အတွင်းဝန် ဦးဉာဏ်မျိုး-ဒေါ်မေစီ (သူနာပြုဆရာမကြီး၊ ခုတင်-၁၀၀၀၊ အထွေထွေရောဂါကုဆေးရုံကြီး၊ နေပြည်တော်)တို့၏ မိခင် ဒေါ်တင်မြိုင် အသက်(၇၈)နှစ်သည် ၉-၁၀-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**နယ်စပ်ရေးရာဝန်ကြီးဌာန**
**ဝန်ထမ်းများ**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးချစ်မျိုးအောင်(ခ)ဟန်ထွန်းဇော်
**DSA-42**
### အသက်(၃၉)နှစ်

သူငယ်ချင်း ဦးချစ်မျိုးအောင်(ခ)ဟန်ထွန်းဇော်သည် ၇-၁၀-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၂)မှ**
**သူငယ်ချင်းများ**

## ကန့်ကွက်နိုင်ပါသည်

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (ယခင်မြို့/အိုးဌာန)နှင့် ခေတ်ရေ့ဆောင် ဆောက်လုပ်ရေးကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့သော သဃ်န်းကျွန်းမြို့နယ်၊ သီရိရတနာအိမ်ရာစီမံကိန်းတွင် တည်ရှိသည့် ခြောက်ခန်းတွဲငါးထပ်တိုက်မှ အခန်းအမှတ် (၀၀၁) ကို ကုမ္ပဏီမှ ရောင်းချထားသူ ဒေါ်စုစုလွင် အမည်ဖြင့် ပိုင်ဆိုင်မှုစာအုပ်ထုတ်ပေးပါရန် ကုမ္ပဏီမှ လျှောက်ထားလာခြင်းအား ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထား မူရင်းများ တင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ဟ/၃၁၉၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

### ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
## ဦးအောင်သွင် (ထားဝယ်)
**A.G.T.I (EP) 1983**
### အသက်(၆၁)နှစ်

ထားဝယ်မြို့၊ ပုံကျွန်းရပ်နေ (ဦးဘိုသန်း-ဒေါ်သန်းမြ)တို့၏ သားလတ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ရွှေစင် ၁လမ်း၊ အမှတ် ၂၁၇ နေ ဒေါ်စန္ဒီသွင်၏ခင်ပွန်း၊ ဦးတင်လတ်၊ ဦးတင်မောင်သွင်-ဒေါ်သန်းနွဲ့၊ ဦးလှဝင်းသွင်-ဒေါ်တင်အောင်၊ ဦးရဲလှ-ဒေါ်သီဂီသွင်တို့၏ညီ/မောင်၊ ဦးတင်အောင်ချို-ဒေါ်ဥမ္မာသွင်၊ ဦးမိုးဟိန်း-ဒေါ်မာလာသွင်၊ ဦးငွေစိုး-ဒေါ်ကေသီ၊ ဦးကျော်ဟန် - ဒေါ်သွင်နီနီဆက်တို့၏ အစ်ကို၊ ဦးဗိုလ်ဗိုလ်လင်း-ဒေါ်ခိုင်ဇာဝင်း၊ ဦးကျော်ကိုကို-ဒေါ်သက်စုကျော်၊ မဆုမွန်မြတ်တို့၏ဖခင်၊မြေးသုံးယောက်တို့၏အဘိုးသည် ၉-၁၀-၂၀၁၈ရက် (အင်္ဂါနေ့)ညနေ ၃း၅၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၀-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### အများသိစေရန်ကြေညာချက်

၁။ မရမ်းကုန်းမြို့နယ်၊ပါရမီလမ်း၊ အမှတ်(၁၀၅/က)တွင် Basement+(၁၂ဒ)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ရန် မြေရှင် ဦးဉာဏ်စိုးလွင်၊ ဒေါ်နွယ်နွယ်ဆွေ၊ လိုင်စင်ရကန်ထရိုက်တာ ဦးစောနိုင်(LC-726)၊ လိုင်စင်ရအင်ဂျင်နီယာ ဦးကျော်နိုင်ဝင်း(LS-689)တို့ဖြင့် ဤဌာနမှ (၂၀-၁၁-၂၀၁၇) ရက်စွဲပါစာအမှတ်၊ ၁၆၅၁/၁၆၅၂/စည်ပင်-ယာ(အုံ) ဖြင့် ဆောက်လုပ်ခွင့်ပြုထားပြီး ဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ Basement+(၁၂ဒ)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ခွင့်အား မူလကြီးကြပ် လိုင်စင်ရကန်ထရိုက်တာ ဦးစောနိုင်(LC-726)အစား လိုင်စင်ရကန်ထရိုက်တာ ဦးမျိုးမြင့်(LC-531)နှင့် လိုင်စင်ရအင်ဂျင်နီယာဦးကျော်နိုင်ဝင်း(LS-689)အစားမှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာပညာရှင် ဦးမျိုးမြင့်(PE-Construction-750)သို့ ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် မြေရှင်(၂)ဦး၊ လိုင်စင်ရကန်ထရိုက်တာ(၂)ဦးနှင့်ယခင်လိုင်စင်ရအင်ဂျင်နီယာနှင့် ပြောင်းလဲဆောင်ရွက်မည့် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် (၂)ဦးတို့မှ ဌာနသို့လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါကခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ရဟန်းဒါယိကာမကြီး
## ဒေါ်မရှီ(ခ)ဒေါ်စိန်ရွှေမြ (စစ်တွေမြို့)
### အသက်(၉၆)နှစ်

စစ်တွေမြို့၊ မြို့သူကြီးရပ်ကွက်၊ လမ်းမကြီးနေ (ဦးဦးကျော်)၏ဇနီး၊ ဦးဦးသာထွန်း-ဒေါ်ညွန့်စိန်၊ ဦးကျော်စိန်-ဒေါ်မသိန်းလှ၊ ဦးမောင်သာထွန်း-ဒေါ်လှမေ၊ (ဦးအောင်ကြည်)-ဒေါ်လှစိန်ကျော့၊ (ဦးလှမောင်သိန်း)-ဒေါ်မမြမြသန်း၊ ဦးရွှေသာထွန်း-ဒေါ်မစောသိန်း၊ ဒေါ်မလှမေ(စီး/ဘဏ်)တို့၏မိခင်၊ မြေး ၁၅ ယောက်၊ မြစ် ၁၀ယောက်တို့၏အဘွားသည် ၈-၁၀-၂၀၁၈ရက်(တနင်္လာနေ့) မွန်းလွဲ ၂း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၁၀-၂၀၁၈ရက် (တနင်္ဂနွေနေ့)တွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၁၉)ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း၊ အမှတ်(၆၇၁/က) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### မောင်တောမြို့နယ်အသင်း(ရန်ကုန်)
### ရာသက်ပန်အသင်းဝင်
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း ဒါယိကာမကြီး
## ဒေါ်ရွှေမြဦး(မောင်တော) အသက်(၈၉)နှစ်

မောင်တောမြို့နယ်အသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးဘလှမောင်၏မိခင် ဒေါ်ရွှေမြဦး (ရာသက်ပန်အသင်းဝင်)သည် ၈-၁၀-၂၀၁၈ရက်တွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပြီးဖြစ်ပါ၍ ၁၀-၁၀-၂၀၁၈ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မြို့နယ်အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအပ်ပါသည်။ (ဗဟန်းမြို့နယ်၊ မဏ္ဍလာကယံကျောင်းတိုက်ရှေ့မှကားများဖြင့် ပို့ဆောင်ပေးပါမည်။)

မောင်တောမြို့နယ်အသင်း(ရန်ကုန်)

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရွှေမြဦး (မောင်တော)
### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မိကျောင်းကန်အပိုင်း(၃)ရပ်ကွက်၊ အမှတ် ၁၆၊ ခေမာသီ(၁)လမ်းနေ ဦးဘလှမောင်(မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူး)-ဒေါ်စန်းမြင့်တို့၏ ကျေးဇူးရှင်မိခင်ကြီးသည် ၈-၁၀-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၀၀း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**နာယကများ**
**ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်များ**
**မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်**

## ဦးအောင်ကွန့် အသက်(၈၈)နှစ်
### အထက(၆)ဗိုလ်တထောင်၊ အထက(၃)မင်္ဂလာဒုံ(ငြိမ်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၄၃)ရပ်ကွက်၊ အမှတ် ၈၀၄ နေ ဦးမောင်ကလေး-ဒေါ်ရွှေတင်တို့၏သားကြီး၊ ဦးတင်အောင်-ဒေါ်တင်ဝင်း၊ ဒေါ်သိန်းသိန်း၊ ဒေါ်မြင့်မြင့်၊ ဦးစိုးဝင်း၊ ဦးစိုးလင်းတို့၏အစ်ကို၊ ဒေါ်ထားထားကြည်၊ ဦးစိုးအောင်၊ ဦးတိုးအောင်၊ ဦးမိုးအောင်၊ ဒေါ်အေးအေးချို၊ ဦးအောင်ဖြိုးဝေ၊ မခင်ပြည့်စုံ(ခ)ချစ်စုတို့၏ဖခင်၊ဒေါ်တင်အုန်းကြည်၏ခင်ပွန်းသည် ၉-၁၀-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၈း၄၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၁-၁၀-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (မြောက်ဒဂုံနေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၀-၂၀၁၈ ရက်(တနင်္လာနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးပီတာအောင်သွင်
### အသက်(၈၁)နှစ်

(ဦးမိုးဇက်အောင်သွင်-ဒေါ်ရွှေမေ)တို့၏သား၊ ဩစတြေးလျနိုင်ငံ၊ မဲလ်ဘုန်းမြို့နေ ဦးတင်မီအောင်သွင်၏ညီ၊ ဒေါ်ရီရီ၏ခင်ပွန်း၊ ဦးထိန်လင်း-ဒေါ်သန်းယဉ်၊ ဦးထိန်မင်း-ဒေါ်နုနုအေး၊ ဦးအားနီ-မဂျူးနို၊ ဦးဂျော်ဒန်-မဂျူးနီတို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်သုံးယောက်တို့၏ အဘိုးသည် ၆-၁၀-၂၀၁၈ရက် ည ၈း၃၀နာရီတွင် ဩစတြေးလျနိုင်ငံ၊ မဲလ်ဘုန်းမြို့နေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၃-၁၀-၂၀၁၈ ရက် နံနက် ၁၁း၃၀နာရီတွင် မဲလ်ဘုန်းမြို့ Healesville cemetery ၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဒေါက်တာအောင်စိုး(ခ)စာရေးဆရာအောင်ကျော်မိုး(ခ)
**Alhaj Mohamed Usof (Shamir) walar**
### ပြည်နယ်ဆေးရုံအုပ်ကြီး(ငြိမ်း)
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ မအူကုန်းရပ်ကွက်၊ အမှတ် ၆၊ ၁၃၂လမ်းနေ(ယူစွဖ်မိုဟာမက်ယူစွဖ်-ဒေါ်အရှာဘီ)တို့၏သား၊ ခတီဂျာဖာတမာ၊ ဆရာဘီတို့၏ညီ/မောင်၊ ရေယာဇ်(ခ)မောင်မြတ်သူအောင်-ဆလ်မာဘီတို့၏ဖခင်၊ ဒေါ်ဥမ္မာ(ခ)အမီနာဘီ၏ချစ်လှစွာသောခင်ပွန်းသည် ၈-၁၀-၂၀၁၈ရက် (တနင်္လာနေ့) ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၀-၂၀၁၈ရက်(အင်္ဂါနေ့)တွင် ၁၃၃လမ်းဗလီ၌ ဇိုဟိုရ်နမားဇ်အပြီး ဂျနာဇာနမာဇ်ဝတ်ပြု၍ ရေဝေးစန္နီကဘာရ်စတန်(န်)ဥယျာဉ်တွင် ဒါဖနာပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးမေ(စစ်တွေ) အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ် ၅၆၊ လေးလွှာ(ဘီ)နေ ဦးလှဖြူသံ (မြစိမ်းစိုး ရွှေပန်းထိမ်ပစ္စည်းအရောင်းဆိုင်)၏ဇနီး၊ ဦးကျော်ခိုင်-ဒေါ်မိုးမိုးအောင်၊ ဒေါ်လှလှခိုင်(ကထိကမြန်မာစာဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)-(ဦးသန်းဇော်)၊ ဒေါ်ဖြူဖြူခိုင်-ဦးထွန်းသန့်၊ ဒေါ်သိန်းသိန်းခိုင်-ဦးအောင်ကျော်ဆန်း၊ ဒေါ်အေးအေးခိုင် (Nurse, Changi General Hospital, Singapore)၊ ဒေါ်ခိုင်ခိုင်စိုး(လက်ထောက်ညွှန်ကြားရေးမှူး၊ ကျေးလက်လမ်းဦးစီးဌာန) - ဦးမျိုးမျိုး (ဒု-ညွှန်ကြားရေးမှူး၊ ကျေးလက်ဦးစီးဌာန)၊ ဒေါ်သန့်စင်ခိုင်-ဦးအောင်ထွန်းဦးတို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘောင်ရှင်၊ အဖီးရှင်သည် ၈-၁၀-၂၀၁၈ရက် (တနင်္လာနေ့) ည ၇း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၀-၂၀၁၈ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးစန်းဖေ
### မြန်မာ့သစ်လုပ်ငန်း(ငြိမ်း)
### အသက်(၈၄)နှစ်

ထီးလင်းမြို့၊ ညောင်ကန်ကျေးရွာနေ (ဦးဖိုးချစ်-ဒေါ်မြ)တို့၏သား၊ (ဦးမဲ)-ဒေါ်သန်းပိုင်တို့၏မောင်၊ ဦးမောင်အုံး-ဒေါ်လှဦး၊ (ဦးကေလောက်)-ဒေါ်သိန်းမေ(ဦးခင်ယုံ)-ဒေါ်သိန်းငွေတို့၏အစ်ကို၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အာသာဝတီလမ်း၊ အမှတ် ၁၄နေ ဒေါ်ခင်ဆွေမြင့်၏ခင်ပွန်းသည် ၉-၁၀-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၀-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ရဟန်းဒါယိကာမကြီး
## ဒေါ်ခင်မှတ်
### (တောင်စွန်း/ပေါက်တော)
### အသက်(၈၄)နှစ်

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်း/ပေါက်တော ကျေးရွာနေ (ဦးဘသန်း-ဒေါ်ပု)တို့၏သမီး၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ဂ)ရပ်ကွက်၊ ဗိုလ်တေဇ ၂လမ်း၊ အမှတ် ၁၄နေ (ဦးဟုတ်ကြည်)၏ဇနီး၊ ရှမ်းပြည်နယ်၊ ကျောက်မဲမြို့၊ သာသနောဒယကျောင်းတိုက် ဆရာတော် ဦးသာဂရ၊ ဥူးဇင်း ဦးတေဇောသာရ၊ ဒေါ်ထွေးကြည်တို့၏ အစ်မ၊ ဦးမျိုးအောင်-ဒေါ်ပပလင်း၊ ဒေါ်စန်းမာကြည်၊ ဒေါ်ယဉ်ယဉ်ကြည်(ခ)ဒေါ်လှ မြင့်၊ဒေါ်သင်းသင်းကြည်၊ဦးမျိုးကြည်တို့၏မိခင်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၉-၁၀-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၁း၃၆နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၀-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၁၀-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
### ဒါယိကာမကြီး
## ဒေါ်အေးမေ (စစ်တွေ)
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊မဓမ္မစိန္တာလမ်း၊အမှတ် ၅၆၊ လေးလွှာ(ဘီ)နေ (ဦးကျော်မြ-ဒေါ်စောမေ)တို့၏သမီး၊ ဦးဦးကျော်ဇော-(ဒေါ်ခင်အေးလွင်)တို့၏ညီမ၊ (ဦးကျော်လှ)-ဒေါ်မခင်ရွှေ၊ ဦးကျော်သိန်း-(ဒေါ်စောယဉ်နု)၊ (ဦးအေးထွန်း-ဒေါ်မသိန်းနု)တို့၏အစ်မသည် ၈-၁၀-၂၀၁၈ရက် (တနင်္လာနေ့) ည ၇း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၀-၂၀၁၈ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၄၅ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးသန်းဦး(ခ)ဦးအိစံ
### (ကန်ဘက်)
### အသက်(၆၃)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ ကန်ဘက်ကျေးရွာနေ (ဦးအန်းရီ-ဒေါ်ကျင်စိန်)တို့၏သား၊ မြောင်းမြမြို့နယ်၊ လင်းဒိုင်းကျေးရွာနေ (ဦးဘိုကြည်-ဒေါ်ညွန့်သိန်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ည/ရပ်ကွက်၊ ဇရာ ၇လမ်း၊ အမှတ် ၁၁နေ ဒေါ်သန်းအေး၏ခင်ပွန်း၊ မောင်ဇော်ထက်-မနုရွှေစင်၊မောင်ဟိန်းထက်၊ မောင်ကျော်မင်းသူတို့၏ဖခင်၊ မောင်မြတ်ဖုန်းပြည့်၏အဘိုးသည် ၉-၁၀-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၂း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၀-၂၀၁၈ရက်(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၁၅နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၀-၂၀၁၈ ရက်(တနင်္လာနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမြငြိမ်း(ခ)ဦးနို့ဘူး (ရွှေတောင်မော်)
### အသက်(၉၈)နှစ်

(ဦးဘိုးသင်း-ဒေါ်အေးမယ်)တို့၏သား၊(ဒေါ်တင်အောင်)၏ခင်ပွန်း၊ ဦးအေးချို-(ဒေါ်တင်တင်မြ)၊ ဦးတင်ချို-ဒေါ်ငယ်ငယ်၊ ဦးမြင့်ဝေ-ဒေါ်သန်းသန်းအေး၊ ဦးသန်းထွန်း-ဒေါ်တင်တင်စိန်၊ ဦးလှဌေး-(ဒေါ်ခင်မယ်)၊ (ဦးတင်ဝင်း)-ဒေါ်မိုးမိုးခိုင်တို့၏ဖခင်၊ နေပြည်တော်၊ ပျဉ်းမနား၊ ဘောဂဝတီရပ်ကွက်နေ ဦးမြငြိမ်း(ခ)ဦးနို့ဘူးသည် ၈-၁၀-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၀-၂၀၁၈ရက် မွန်းတည့် ၁၂နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀)ဆေးရုံအအေးတိုက်မှ ကျွဲ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ရေကန် ဒါယကာကြီး
## ဦးစိန်ဝင်း (ဘုတလင်)
### အသက်(၈၉)နှစ်

မန္တလေးမြို့၊ အနိုပ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ လမ်း ၆၀×၂၂လမ်းထောင့်၊ အမှတ်(၈၁/စ)နေ ဒေါ်မြင့်မေ၏ခင်ပွန်း၊ ဦးဝမ်ထွန်း-ဒေါ်သန်းအေး၊ ဦးဌေးလွင်-ဒေါ်ဌေးဌေးမြင့် (ဌေးမြင့်မော်ကုမ္ပဏီ)၊ ဦးသန်းလွင်-ဒေါ်မြမြဌေး၊ ဦးနိုင်-ဒေါ်ကြူကြူအုန်း၊ ဒေါ်ခင်ဝင်းမြင့်၊ ဦးညီညီ-(ဒေါ်ခင်သန်းဌေး)၊ (ဦးမျိုးလှိုင်)-ဒေါ်ခင်သန်းမြင့်တို့၏ဖခင်၊ မြေး ၁၆ယောက်၊ မြစ်ကိုးယောက်တို့၏ အဘိုးသည် ၈-၁၀-၂၀၁၈ရက် (တနင်္လာနေ့)ညနေ ၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၃၀နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးခင်မောင်ထွေး(ငြိမ်း)
### (ရေ-၃၁၁၁)
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် ၃၅၂၊ အခန်း ၂၀နေ (ဦးဘရွှေ-ဒေါ်တင်ရွှေ)တို့၏သား၊ ဒေါ်တင်တင်၏ခင်ပွန်း၊ (ဦးညွန့်ရွှေ-ဒေါ်စိန်မြင့်)၊ (ဗိုလ်မှူးသာဒင်ကြီး၊ လေ-ငြိမ်း)-ဒေါ်ယဉ်ယဉ်မေ၊(ဦးရွှေဘောင်-ဒေါ်မြဝင်း)၊(ဦးကြင်စိန်-ဒေါ်အေးကြိုင်)တို့၏ညီ/မောင်၊(ဦးထွန်းအောင်ကျော်)-ဒေါ်ဝင်းတင်၊ ဦးခင်မောင်မြင့်-ဒေါ်ရင်ကြည်၊ (ဦးစံဦး)-ဒေါ်ခင်ထွေးမြတို့၏အစ်ကို၊ ဒေါ်လှလှထွေး၊ ဒေါက်တာဆန်းအောင်-ဒေါ်နီနီထွေး၊ ဦးမောင်မောင်စိုး-ဒေါ်အန်နာ(ခေတ္တ-မလေးရှား)၊ ဦးအောင်ခိုင်မင်း-ဒေါ်သိန်းရင်စိုး(ခေတ္တ-စင်ကာပူ)တို့၏ဖခင်၊ မောင်ထင်ပေါ်ထွန်း၊ မောင်အောင်ခန့်စိုးတို့၏အဘိုးသည် ၉-၁၀-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ကွယ်လွန်သူ၏ဆန္ဒအရ တပ်မတော်ဆေးတက္ကသိုလ်သို့ ခန္ဓာကိုယ်အား လှူဒါန်းပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၀-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမြသွင်
### စက်မှု(၁)ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
### အသက်(၈၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ သုခဝတီလမ်း၊ အမှတ် ၅နေ (သကြားဦးဘစိန်-ဒေါ်ခင်ပြုံး)တို့၏သား၊ သန်လျင်မြို့နေ (ဦးထွန်းအုံ-ဒေါ်ညွန့်ရင်) ၏သားသမက်၊ ဒေါ်လှလှကြည်၏ခင်ပွန်း၊ ဒေါ်ပြုံးပြုံးစိန်-MR SATO ၏အစ်ကို၊ (ဦးမိုးကျော်သွင်)၊ ဒေါ်သင်းသင်းသွင်၊ ဒေါ်မေမေသွင်တို့၏ဖခင်၊ မောင်ကောင်းမြတ်သွင်၊ မမြတ်နိုးသွင်တို့၏အဘိုးသည် ၉-၁၀-၂၀၁၈ရက် နံနက် ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၀-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမြသွင်
### စက်မှု(၁)ဒုတိယညွှန်ကြားရေးမှူး(အငြိမ်းစား)
### အသက်(၈၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ သုခဝတီလမ်း၊ အမှတ် ၅နေ (သကြားဦးဘစိန်-ဒေါ်ခင်ပြုံး)တို့၏သား၊ ဒေါ်လှလှကြည်၏ခင်ပွန်း၊ ဒေါ်ပြုံးပြုံးစိန် - MR Akihiko Sato တို့၏အစ်ကို၊ ဦးနေမျိုးအောင်-ဒေါ်ခင်စိုးစိုးသင်း၊ ဦးနေထူးအောင်-ဒေါ်ကေသွယ်ထွန်း၊ ဦးနေစိုးအောင်၊ ဒေါ်သက်သက်အောင်တို့၏ ဘကြီး၊ မောင်ရှင်းသန့်အောင်၊ မအေဒါအောင်၊ Marley Soe Corpus Elise Chan တို့၏ဘိုးဘိုးကြီးသည် ၉-၁၀-၂၀၁၈ရက် နံနက် ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၀-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ကိုဖြိုးဝေဟိန်း(ခ)ကိုအောင်မြတ်ဝင်း(ခ)ကိုအောင်ကြီး
### အသက်(၃၆)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ညောင်ပင်လေးပလာဇာနေ ဒုတိယဗိုလ်မှူးကြီးဇော်ဝင်း(ငြိမ်း)-(ဒေါ်ခင်သန်းဌေး)တို့၏သား၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၉)ရပ်ကွက်၊ ဂေါ်သဇင် ၂လမ်း၊ ပန်းခြံ ၇နေ (ဦးမြင့်နိုင်)-ဒေါ်ဝင်းဝင်းခိုင်တို့၏သားသမက်၊ ဦးသက်ဇော်ဦး(မြို့နယ်အုပ်ချုပ်ရေးမှူး၊ မုဒုံမြို့နယ်)၏ညီ၊ မောင်သာထက်အောင်(Grade-7, TTC၊ ကမာရွတ်)၊ မသွန်းဖြိုးရတီအောင်တို့၏ဖခင်၊ မအေးအေးခိုင်သိန်း(ခ)မခိုင်၏ခင်ပွန်းသည် ၈-၁၀-၂၀၁၈ရက် (တနင်္လာနေ့) ည ၇း၂၃နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၀-၂၀၁၈ရက် (တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၉နာရီအထိ လမ်းမတော်မြို့နယ်၊ ညောင်ပင်လေးဈေးပလာဇာ၊ အမှတ် ၆(စီ) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မြန်မာနိုင်ငံတော်အစိုးရ၏ အထူးကိုယ်စားလှယ်အဖြစ် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ကျူးဘားသို့တရားဝင်ခရီးသွားရောက်

# မြန်မာ-ကျူးဘား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၉**

(၇၃) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် နယူးယောက်မြို့တွင် ကျင်းပသော (၇၃) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံမူဝါဒရေးရာ ဆွေးနွေးပွဲသို့ တက်ရောက်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ အထူးကိုယ်စားလှယ်အဖြစ် ကျူးဘားနိုင်ငံသို့ တရားဝင်ခရီး သွားရောက်ခဲ့ပြီးနောက် အောက်တိုဘာ ၉ ရက်တွင် စင်ကာပူလေကြောင်းဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

(၇၃) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၁ ရက်အထိ အဆင့်မြင့်ရက်သတ္တပတ်ကာလအတွင်း အထွေထွေမူဝါဒရေးရာ မိန့်ခွန်းပြောကြားသည့်အစီအစဉ်၌ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် စက်တင်ဘာ ၂၈ ရက်တွင် မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့သည်။

အဆင့်မြင့် ရက်သတ္တပတ်ကာလမတိုင်မီ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် စက်တင်ဘာ ၂၆ ရက်တွင် ဝါရှင်တန်မြို့သို့ သွားရောက်ပြီး အမေရိကန်အထက်လွှတ်တော် လူများစုခေါင်းဆောင် ဆီနိတ်တာ Hon. Mitch McConnell အား သွားရောက်တွေ့ဆုံခဲ့သည်။

နယူးယောက်မြို့တွင် ကုလသမဂ္ဂညီလာခံတက်ရောက်နေစဉ်အတွင်း ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Hon. Mike Pompeo၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Taro Kono၊ အမေရိကန် အထက်လွှတ်တော်အမတ် ဆီနိတ်တာ Hon. Jeff Merkley၊ အမေရိကန်သမ္မတအိမ်ဖြူတော် အမျိုးသားလုံခြုံရေးကောင်စီ အာရှရေးရာအကြီးတန်းညွှန်ကြားရေးမှူး Mr. Matthew Pottinger၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီ

စာမျက်နှာ ၅ ကော်လံ ၁ ✻



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ကျူးဘားနိုင်ငံ ဒုတိယသမ္မတ H.E. Ms. Ines Maria Chapman Waugh တို့ တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတကာအလှမယ်ပြိုင်ပွဲကြီး ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၉**

Miss Grand International 2018 ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ် ရန်ကုန်မြို့ The One Entertainment Park ၌ အောက်တိုဘာ ၂၅ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရခြင်းမှာ နိုင်ငံတကာအလှမယ်ပြိုင်ပွဲတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် နိုင်ငံများသည် နိုင်ငံအတွက် အကျိုးရလဒ်ကောင်းများ ဖြစ်ပေါ်စေခြင်း၊ သဘာဝအလှများ၊ ရိုးရာဓလေ့များ၊ ပြုပြင်ပြောင်းလဲရေး ဖော်ဆောင်နေသော အခြေအနေများနှင့် နိုင်ငံတကာသို့ ထိုးဖောက်ပြသလိုသော အကြောင်းအရာများအား ဖော်ဆောင်တင်ပြခွင့်ရရှိခြင်း၊ အလှမယ်ပြိုင်ပွဲများ မြန်မာနိုင်ငံတွင် ရေပန်းစားလာသည်နှင့်အမျှ နိုင်ငံတကာပြိုင်ပွဲများ၏ ကျင်းပပြုလုပ် တင်ဆက်ပုံများအား

စာမျက်နှာ ၁၂ ကော်လံ ၃ ✪

# အင်ဒိုနီးရှား-မြန်မာ ခြေစမ်းပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကျင်းပ



**ရန်ကုန် အောက်တိုဘာ ၉**

၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အကြိုပြင်ဆင်မှုအဖြစ် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည့် အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်း ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းက အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည်။

မြန်မာ့လက်ရွေးစင် အသင်းနည်းပြချုပ် အန်တွမ်နီဟေးက "ဒီပွဲက နှစ်သင်းစလုံးအတွက် အကျိုးရှိမှာပါ။ ကျွန်တော်တို့အနေနဲ့ ဆူဇူကီးဖလားပြိုင်ပွဲမှာ အောင်မြင်မှုရဖို့ ပြင်ဆင်

စာမျက်နှာ ၁၂ ကော်လံ ၄ ❍

မြန်မာနှင့်အင်ဒိုနီးရှား နည်းပြအဖွဲ့တို့ကို တွေ့ရစဉ်။ ဓာတ်ပုံ-MFF

# ဆိုင်ကလုန်းမုန်တိုင်းအရှိန်ကြောင့် နေရာအနှံ့ မိုးထစ်ချုန်းပြီး နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၉**

ယနေ့ညနေ ၉ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "တစ်လီ" သည် သိသိသာသာ ရွေ့လျားခြင်းမရှိဘဲ အိန္ဒိယနိုင်ငံ ဂိုလ်ပါပူမြို့၏ တောင်-အရှေ့တောင်ဘက် မိုင် ၂၈၀ ခန့်၊ ကလင်ဂါပတ္တနမ်မြို့၏ အရှေ့တောင်ဘက် မိုင် ၂၅၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

ဆိုင်ကလုန်းမုန်တိုင်း၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် ည ၉ နာရီခွဲတွင် မြောက်လတ္တီကျု ၁၄ ဒသမ ၉ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၆ ဒသမ ၆ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၅၀ မိုင်နှုန်း ဖြစ်သည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၁၈ နာရီအတွင်း အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "တစ်လီ" အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။

စာမျက်နှာ ၅ ကော်လံ ၁ ◆




မြန်မာ့အလင်း

# ယနေ့ရန်ကုန် Yangon Today

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်

၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့

တင်ဝင်းလေး-(ကြည့်မြင်တိုင်)

**ကြည့်မြင်တိုင်မြို့နယ်အတွင်း ထီးတန်းစလက်မြေရပ်ကွက်တွင် နေထိုင်သူ ဦးအောင်ကျော်ဇေယျ....။ ငယ်စဉ်ကလေးဘဝကတည်းက နေထိုင်လာခဲ့သော သူ့တိုက်လေးကို "အမြန်ရောင်းမည်" ဟု ဆိုင်းဘုတ်လေးချိတ်ဆွဲပြီး... မမိုတ်မသုန် ပြန်လည်ငေးကြည့်နေမိသည်။ မိဘထံမှ အမွေရထားသော တိုက်ဖြစ်၍ ပြန်ရောင်းရမည်ကိုတော့ နှမြောနေမိသည်။**

မရောင်းပြန်လျှင်လည်း တစ်နေ့နေ့ တစ်ချိန်ချိန် ပြီးခဲ့သောနှစ်အတွင်းကအဖြစ်မျိုးနှင့် ပြန်လည်မကြုံတွေ့နိုင်ပါဘူးဟု ရဲရဲဝံ့ဝံ့မည်သူအာမခံမည်နည်း။ ထိုတုန်းက ပေ ၄၀ ကွန်တိန်နာယာဉ်ကြီးတစ်စီး အိမ်ရှေ့ပလက်ဖောင်းကိုကျော်ကာ မိမိအိမ်ရှေ့တံစက်မြိတ်အတွင်းသို့ ကားခေါင်းက ကျွံဝင်လာခဲ့သည်။ ကံကောင်းထောက်မ၍သာ အိမ်ခန်းထဲအထိ ဝင်မလာသဖြင့် မိသားစုများ အသက်အန္တရာယ်နှင့် မကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

သေဆုံးခဲ့ရသည်။

ယခု အောက်တိုဘာ ၃ ရက် ည ၁၁ နာရီခန့်က အလုံမြို့နယ်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ဦး မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ယာဉ်စစ်တာဝန်ထမ်းဆောင်ပြီး အပြန်လမ်း၌ ၎င်းစီးလာသော မော်တော်ဆိုင်ကယ်နှင့် ကွန်တိန်နာယာဉ်ငြိပြီး အသက်ဆုံးရှုံးမှုဖြစ်ခဲ့သည်။

**အဖြစ်ဆိုးများ မမှန်းဆနိုင်**

ဤအဖြစ်အပျက်များက စာရေးသူနေထိုင်ရာ ကြည့်မြင်တိုင်မြို့နယ်နှင့် လက်လှမ်းမီရာ အလုံမြို့နယ်အတွင်းက အဖြစ်အပျက်များသာဖြစ်သည်။ ကွန်တိန်နာယာဉ်များ သွားလာမောင်းနှင်ရာလမ်းကြောင်းမှာ ရှည်လျားလှသည့်အတွက် အလားတူ အဖြစ်ဆိုးမျိုးများ မမှန်းဆနိုင်ပေ။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဆင့်ဆင့်အနေဖြင့်လည်း ယင်းကဲ့သို့ဖြစ်ရပ်ဆိုးများ မဖြစ်စေရေးအတွက် နည်းလမ်းများရှာဖွေကာ အချိန်ပိုင်းအကန့်အသတ်ဖြင့် မောင်းနှင်ခွင့်ပြုခဲ့သည်။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၇ ရက်မှစတင်၍ ခြောက်ဘီးနှင့်အထက်ယာဉ်များကို ည ၉ နာရီမှ နောက်တစ်နေ့ နံနက် ၆ နာရီအထိသာ မောင်းနှင်ခွင့်ကို သတ်မှတ်ခဲ့သည်။

အချိန်ကန့်သတ်လိုက်သည့်အတွက် နောက်တစ်နေ့ နံနက် ၆ နာရီနောက်ပိုင်းမှ အစပြုကာ ကွန်တိန်နာဝင်းအပြင်လမ်းကြောတစ်လျှောက် ကြီးမားသော ယာဉ်ကြောပိတ်ဆို့မှုကြီး ဖြစ်ပေါ်ခဲ့သည်။ ကွန်တိန်နာယာဉ်ကြီးများက ၆ နာရီထိုးသည်နှင့် မိမိရောက်ရှိရာနေရာတွင် စက်သပ်သော့ဖြုတ်ရပ်ထားခဲ့ကြသည်။ သက်ဆိုင်ရာမြို့နယ်အလိုက် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ အတော်ရှင်းယူခဲ့ကြရသည်။

မေးခွန်းထုတ်ခဲ့သည်။

"ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲသွားလာလျက်ရှိသော ကုန်တင်ယာဉ်များ၊ တွဲကားများ၊ ကွန်တိန်နာကားများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတ်မှတ်ချိန်တစ်ခု ထုတ်ပြန်ပြီး ပြေးဆွဲစေခဲ့ခြင်းနှင့်ပတ်သက်၍ မူလထုတ်ပြန်ထားသော ညွှန်ကြားချက်များမှာ အသက်ဝင်လျက်ရှိပါသေးသလား၊ အသက်ဝင်လျက်ရှိသည်ဆိုပါက မည်သည့်အတွက်ကြောင့် အရေးယူဆောင်ရွက်ခြင်း မရှိရပါသနည်း။ အသက်ဝင်ခြင်း မရှိ



# ကွန်တိန်နာယာဉ်များနှင့် ပြည်သူတို့၏ အသံ

ဓာတ်ပုံ-ဘော်ဂါသွေး

**ကွန်တိန်နာယာဉ်ကြောင့် စိုးထိတ်နေ**

မိမိမှမဟုတ် ကွန်တိန်နာယာဉ်ကြီးများ သွားရာလမ်းတစ်လျှောက်ရှိ အိမ်များအားလုံး စိုးတထိတ်ထိတ်ရှိနေကြသည်။ ပြီးခဲ့သော တစ်နှစ်ကျော်ခန့်က သရက်တောရပ်ကွက် ကမ်းနားလမ်းရှိ တိုက်တစ်တိုက်အတွင်းပိုင်းအထိ ကွန်တိန်နာယာဉ်ကြီးတစ်စီး ဝင်ရောက်သွားခဲ့ဖူးသည်။ ယာဉ်ထိန်းရဲများ မလာမီ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်နှစ်ဦးကို ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ခေါ်ယူထိန်းသိမ်းထားခဲ့သည်။ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်နှစ်ဦးစလုံး ကြည့်လိုက်သည့်အခါ အလွန်ငယ်ရွယ်သောသူလေးများဖြစ်ကြသည်။ မှတ်တမ်းယူသည့်အခါ အသက် ၁၉ နှစ်စီသာ ရှိကြသေးသည်။ ၎င်းတို့အသက်အရွယ်နှင့် ဤကဲ့သို့သော ယာဉ်ကြီးများ မောင်းနှင်ရန် လိုင်စင်ရှိပါ့မလားဟု စိတ်ထဲက မေးမိသည်။ မိတ်ဆွေယာဉ်ထိန်း ဒုတိယရဲအုပ် ချမ်းမြေ့အောင်က "အသက် ၁၈ နှစ်ပြည့်မှ ယာဉ်မောင်းလိုင်စင်စရတာ၊ ဒီလိုကားကြီးမျိုးက (င)လိုင်စင်ရမှ မောင်းခွင့်ရှိတာ၊ (င)လိုင်စင်ရဖို့ကလည်း ငါးနှစ်သက်တမ်းရှိမှ ရတာ"ဟု ဆိုထားဖူးသည်ကို အမှတ်ရမိလိုက်သည်။

၎င်းယာဉ်တိုက်မှုဖြစ်ပြီး ရက်ပိုင်းအတွင်းမှာပင် ဈေးကြီးအနောက်ရပ်ကွက် ကမ်းနားလမ်းပန်းခြံရှေ့၌ အမျိုးသမီးတစ်ဦးကို ကွန်တိန်နာယာဉ်မှပင် တိုက်မှုဖြစ်ရာ ထိုအမျိုးသမီးမှာ ကွန်တိန်နာယာဉ်ဘီးအကြား ညှပ်နေခဲ့သည်။

တစ်ဖန် ပြီးခဲ့သော ဩဂုတ်လအတွင်းက စံပြငါးဈေးအနီးတွင် ကွန်တိန်နာယာဉ်နှင့် အခြားယာဉ်တစ်စီးတိုက်မိရာမှ ငါးဝယ်ရန် စောင့်ဆိုင်းနေသော အမျိုးသမီးကြီးတစ်ဦး ပွဲချင်းပြီး

**ကွန်တိန်နာယာဉ်မောင်းနှင်မှု လွှတ်တော်တွင်မေးမြန်း**

အောက်တိုဘာ ၄ ရက်က ပြုလုပ်သော ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့တွင် ယင်းကွန်တိန်နာယာဉ်များ မောင်းနှင်နေမှုနှင့် ပတ်သက်၍ အင်းစိန်မြို့နယ် မဲဆန္ဒနယ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်က

တော့ပါက မည်သည့်အတွက်ကြောင့် အသက်မဝင်တော့သည်ကို အများပြည်သူသိရှိစေရန် ဖြေကြားပေးစေလိုကြောင်း၊ အဆိုပါယာဉ်များ မောင်းနှင်ပြေးဆွဲခြင်းကို အများပြည်သူလူထု အနှောင့်အယှက်မဖြစ်စေနိုင်မည့် သင့်တော်သော အချိန်ကာလတစ်ခု အမြန်ဆုံးသတ်မှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ သိလိုပါကြောင်း" အမေးပင်ဖြစ်သည်။

**ကုန်စည်စီးဆင်းမှုမြန်ဆန်ရေး**

ထိုမေးခွန်းနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က "ရန်ကုန်မြို့အတွင်း ယာဉ်ကြောပိတ်ဆို့မှုနှင့် အများပြည်သူသွားလာမှု အဆင်ပြေစေရန် ကုန်တင်ယာဉ်နှင့် ကုန်သေတ္တာတင်ယာဉ်များကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၇ ရက်မှစ၍ ဝင်ရိုးနှစ်ချောင်းပါ ခြောက်ဘီးအထက်ယာဉ်များကို ည ၉ နာရီမှ နောက်တစ်နေ့ နံနက် ၆ နာရီအထိသာ မောင်းနှင်ခွင့်ပြုရန် ဆုံးဖြတ်ခဲ့ကြောင်း၊ ကုန်စည်စီးဆင်းမှု ပိုမိုလျင်မြန်စွာသွားလာနိုင်ရေးအတွက် လမ်းကြောင်းများကို ရွေးချယ်သတ်မှတ်ခဲ့ကြောင်း၊ ယာဉ်ကြောပိတ်ဆို့မှုနည်းပါးသည့် မဟာဗန္ဓုလတံတား၊ ရှုခင်းသာလမ်း၊ ရတနာလမ်း၊ မောင်းမကန်လမ်း၊ ပဲခူးမြစ်ကမ်း၊ အမှတ်(၂) သန်လျင်တံတား၊ ရွှေပြည်သာလမ်းနှင့် ရွှေပြည်သာ၊ လှိုင်သာယာမှလာသော ကုန်သေတ္တာယာဉ်ကြီးများအတွက် သုဓမ္မလမ်း၊ ဗိုလ်မှူး ဗထူးလမ်း၊ ပြည်ထောင်စုလမ်း၊ အမှတ်(၂)လမ်း၊ မောင်းမကန်လမ်းတို့ကို မွန်းလွဲ ၁ နာရီမှ ၃ နာရီအတွင်း မောင်းနှင်ရန်၊ ၁၅-၃-၂၀၁၇ ရက်စွဲပါ စာအမှတ်ဖြင့်

အချပ်ပို(ဃ)သို့

## ပွင့်လင်းရာသီ ရန်ကုန်သားတို့ ခရီးသွားမည်



အချပ်ပို - ခ

## ပြည်သူတို့ အပန်းဖြေလေ့လာရာ ရန်ကုန်မြို့ပြမှ တိုင်းရင်းသားကျေးရွာ



အချပ်ပို - ဂ

## ပြည်တွင်း တပ်ဆင်ထုတ် ကားများဘက် ခြေဦးလှည့်လာသည့် ရန်ကုန်ကားဈေးကွက်

အချပ်ပို - ဃ

# ပွင့်လင်းရာသီ ရန်ကုန်သားတို့ ခရီးသွားမည်



ယမန်နှစ် သီတင်းကျွတ် ရုံးပိတ်ရက်ရှည် ကာလ ကျိုက်ထီးရိုးစေတီ၌ ဘုရားဖူးများ စည်ကားနေသည်ကို တွေ့ရစဉ်။

**ထင်ပေါ်ဝင်း**

**ဝါလကင်းလွတ် သီတင်းကျွတ်ကာလကို ချင်းနင်း ဝင်ရောက်လာပြီဖြစ်သည့်အလျောက် ရန်ကုန်သူ ရန်ကုန်သားတို့အကြား လှုပ်လှုပ်ရှားရှား ခရီးသွားကဏ္ဍက စတင်လာပြီဖြစ်သည်။ မိုးရာသီကာလတစ်လျှောက် အိမ်နှင့် အလုပ်၊ အလုပ်နှင့် ကျောင်း၊ ကျောင်းနှင့် အိမ်အကြားသာ ကူးလူးနေခဲ့ကြသော ရန်ကုန်သားတို့မှာ မြန်မာပြည်အနှံ့ခရီးသွားရန် အကောင်းဆုံးအချိန်ဖြစ်သည့် အေးအေးချမ်းချမ်း ဆောင်းရာသီကို စောင့်မျှော်နေခဲ့ကြသည်မှာ အချိန်ကာလတစ်ခုကို ကျော်လွန်ခဲ့ပြီ ဖြစ်သည်။**

တစ်မိုးတွင်းလုံး အောင့်အည်းခဲ့ရသော သွားချင်လာချင်စိတ်ကို ဖွင့်ထုတ်ကာ မြန်မာပြည်အနှံ့ခရီးပတ်ရန် ရန်ကုန်သားတို့က စိတ်အားထက်သန်နေကြသည်။ နိုင်ငံခြားငွေ(ဒေါ်လာ) လဲလှယ်မှု ဈေးနှုန်းကြီးမြင့်မှုနှင့်အတူ ရွှေဈေးတက်မှု၊ ကုန်ဈေးနှုန်းကြီးမြင့်တို့ကြောင့် ရန်ကုန်ခရီးသွားကဏ္ဍကို အနည်းငယ် ထိခိုက်နိုင်သော်လည်း ရန်ကုန်သူ ရန်ကုန်သားတို့က ခရီးသွားခြင်းကို ရှောင်လွှဲမည် မဟုတ်ပေ။ လူမှုကွန်ရက်စာမျက်နှာပေါ်ရှိ ခရီးသွားလုပ်ငန်းများ၏ ခရီးစဉ်များတွင် ရန်ကုန်သားတို့၏ မေးမြန်းမှုစကားသံများက ဆူညံလို့နေသည်။

**ခရီးသွားအစီအစဉ်များ ရေးဆွဲ**

အစိုးရရုံးသူ ရုံးသားများအကြား၌ လည်းကောင်း၊ ကုမ္ပဏီဝန်ထမ်းများ၌လည်းကောင်း အစုလိုက်အဖွဲ့လိုက် ခရီးသွားကြရန် ပြင်ဆင်နေမှုများရှိသကဲ့သို့ မိသားစုများ၊ ဆွေမျိုးမိတ်သင်္ဂဟများအကြားတွင်လည်း ခရီးထွက်ရန် ကြိုတင်ညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိကြသည်။ အဖော်မရှိ တစ်ကိုယ်တည်းသမားကြီးများကလည်း စုမိဆောင်းမိထားသမျှနှင့် အပျော်ခရီးထွက်ရန် ပြင်ဆင်နေသောကာလလည်း ဖြစ်သည်။ မိုးရာသီကာလ၌ ရန်ကုန်ခရီးသွားကဏ္ဍ ပျောက်ဆုံးခဲ့မှုကြောင့် ခရီးသွားလုပ်ငန်းရှင်တို့က ပွင့်လင်းလာမည့် ဆောင်းရာသီခရီးသွားအစီအစဉ်ကို အားထားနေကြသည်။ ခရီးသွားကားကြီးများ၏ ကြံ့ခိုင်မှုကို ကြိုတင်စစ်ဆေးနေကြပြီ။ လက်မှတ်အရောင်းကောင်တာများကို သူ့ထက်ငါ ဖွင့်လှစ်နေကြပြီး ဝန်ဆောင်မှုကို အကောင်းဆုံးဖြစ်စေရန် ပြင်ဆင်လျက်ရှိကြသည်။ မြန်မာပြည်အနှံ့ခရီးစဉ် ပို့ဆောင်မှုကို စိတ်ကြိုက်အကောင်းဆုံးဖြစ်ရန် တစ်မိုးတွင်းလုံး ရေးဆွဲထားပြီးဖြစ်သည်။ သွားရောက်မည့်ဒေသရှိ ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်းများနှင့် စားသောက်ဆိုင်ကြီးများကို ကြိုတင်ချိတ်ဆက်မှုများ ပြုလုပ်ထားကြပြီးဖြစ်သည်။

ခရီးသွားကားကြီးများ စိတ်ချလုံခြုံစွာ မောင်းနှင်နိုင်ရန် ယာဉ်သွားလမ်းကောင်းမကောင်းကိုလည်း ကြိုတင်ဆန်းစစ်မှုများ ပြုလုပ်လျက်ရှိသည်။ စက်သုံးဆီ ဈေးနှုန်းမြင့်တက်မှုနှင့် ကုန်ဈေးနှုန်းကြီးမြင့်မှုကြောင့် ဝန်ဆောင်မှုကဏ္ဍ ထိခိုက်မည်ကို ခရီးသွားတို့က စိတ်ပူနေကြသည်။ ခရီးစဉ်လက်မှတ်ဈေးနှုန်းများကို ဖုန်းခေါ်ဆိုမှုများ၊ လူမှုကွန်ရက်စာမျက်နှာများတွင် ကြည့်ရှုခြင်းဖြင့် မိမိသွားလိုသည့် ခရီးစဉ်နှင့် ဈေးနှုန်းကို ချိန်ဆနေကြသည်။ ခရီးသွားကြမည့် မိသားစုအနည်းအများပေါ်မူတည်၍ ကုန်ကျစရိတ်ကို ခန့်မှန်းနေကြသည်။ အချို့က လမ်းအလိုက်၊ အချို့က ဈေးအလိုက် လူအနည်းအများစုကာ သီးသန့်ကားငှား၍ ဘုရားဖူးထွက်သူများလည်းရှိရာ မကြာမီကာလအတွင်း ရပ်ကွက်အတွင်းရှိ သစ်ပင်များ၊ ဓမ္မာရုံများတွင် ဘုရားဖူးခရီးစဉ်များကို မြင်တွေ့ကြရတော့မည်ဖြစ်သည်။ အသင်းအဖွဲ့အလိုက်သွားရောက်မည့် ခရီးစဉ်များတွင် သွားရောက်မည့်ဒေသ၊ လိုက်ပါမည်လူဦးရေ၊ ကုန်ကျမည့်ငွေကြေးကို ခန့်မှန်းတွက်ချက်နေမှုများလည်းရှိသည်။

**အိမ်နီးချင်းနိုင်ငံများအထိ လှည့်ပတ်ရန်စီစဉ်**

မိုးရာသီကာလတစ်လျှောက်လုံး အလုပ်ထဲတွင် စိတ်နှစ်မြှုပ်ထားသူတို့က စိတ်ထွက်ပေါက်အဖြစ် ပေါ့ပေါ့ပါးပါး ခရီးသွားရန် တာစူနေကြသည်။ ရန်ကုန်ခရီးသွားလုပ်ငန်းများက အောက်တိုဘာလမှ စတင်ကာ ပွင့်လင်းရာသီခရီးစဉ်များကို ဖွင့်လှစ်ထားကြသည်။ အထက်မြန်မာပြည်၊ အောက်မြန်မာပြည်ခရီးစဉ်များအပြင် ငွေကြေးအနည်းငယ် ပိုပိုလျှံလျှံသုံးစွဲနိုင်သူများအတွက် ထိုင်း၊ လာအိုနှင့် ကမ္ဘောဒီးယားစသော အိမ်နီးချင်းနိုင်ငံအထိပါ သွားရောက်လှည့်ပတ်နိုင်ရန် စီစဉ်ထားကြသည်။ အထက်မြန်မာပြည်ခရီးစဉ်များအဖြစ် မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပုဂံ၊ ညောင်ဦး၊ ပုပ္ပားခရီးစဉ်များကို ရေးဆွဲထားကြသကဲ့သို့ အောက်မြန်မာပြည်ခရီးစဉ်များအဖြစ် ဘားအံ၊ မော်လမြိုင်၊ ရေး၊ မြိတ်၊ ထားဝယ်ခရီးစဉ်များကို ခရီးစဉ်ကျနစွာ ရေးဆွဲထားကြသည်။ ထို့ပြင် ငွေဆောင်၊ ချောင်းသာကဲ့သို့ ကမ်းခြေဒေသများကိုလည်း ပင်လယ်လေ ရှူရှိုက်ရင်း အပန်းဖြေလိုသူတို့အတွက် သီးသီးသန့်သန့် ရေးဆွဲထားသည်။

အထက်မြန်မာပြည် ခရီးစဉ်များအဖြစ် မန္တလေး၊ ပြင်ဦးလွင်ခရီးစဉ်များ၊ မန္တလေး၊ စစ်ကိုင်း၊ မင်းကွန်း၊ အင်းဝခရီးစဉ်များ၊ ပုဂံ၊ ညောင်ဦး၊ ပုပ္ပားခရီးစဉ်များအပြင် မြဝတီ၊ မဲဆောက်၊ ဘားအံခရီးစဉ်များကိုခရီးသွားလုပ်ငန်းများက လက်မှတ်များ စတင်ရောင်းချနေပြီဖြစ်သည်။ ကျိုက်ထီးရိုးဘုရားပွဲ၊ သီတင်းကျွတ်ဖောင်တော်ဦးပွဲ၊ တောင်ကြီး တန်ဆောင်တိုင်ပွဲတော်တို့မှာ ရာသီအလိုက် ကျင်းပသော ပွဲတော်များဖြစ်ပြီး မြန်မာပြည်၏ ထင်ရှားသော ပွဲတော်များထဲတွင် ပါဝင်သည်။ ထို့ပြင် သဘာဝအလှကို ခံစားနိုင်မည့် ရေတံခွန်များ၊ ရေပြာအိုင်နှင့် ထူးထူးခြားခြား လိုဏ်ဂူကြီးများကိုလည်း သွားရောက် လှည့်ပတ်နိုင်ရန် ခရီးစဉ်အတွင်း ထည့်သွင်းထားကြသည်။

အိမ်နီးချင်းနိုင်ငံခရီးစဉ်များတွင် ချင်းမိုင်၊ ရွှေတြိဂံ၊ လာအိုခရီးစဉ်တို့၌ မော်တော်ယာဉ်ဖြင့်သာမက တိုက်ရိုက်လေယာဉ်ခရီးစဉ်များပါ စီစဉ်ထားသည်ကို တွေ့ရသည်။ အိမ်နီးချင်းနိုင်ငံများ၏ ဘုရားစေတီများ၊ ပွဲတော်များ၊ ပန်းခြံများနှင့် ရေပူစမ်းများ၊ သာယာလှပသော ရှုခင်းများကိုပါ ခရီးသွားများအတွက် ဆွဲဆောင်မှုဖြစ်စေမည့်ခရီးစဉ်များအဖြစ် ထည့်သွင်းရေးဆွဲထားကြသည်။ ခရီးစဉ်များတွင် အဆင့်အတန်းမီ ဟိုတယ်များ၊ နံနက်စာ၊ နေ့လယ်စာ၊ ညစာအပြင် ခရီးသွားဝင်ကြေးများ ကိုပါ လိုက်ပါမည့်သူများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် တစ်ဆက်တစ်စပ်တည်း ခရီးသွားလုပ်ငန်းတို့က စီစဉ်ထားကြသည်။

**စိတ်အပန်းဖြေခရီးထွက်**

အချုပ်အားဖြင့်ဆိုသော် ငါးလကျော်ကာလမျှ ရေစိုမိုးစိုဒဏ်ကို အန်တုရင်းမိမိ၏လုပ်ငန်းကဏ္ဍအတွင်း စိတ်နှစ်မြှုပ်ကာ အားသွန်ခွန်စိုက်ကြိုးပမ်းခဲ့ကြသော ရန်ကုန်သူ ရန်ကုန်သားတို့အတွက် တစ်ခဏတာ စိတ်အပန်းဖြေကာ အနားယူရန် လိုအပ်နေသည်မှာ အမှန်ပင်ဖြစ်သည်။ ထို့ကြောင့်ပင် ရန်ကုန်သူ ရန်ကုန်သားတို့အားသစ်အင်သစ်မွေးနိုင်ရန်အစိုးရ ရုံးပိတ်ရက်ရှည်ကာလတွင် ပျော်ပျော်ပါးပါး ခရီးထွက်မည်ဖြစ်ရာ စီးပွားရေးလုပ်ငန်းရှင်ကြီးများသည် ဆီဈေးနှုန်း၊ ကုန်ဈေးနှုန်း ချပေးခြင်းတို့ဖြင့် ရန်ကုန်သားတို့၏ ခရီးသွားမျှော်လင့်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်တင်းပေးနိုင်ကြပါစေကြောင်း။ ။



ရန်ကုန်ဘူတာကြီးနှင့် မြို့ပြတိုက်တာအဆောက်အအုံများကို တွေ့ရစဉ်။

# ပြည်သူတို့ အပန်းဖြေလေ့လာရာ ရန်ကုန်မြို့ပြမှ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ

● သော်တာနမ့်စန်



ဓာတ်ပုံ-သစ္စာ

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအဝင်မုခ်ဦး

ပဲခူးမြစ်ပြင်သည် ရေတက်ချိန်ဖြစ်၍ ကမ်းလုံးပြည့် ရေပြည့်လျက်ရှိသည်။ မိုးရိပ်တို့ရှိနေ၍ မြစ်ပြင်ပေါ်သို့ တိမ်ညိုအချို့ ရစ်သိုင်းလျက်ရှိသည်။ ပဲခူးမြစ်နံဘေး သန်လျင်တံတား အတက်၊ အဆင်းလမ်းနှင့်ကပ်လျက်တွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရှိပြီး သန်လျင်တံတားပေါ်မှ အုပ်ဆိုင်းနေသောသစ်ပင်များနှင့် စိမ်းစိုလျက်ရှိသည့် ဒီရေရောက်တောတန်းမှာ မြစ်ပြင်အလှနှင့် တိုင်းရင်းသားကျေးရွာကို လိုက်ဖက်ညီ ပနံရလျက်ရှိသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၁၇ ပေမြင့်သော မြေပြင်တွင် တိုင်းရင်းသားကျေးရွာကို တည်ဆောက်ထားခြင်းဖြစ်ရာ ကမ်းရိုးတန်းရာသီဥတုရှိသောနေရာဖြစ်၍ ထိုနေရာ၏ ရာသီဥတုမှာ ပူနွေးစိုစွတ်လေ့ရှိသည်။ တစ်နှစ်ပတ်လုံးပျမ်းမျှ မိုးရေချိန်မှာ ၁၁၆ ဒသမ ၁ လက်မခန့်နှင့် ပျမ်းမျှအပူချိန်မှာ ၂၇ ဒသမ ၄ ဒီဂရီစင်တီဂရိတ်ရရှိသော နေရာလည်းဖြစ်သည်။ ပဲခူးမြစ်ပြင်မှ သန့်ရှင်းလတ်ဆတ်သောလေကို တိုက်ရိုက်ရှူရှိုက်ခွင့်ရသည့်အတွက် တိုင်းရင်းသားကျေးရွာသို့ လာရောက်အပန်းဖြေသူတိုင်း စိတ်ရွှင်လန်းလျက် ကိုယ်စိတ်ပေါ့ပါးမှုကို ရရှိစေလျက်ရှိသည်။

အနောက်တောင်အရပ်မှ အရှေ့မြောက်အရပ်သို့ အလျားလိုက်တည်ဆောက်ထားသော တိုင်းရင်းသားကျေးရွာ၏ အကျယ်မှာ ၁၁၇ ဧကရှိပြီး ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၁၀) မြောက်ရပ်ကွက်၊ ရန်ကုန်-သန်လျင်တံတားအနီးတွင်တည်ရှိ၍ အရှေ့ဘက်တွင် ရတနာလမ်း၊ အနောက်ဘက်တွင် ရန်ကုန်-သန်လျင်ရထားလမ်း၊ တောင်ဘက်တွင် ပဲခူးမြစ်နှင့် မြောက်ဘက်တွင် လယ်ယာရွာတို့က ဝန်းရံထားသည်။ ထိုတိုင်းရင်းသားကျေးရွာကို ၂၀၀၂ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သည်။ နေပြည်တော်နှင့် ပြင်ဦးလွင်တွင် တိုင်းရင်းသားကျေးရွာရှိသော်လည်း စီးပွားရေးအရ အချက်အချာကျရာ မြို့ပြကြီးဖြစ်သည့် အပြင် ပဲခူးမြစ်ကြီးနှင့်ကပ်လျက်တွင် တည်ဆောက်ထားသောကြောင့် ပတ်ဝန်းကျင်သဘာဝအလှအပတို့ဖြင့် လာရောက်လည်ပတ်သူအပေါင်းကို နောက်တစ်ကြိမ် လာရောက်ရန် အစဉ်ဆွဲဆောင်လျက်ရှိသည်။ အထူးသဖြင့် သန်လျင်တံတားကြီး၏အလှကို တိုက်ရိုက်မြင်တွေ့ရသော နေရာလည်းဖြစ်သည်။


ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ လာရောက်လေ့လာကြသော နိုင်ငံခြားသားခရီးသွားများကို တွေ့ရစဉ်။

၎င်းတိုင်းရင်းသားကျေးရွာတွင် တိုင်းရင်းသားရှစ်မျိုး၏ ရိုးရာယဉ်ကျေးမှုကို ပြသထားပြီး ဆလုံလူမျိုးတို့၏ ပြခန်းကိုလည်း ဖွင့်လှစ်ပြသထားရာ ဆလုံလူမျိုးတို့၏ ဘဝနေထိုင်မှုကို နိုင်ငံခြားသားများ အထူးစိတ်ဝင်တစား လေ့လာလေ့ရှိသော နေရာလည်းဖြစ်သည်။

ရုံးပိတ်ရက်မဟုတ်သော်လည်း တိုင်းရင်းသားကျေးရွာသို့ ဧည့်သည်များ ဝင်ရောက်လျက်ရှိသည်။ ရုံးပိတ်ရက်တွင် တိုင်းရင်းသားတို့၏ ရိုးရာတူညီဝတ်စုံဖြင့် သီချင်းများသီဆိုကာ လာရောက်အပန်းဖြေကြသည့် ဧည့်သည်များကို ဖျော်ဖြေလေ့ရှိသော ပြည်ထောင်စုခန်းမကြီးမှာ လှပခံ့ညားလျက်ရှိသည်။ ပင်မမုခ်ဦးမှ ဖြောင့်ဖြူးသန့်ရှင်းသောလမ်းအတိုင်း လျှောက်လှမ်းလာပါက လမ်းလယ်မြက်ခင်းဝိုင်းနှစ်ခုကို ဖြတ်သန်းကာ ညာဘက်တွင် ပင်လုံစားသောက်ဆိုင်တန်းကို တွေ့မြင်ရမည်ဖြစ်သည်။ တိုင်းရင်းသားကျေးရွာ၏ အဝင်မုခ်ဦးတွင် မြန်မာမှုလက်ရာမျိုးစုံဆိုင်ခန်းနှင့် လှပသန့်ရှင်းစွာ ဖွင့်လှစ်ထားသည့် ရိုးရာအစားအစာဆိုင်တွင် ဧည့်သည်များဖြင့် စည်ကားလျက်ရှိသည်။ ဖြောင့်ဖြူးနေသောလမ်းအတိုင်း ဆက်လက်လျှောက်လှမ်းပါက ဝဲဘက်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးနှင့် ယာဘက်၌ ကပွဲခန်းမကြီးကို တွေ့မြင်ရမည်ဖြစ်သည်။ထိုလမ်းမကြီးတည့်တည့်၌ မန္တလေးနန်းတွင်းသို့ ရောက်ရှိနေသည့်ပမာ နန်းမြင့်မျှော်စင်ကို လှပခံ့ညားစွာ တည်ဆောက်ထားပြီး လူငယ်များ ပျော်ရွှင်စွာ ဖုန်းကင်မရာများကိုယ်စီဖြင့် မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးလျက် တစ်ဦးနှင့်တစ်ဦး ကျီစယ်သံတို့ လွှင့်ပျံ့လျက်ရှိသည်။ ထိုနန်းမြို့မျှော်စင်မှ ပဲခူးမြစ်ကြီး၏ သဘာဝအလှနှင့် တိုင်းရင်းသားကျေးရွာကို ရှင်းလင်းစွာတွေ့မြင်ရလျက်ရှိရာ ကလေးအများစုမှာ နန်းမြင့်မျှော်စင်ပေါ်သို့ အပြေးအလွှားတက်ရောက်ကြလျက်ရှိသည်။

ထိုနန်းမြင့်မျှော်စင်ကြီး၏ အရှေ့ဘက်လက်ဝဲဘက်လမ်းတွင် ရခိုင်ရွာရှိပြီး မျက်နှာချင်းဆိုင်၌ ဗမာရွာရှိသည်။ လူမျိုးအလိုက် မိမိတို့၏ ရိုးရာယဉ်ကျေးမှုအတိုင်း အိမ်ကိုဆောက်လုပ်ထားခြင်းဖြစ်ရာ စက်ဘီးကိုယ်စီဖြင့်ရောက်ရှိလာသော နိုင်ငံခြားသားတစ်စုမှာ ဗမာအိမ်ပေါ်သို့ တက်ရောက်လေ့လာလျက် စကားပြန်က ရှင်းလင်းပြောကြားလျက်ရှိသည်။ အမျိုးသား၊ အမျိုးသမီးများမှာ ပုဂံခေတ်အဝတ်အစားကိုယ်စီ ဝတ်ဆင်လျက် မှတ်တမ်းဓာတ်ပုံများရိုက်သူ၊ အမှတ်တရပစ္စည်း ရောင်းချသောဆိုင်တွင် ပစ္စည်းများရွေးချယ်သူတို့ဖြင့် စည်ကားလျက်ရှိသကဲ့သို့ ရခိုင်ရွာတွင်လည်း လာရောက်ကြည့်ရှုသူ၊ အမှတ်တရပစ္စည်းဝယ်သူတို့ဖြင့် စည်ကားလျက်ရှိသည်။ ဗမာရွာအနီးတွင် စေတီတစ်ဆူနှင့် ဓမ္မာရုံတစ်ဆောင်ထားရှိရာ လာရောက်အပန်းဖြေသူတို့မှာ ဓမ္မာရုံအတွင်း ခေတ္တအပန်းဖြေအနားယူသူ၊ ထမင်းဝိုင်းဖွဲ့စားသောက်သူတို့ဖြင့် စိတ်အေးချမ်းသာစွာ အနားယူကြလျက်ရှိသည်။ ရခိုင်ပြည်နယ်၏ ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သော မြောက်ဦးစေတီတော်ကို တည်ထားပြသထားသည်မှာ မြောက်ဦးသို့ ရောက်ရှိနေသည့်ပမာ ထင်မှတ်စေလျက်ရှိသည်။ ထူးခြားသည်မှာ တိုင်းရင်းသားကျေးရွာသည် အမှိုက်ကင်းစင်သော နေရာတစ်ခုအဖြစ် အံ့သြဂုဏ်ယူဖွယ်

**အချပ်ပို(ယ)သို့**

**သမိုင်းအစဉ်အဆက် မှီတင်းနေထိုင်သော တိုင်းရင်းသားလူမျိုးတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတို့ကို တစ်နေရာတည်းတွင် တွေ့မြင်ရမည့်အပြင် ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရှင်သန်နိုးကြားစေသော ၎င်းတိုင်းရင်းသားကျေးရွာတွင် ရန်ကုန်မြို့ပြနေပြည်သူများနှင့် အနီးဝန်းကျင်ဒေသမှ ပြည်သူများ လာရောက်အပန်းဖြေ အနားယူခြင်းဖြင့် စိတ်လက်အပန်းဖြေ ပျော်ရွှင်စေမည်ဖြစ်**


မန္တလေးနန်းမြင့်မျှော်စင်

# ပြည်တွင်းတပ်ဆင်ထုတ် ကားများဘက် ခြေဦးလှည့်လာသည့် ရန်ကုန်ကားဈေးကွက်

တစ်ပတ်အတွင်း ရန်ကုန် ကားဈေးကွက်

မင်းသော်

**ဒေါ်လာဈေးနှုန်းများမြင့်မားခြင်း၊ စက်သုံးဆီဈေးနှုန်းများ မြင့်မားခြင်းနှင့် ရန်ကုန်လိုင်စင်ရရှိရန် ခက်ခဲနေခြင်းတို့ကြောင့် ကားဝယ်ယူသူများသည် ဂျပန်တစ်ပတ်ရစ်ကားများ၊ ပြည်ပမှ လှမ်းမှာယူရသည့် ကားများထက် ပြည်တွင်းတွင်တပ်ဆင် ထုတ်လုပ်သည့် မော်တော်ကားများဘက်သို့ ဝယ်ယူနိုင်ရန် စဉ်းစားလာကြသည်ကို တွေ့ရပြီး လက်ရှိတွင်လည်း ပြည်တွင်း တပ်ဆင်ထုတ်လုပ်သည့် ကားများသာ စိတ်ဝင်စားမှုမြင့်မားနေကြောင်း ဈေးကွက်အတွင်းက သိရှိရသည်။**

လက်ရှိတွင် ပြည်တွင်းထုတ်လုပ် တပ်ဆင်ခွင့်ရရှိသည့် လုပ်ငန်းများကလည်း ဈေးကွက်ချဲ့ထွင်ရန် ပြင်ဆင်နေကြသည်ကို မြင်တွေ့ရသည်။ အချို့သော နာမည်ကြီးအမှတ်တံဆိပ်များသည် မကြာမီ ပြည်တွင်းတွင် ရောင်းချပေးနိုင်မည့် ကားများကို ကြော်ငြာပေးကြသဖြင့် ဈေးကွက်လိုအပ်ချက်ကို တစ်နည်းတစ်ဖုံ ပြောင်းလဲသွားစေမည်ဟု ကားလောကသားများက ခန့်မှန်း ထားကြသည်။

ရန်ကုန်လိုင်စင်ရရှိနိုင်မှု ခက်ခဲခြင်းသည် အဓိကပြဿနာ တစ်ရပ်လည်းဖြစ်ပြီး ယခုအချိန်တွင် တစ်ပတ်ရစ် ဂျပန် ညာမောင်းများနှင့် ပြည်ပမှ မှာယူတင်သွင်းသည့် ကားများထက် ပြည်တွင်းစက်ရုံထုတ်ကားများက ဝင်ငွေခွန် ပိုမို၍ သက်သာစေနိုင်ခြင်းသည်လည်း ဝယ်ယူသူများအတွက် ဈေးကွက်ရွေးချယ်စရာ တိုးပွားလာခြင်းဖြစ်သည်။ ပြည်တွင်း တပ်ဆင်ထုတ်လုပ်မှု ပိုမိုကာ မြင့်မားလာပါက ဈေးကွက်ပြိုင်ဆိုင်မှု အားကောင်းလာနိုင်ပြီး တစ်ပတ်ရစ်ဂျပန်ကားဈေးကွက် ကျဆင်းသွားနိုင်သည်ဟု ကားဝယ်ရောင်းများကလည်း တွက်ချက်ပြသည်။

"ဘယ်သူမဆို အသစ်ကိုပဲ ရွေးချယ်ချင်ကြမှာပါ။ အဟောင်းကို လက်ဝယ်ကိုင်ဆောင်ထားတဲ့ ကားပိုင်ရှင်တွေ ကျတော့လည်း ကိုယ်ဝယ်တုန်းကဈေး



ထက် မြတ်မှပဲ ရောင်းချင်ကြတယ်။ ဒါပေမယ့် လက်ရှိမှာ ပြည်တွင်းတပ်ဆင်ထုတ်လုပ်မှုက အရင်ကထက် အများကြီး တိုးတက်လာခဲ့တာတော့ ငြင်းလို့မရပါဘူး။ ဒါကြောင့် ဝယ်မယ့် သူတွေ စိတ်ဝင်စားလာကြတာပါ။ ဒါကြောင့် ကားဈေးကွက် အခြေအနေကတော့ နောက်ပိုင်းမှာ ရွေးချယ်စရာပိုလာပြီး ဈေးကကျဆင်းမယ်လို့ထင်ပါတယ်။ အခုအချိန်မှာလည်း စပြီးတော့ အကြိုက်တွေပြောင်းလာတာတွေ့ရ တယ်။ ပွဲစားတန်း ထက် ပြခန်းတွေကို ခြေဦးလှည့်လာကြတယ်။ ဒီဘက် ကား ဈေးကွက်ထဲမှာလည်း ဖောက်စွပ်ပြဿနာ၊ အခွန်အခပြဿနာ နဲ့ ရန်ကုန်လိုင်စင်ကို သတ်မှတ်ချက်စနစ်တစ်ခုနဲ့ ချထား ပေးမှုအပေါ် ကြန့်ကြာနေတာတွေရှိတယ်။ ဒါကြောင့် ဈေးကွက်မှာ အရောင်းအဝယ်ဖြစ်တာနဲ့ ပြည်တွင်း ထုတ် ကားသစ်တွေ အရောင်းအဝယ်ဖြစ်တာက သိပ်မကွာတဲ့ ပမာဏတစ်ခု ဖြစ်လာနေတယ်"ဟု ကားဝယ်ရောင်း ကိုကျော်ဇေယျာဝင်းက ပြောသည်။

ဂျပန်တစ်ပတ်ရစ် ကားများသည်လည်း ဈေးကွက်အတွင်း ကားကောင်း ကားသန့်များ ရှားပါးလာနေပြီး ကြိုက်ရောင်း ကြိုက်ဝယ် အနေအထားသာ တွေ့နေရကြောင်း ကားလောက အတွင်းက သိရှိရသည်။ သို့သော် ဈေးနှုန်းများမှာ မြင့်တက်ခြင်းလည်းမရှိ၊ ကျဆင်းခြင်းလည်းမရှိဘဲ တည်ငြိမ်နေ သေးကြောင်း ကားလောကသားများက ပြောသည်။

"ဆူဇူကီးက မော်ဒယ်လ်အသစ်တစ်ခုကို မကြာမီမှာ ရောင်းချပေးမယ်လို့ ဒီရက်ပိုင်းအတွင်းမှာပဲ ကြေညာထားခဲ့ပြီး တဲ့နောက်မှာ အများစုက ကားသစ် စီးလိုတဲ့ မျှော်လင့်ချက်က ပိုပြီးကြီးမားလာတယ်။ ဝယ်လက်အများစုကတော့ တောင်တက် ခရီးကြမ်းမဟုတ်တဲ့အတွက် သင့်တော်ပြီး အဆင့်အတန်းပြည့်မီ တဲ့ ကားသစ်တွေကိုပဲ ပိုပြီးရွေးချယ်နိုင်တယ်"ဟု ကားဝယ်ရောင်း လုပ်ကိုင်သူ ကိုသက်က ပြောသည်။

မည်သို့ပင် ပြည်တွင်းထုတ်ကားများ ဈေးကွက်နေရာယူလာ သော်လည်း အင်ဂျင်ပါဝါမြင့် ကားကောင်းများစီးနင်းလိုသည့် ဝယ်လက်များအတွက်လည်း ပြည်ပတင်သွင်းမှုက ရပ်တည်နေ နိုင်ဦးမည်ဟု ခန့်မှန်းကြသူများလည်းရှိသဖြင့် ယခုကတည်းက ကားကြီးများနှင့် ပါဝါမြင့် နာမည်ကျော်အမှတ်တံဆိပ်ကားများ ကို ကြိုတင်စုဆောင်းဝယ်ယူထားကြသူများလည်း ရှိကြောင်း ဈေးကွက်အတွင်းက သိရှိရသည်။

သက်တမ်း ၂၀ ယာဉ်အို ယာဉ်ဟောင်းအပ်နှံခွင့်ရ စလစ် တစ်စောင်၏ ဈေးနှုန်းမှာ ငွေကျပ်သိန်း ၁၃၀ ဝန်းကျင်ရှိနေပြီး လက်ရှိဈေးကွက်တွင် အင်ဂျင်ပါဝါ ၁၃၀၀ စီစီ ကားများသည် ဆက်လက်၍ ပုံမှန်နီးပါး အနည်းငယ်စီ အရောင်းအဝယ် ဆက်လက်ဖြစ်နေကြောင်းလည်း သိရသည်။

## တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် ကားဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ်လ် | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Probox | 2012 | ရန်ကုန် | 1300cc | ရှိုးရွန်း | ၂၂၀ |
| Surf | 2004 | မန္တလေး | 2700cc | အပြင်ဈေး | ၄၆၀ |
| Wish | 2010 | ရန်ကုန် | 1800cc | အပြင်ဈေး | ၄၅၅ |
| RAV | 2011 | စတီ | 1800cc | အပြင်ဈေး | ၄၀၀ |
| Belta | 2009 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၈၀ |
| Insight | 2012 | နယ် | 1300cc | အပြင်ဈေး | ၂၇၀ |
| MarkX | 2004 | ရန်ကုန် | 2500cc | အပြင်ဈေး | ၂၅၀ |
| Fit | 2012 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၈၀ |
| HI Ace | 2009 | နယ် | 2700cc | အပြင်ဈေး | ၃၅၀ |
| Alphard | 2005 | ရန်ကုန် | 3000cc | အပြင်ဈေး | ၄၅၀ |

ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။

---

### ကွန်တိန်နာယာဉ်များနှင့် ပြည်သူတို့၏အသံ . . . မှ

ထုတ်ပြန်ခွင့်ပြုခဲ့ကြောင်း၊ သို့သော် ကုမ္ပဏီများက ပုဂ္ဂလိက လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးရာ ကုမ္ပဏီသို့ တင်ပြခဲ့မှုအပေါ် မြန်မာနိုင်ငံ ကုန်သေတ္တာတင် မော်တော်ယာဉ်များအသင်း၏ တင်ပြချက်အရ တိုင်းဒေသကြီးအစိုးရအနေဖြင့် ၂၅-၅-၂၀၁၈ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်ရေးကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးအရ ကုန်တင်ယာဉ်ကြီးများ၊ ကုန်သေတ္တာ ယာဉ်ကြီးများကို ဘုရင့်နောင်လမ်းမနှင့် ကမ်းနားလမ်းမတွင်း အဆင်ပြေစွာ သွားနိုင်ရေးအတွက် ဘုရင့်နောင်လမ်းနှင့် ပုလဲလမ်းဆုံမှ မြို့တွင်းကုန်သေတ္တာယာဉ်ဝင်းများသို့ နံနက် ၁၁ နာရီမှ ၁၂ နာရီအထိ ယာဉ်တန်းဖြင့် ထွက်ခွာ၍ ၁၂ နာရီ နောက်ဆုံးထား ထွက်ခွာရန်၊ ကမ်းနားလမ်း(ကွန်ကရစ်လမ်း) ဟုမ်းလမ်းထိပ်တွင် မွန်းလွဲ ၁ နာရီယာဉ်တန်းဖြင့် စတင်ထွက်ခွာ ၍ နှစ်နာရီ နောက်ဆုံးထွက်ခွာကြရန် သတ်မှတ်ပေးခဲ့ပြီး သတ်မှတ်ချိန်မဟုတ်ဘဲ မောင်းနှင်နေသော ယာဉ်ကို ဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်း ပြောကြားသည်။

#### ထိရောက်စွာအရေးယူရေး

ထို့အပြင် ကုန်သေတ္တာယာဉ်ကြီးများ ညဘက်သာ သွားလာ စေမည်ဆိုပါက ဆန်များဝင်ရောက်ခြင်း၊ နိုင်ငံခြားမှ ကုန်များ ဝင်ရောက်လာခြင်း စသည်တို့တွင် ကုန်စည်သယ်ယူပို့ဆောင် ရေးအခက်အခဲများ ဖြစ်သည့်အတွက် ယခုကဲ့သို့ နေ့အချိန် ယာဉ်တန်းများဖြင့် စနစ်တကျ စီစဉ်မောင်းနှင်စေခြင်းဖြစ် ကြောင်း၊ သတ်မှတ်ချိန်မဟုတ်ဘဲ မောင်းနှင်ပါက တာဝန်ရှိသူ တို့က ထိရောက်စွာ ဖမ်းဆီးအရေးယူဆောင်ရွက်မည့်အပြင် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရေးအတွက်ကိုပါ ကုန်သေတ္တာတင် ယာဉ်အသင်းမှ တာဝန်ရှိသူများနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့တို့က အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိနေကြောင်း ဖြေကြားမှုကို သိရသည်။

#### စည်းကမ်းမဲ့မောင်းနှင်တဲ့ကွန်တိန်နာယာဉ်

ကြည့်မြင်တိုင်မြို့နယ် ဈေးကလေးရပ်ကွက်မှ ဒေါ်တင် လှဝင်းက "အစိုးရအနေနဲ့ကတော့ အဘက်ဘက်ကကြည့်ပြီး ဆောင်ရွက်ရတာဆိုတော့ မပြောလိုတော့ပါဘူး၊ ဒါပေမယ့် စည်းကမ်းမဲ့မောင်းနှင်နေတဲ့ ကွန်တိန်နာယာဉ်တွေကိုတော့ ထိထိရောက်ရောက် အရေးယူစေချင်ပါတယ်။ တစ်စီးနဲ့တစ်စီး အပြိုင်လုမောင်းတာတို့၊ လိုင်စင်မပြည့်မစုံနဲ့ အသက်ငယ်ငယ် လေးတွေကို မောင်းခိုင်းတော့ အမြဲပြဿနာဖြစ်နေမှာပဲ"ဟု သူ့အမြင်ကို ဖွင့်ဟခဲ့သည်။

အလုံဆင်မင်းရပ်ကွက်မှ အငှားယာဉ်မောင်း ဦးကံအေးက "သူတို့ ကွန်တိန်နာတွေ တန်းလာရင် ခပ်ဝေးဝေးက ရှောင်တယ်၊ ဘယ်တော့မှ အရှိန်မလျှော့ဘူး၊ အတင်းလမ်းလုမောင်းကြ လွန်းလို့"ဟု ဆိုခဲ့သည်။

#### အလေးအနက်ထားဆောင်ရွက်သင့်

ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းမှ ဦးကျော်ဟိုးက "အမှန်တော့ ဒီလိုများပြားတဲ့ ကွန်တိန်နာတင်ယာဉ်တွေကို အများပြည်သူတွေသွားတဲ့ ကုန်းလမ်းက မဟုတ်ဘဲ လမ်းကြောင်းတူ မြစ်ကြောင်းကနေ သယ်ယူပို့ဆောင်သင့်တယ်၊ ဒါမှသာ အများပြည်သူတွေအတွက် အန္တရာယ်ကင်း နိုင်တယ်။ ကွန်တိန်နာသွားရာ လမ်းတစ်လျှောက်မှာရှိတဲ့ အိမ်တွေအနေနဲ့လည်း စိုးတထိတ်ထိတ်နဲ့ နေနေရတဲ့ ဘဝက လွတ်ကင်းမယ်၊ အစိုးရအနေနဲ့ ဒီအချက်ကို အလေးအနက်ထား ဆောင်ရွက်သင့်ပါတယ်" ဟု အကြံပြု ပြောကြားမှုလည်း ရှိခဲ့သည်။ ။

---

**အချပ်ပို(ဂ)မှ**

တွေ့မြင်ရခြင်းပင်ဖြစ်သည်။ တိုင်းရင်းသားရှစ်မျိုး၏ အိမ်များ ရှေ့တွင် အိမ်ပုံစံအမှိုက်ပုံးများကို လှပ သေသပ်စွာထားရှိသည် မှာ တိုင်းရင်းသားကျေးရွာ၏ဂုဏ်ကို ပို၍ပေါ်လွင်စေလျက် ရှိသည်။ ရခိုင်ကျေးရွာနှင့် ကပ်လျက်တွင် မွန်ကျေးရွာရှိပြီး ကျိုက်ထီးရိုးစေတီတော်ကို မွန်ပြည်နယ်၏ ကျက်သရေဆောင် အဖြစ် တည်ထားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ရခိုင်ရွာ၏ နောက်ကျောဘက်လမ်းတွင် ချင်းရွာရှိပြီး ချင်း ပြည်နယ်၏ဂုဏ်ဆောင် ရိဒ်ရေကန်ကို မြက်ခင်းစိမ်းစိမ်းနှင့် အတူ ပြသထားသည်။ ချင်းရွာတွင် ရိုးရာပုံများ၊ အသုံးအဆောင် ပစ္စည်းများနှင့် ကတိသစ္စာတိုင်လုံးကိုလည်း ပြသထား သည်။ ချင်းရွာ၏ လမ်းအတိုင်း ဆက်လက်လျှောက်လှမ်းပါက ကချင်မနောတိုင်များ လှပစွာစိုက်ထူထားသော ကချင်အိမ်ကို သပ်ရပ်စွာ တည်ဆောက်ထားသည်ကို တွေ့မြင်ရမည်ဖြစ် သည်။

ကချင်ရွာနှင့် ကပ်လျက်တွင် ခါကာဘိုရာဇီတောင်ကို ထွင်းထုပြသထားရာ ကြိုးဆိုင်းများဖြင့် သွယ်တန်းထားသော ကြိုးတံတားပေါ်၌ လူငယ်များ အုပ်စုဖွဲ့ ပျော်ရွှင်စွာသွားလာကြ လျက်ရှိသည်။ မွန်ရွာနှင့် မျက်နှာချင်းဆိုင်တွင် ကရင်ရွာရှိပြီး ကြီးမားသောဖားစည်ကြီးကို ပြသထားသည်။ ကရင်ရွာအနီး၌ ဇွဲကပင်တောင်ကြီးကို ပြသထားရာ ကရင်ပြည်နယ်၏အလှကို ဇွဲကပင်တောင်ကြီး ဖမ်းစားထားသည့်ပမာ တွေ့မြင်ရမည်ဖြစ် သည်။ ထိုဇွဲကပင် တောင်အနီးရှိ လမ်းမှာ ပဲခူးမြစ်ကမ်း တစ်လျှောက် ပတ်လမ်းနှင့်တွေ့ဆုံပြီး ထိုပတ်လမ်းအတိုင်း ဆက်လက်လျှောက်လှမ်းပါက အင်းလေးကန်ကြီးကို တွေ့မြင် ရမည်ဖြစ်သည်။

ထိုအင်းလေးကန်ပတ်လည်တွင် သစ်ပင်များဖြင့် စိမ်းစို လန်းဆန်းလျက် ခုံတန်းလျားများပေါ်၌ အေးချမ်းစွာအနားယူ သူတို့ဖြင့် ပြည့်လျက်ရှိသည်။ ကန်အတွင်း ငန်းအရုပ်ကို ခြေထောက်ဖြင့်နင်း၍ စိတ်လက်အပန်းဖြေသူများ လည်း တွေ့မြင်ရမည်ဖြစ်သည်။ အင်းလေးကန်ထိပ်တွင် မြန်မာပြည်၌ ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် ဆလုံလူမျိုး တို့၏ပြခန်းကို သပ်ရပ်လှပစွာပြသထားသည်ကို တွေ့မြင်ရမည် ဖြစ်သည်။ ရေပြင်တွင်ရှိသော ဆလုံ(မော့ကင်း) လှေပေါ်၌ မိသားစုနှင့်အတူ ခွေးတစ်ကောင်ကိုပါ နေစရာအိမ်အဖြစ် ပြသ ထားသည်မှာ အသက်ဝင်လှသည်။

ဆလုံပြခန်းအနီး ကမ်းရိုးတန်းသွားသင်္ဘောကြီးအနီးတွင် ငွေတောင်ဆည်နှင့် တောင်ကွဲစေတီတော်ကို ပြသထားပြီး ထိုတောင်ကွဲစေတီအနီးတွင် ကယားရွာကို ပြသထားသည်။ ကယားရွာနှင့် ငွေတောင်ဆည်မှာ လိုက်ဖက်ညီလှပလျက်ရှိသည်။ ကယားရွာအနီးတွင် ရှမ်းရွာရှိပြီး ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအတိုင်း ထားရှိပြသကာ ရှမ်းအင်္ကျီ၊ လွယ်အိတ် နှင့် အမှတ်တရပစ္စည်းများ စုံလင်စွာ ရောင်းချသည့်ဆိုင်ကို တွေ့ရမည်ဖြစ်သည်။

တိုင်းရင်းသားကျေးရွာတွင် ယုန်အိမ်၊ မိကျောင်းအိမ်၊ ငှက်အိမ်နှင့် သမင်ခြံတို့ကိုပြသထားပြီး ပြည်တွင်း၊ ပြည်ပ ဧည့်သည်များ အများဆုံးကြည့်ရှုသောနေရာမှာ သမင်ခြံပင် ဖြစ်သည်။ နိုင်ငံခြားသားများ စိတ်ဝင်စားသည်အထိ သမင်အုပ် ကလည်း ယဉ်ပါးလျက်ရှိသည်။

တိုင်းရင်းသားကျေးရွာများသို့ သွားလာသောလမ်းတိုင်း တွင် သစ်ပင်များအုပ်ဆိုင်းနေ၍ လာရောက်လည်ပတ်သူ အပေါင်းမှာ အပူဒဏ်ကိုကာကွယ်ပြီးဖြစ်ရာ လာမည့်ပွင့်လင်း ရာသီတွင် အပူဒဏ်ရှောင်ရာ၊ မိသားစုလိုက် အပန်းဖြေအနားယူ ရာနေရာတစ်ခုအဖြစ် တွေ့မြင်ရမည်ဖြစ်သည်။

သမိုင်းအစဉ်အဆက် မှီတင်းနေထိုင်သော တိုင်းရင်းသား လူမျိုးတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတို့ကို တစ်နေရာတည်းတွင် တွေ့မြင်ရမည့်အပြင် ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးကို ရှင်သန်နိုးကြားစေသော ဤတိုင်းရင်း သားကျေးရွာတွင် ရန်ကုန်မြို့ပြနေပြည်သူများနှင့် အနီးဝန်း ကျင်ဒေသမှ ပြည်သူများ လာရောက်အပန်းဖြေ အနားယူခြင်းဖြင့် စိတ်လက်အပန်းဖြေပျော်ရွှင်စေပြီး တိုင်းရင်းသားညီအစ်ကို မောင်နှမများ ဥမကွဲသိုက်မပျက် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာပါစေကြောင်း ရေးသား လိုက်ရပါသည်။ ။